# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကောင်းမှုပြည့်၏**

အနည်းငယ်သောကောင်းမှုသည် (ငါ့အား) အကျိုးသက်ရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၁၂၂)


၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၄၀)


## အစိုးရအဖွဲ့သစ်အပေါ် ပြည်သူလူထုသာမက နိုင်ငံတကာအသိုက်အဝန်းကပါ နားလည်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နေ

စာမျက်နှာ-၃



## လက်တွေ့အကျိုးရှိမည့် စီမံချက်များဖြင့် ရခိုင်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

စာမျက်နှာ-၈

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမျိုးသားပြတိုက်(နေပြည်တော်)အား ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၃၁**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများနှင့် သမိုင်းကြောင်းဆိုင်ရာ ပစ္စည်းများကို ခင်းကျင်းပြသရာတွင် အထောက်အထားခိုင်ခိုင်မာမာဖြင့် ပြသရန်နှင့် ပြတိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နေပြည်တော်ဥတ္တရသီရိမြို့နယ် အမျိုးသားပြတိုက်(နေပြည်တော်)၌ ကြည့်ရှုစစ်ဆေးစဉ် ပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းက အမျိုးသားပြတိုက်(နေပြည်တော်)သို့ ရောက်ရှိပြီး ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်(ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်)ပြခန်း၊ သမိုင်းတင် ခေတ်ဦး(ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစု) ပြခန်း၊ သမိုင်းတင်ခေတ် (အေဒီ ၁၁-၁၄ ရာစု) ပြခန်းများကို လှည့်လည်ကြည့်ရှုရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ်

*စာမျက်နှာ ၅ ကော်လံ ၃* ❍

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥတ္တရသီရိမြို့နယ် အမျိုးသားပြတိုက်(နေပြည်တော်)၌ ကြည့်ရှုစစ်ဆေးစဉ်** (သတင်းစဉ်)

# လာမည့်နွေရာသီ ရန်ကုန်တွင် ဓာတ်အားမဂ္ဂါဝပ် ၄၀၀ ကျော် ထပ်မံရရှိရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ ကြိုးပမ်းမည်


**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**

**ရန်ကုန် မေ ၃၁**

လာမည့်နွေရာသီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးလုံလောက်စွာ ရရှိနိုင်ရန်အတွက် မဂ္ဂါဝပ် ၄၀၀ ကျော် ထပ်မံဖြည့်ဆည်းပေးနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

"အခုနှစ်ပြီးခဲ့တဲ့ နွေရာသီမှာ ရန်ကုန်မြို့ရဲ့ လျှပ်စစ်ပြတ်တောက်မှုဟာ တော်တော်လေးကို ပြဿနာတစ်ရပ်အဖြစ် ရုန်းကန်ခဲ့ရပါတယ်။ အကြောင်းကတော့ သက်တမ်းကြာမြင့်ပြီဖြစ်တဲ့ မြေအောက်လိုင်းတွေကြောင့်ရော၊ တည်ဆောက်ခဲ့တဲ့ နည်းစနစ်တွေရဲ့ အားနည်းမှုတွေကြောင့်ပါ။ နောက်ပိုင်းဒီလိုအပ်ချက်တွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ရေရှည်တည်တံ့ဖို့ လုပ်ဆောင်ကြိုးပမ်းသွားပါမယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့က ဓာတ်အားထုတ်လုပ်မှုကို ကိုင်တွယ်ရတာမဟုတ်ပါဘူး။ ဖြန့်ချိပေးမှုအပိုင်းကိုပဲ ကြီးကြပ်ကွပ်ကဲ ပေးရတာဖြစ်တယ်။ ဒါပေမယ့် လာမယ့်နွေရာသီမှာတော့ ရန်ကုန်တိုင်းဒေသကြီးအတွက် မဂ္ဂါဝပ် ၄၀၀ ကျော်လောက်

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖






မြန်မာ့အလင်း

# တိုင်းရင်းသားအရေးနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

အစိုးရသစ်လက်ထက်ဖွဲ့စည်းခဲ့သော ဝန်ကြီးဌာန ၂၁ ခုတွင် တိုင်းရင်းသားရေးရာဝန်ကြီးဌာနတစ်ခု ပါဝင်ခဲ့သည်။ ၎င်းဝန်ကြီးဌာနကို မူလက တိုင်းရင်းသားရေးရာဝန်ကြီးဌာနဆိုရာမှ ယခုတိုင်းရင်းသားအားလုံးကို ကိုယ်စားပြုရာရောက်စေရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအဖြစ် ပြောင်းလဲခေါ်ဝေါ်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ ယခုယူဆချက်များအရ ထိုတိုင်းရင်းသားများတွင် ဗမာလူမျိုးကြီးသည်လည်း တိုင်းရင်းသားတစ်မျိုးအဖြစ် ပါဝင်နေပါသည်။

တိုင်းရင်းသားများအရေးကို သီးခြားဆောင်ရွက်ပေးနိုင်မည့် ပုံစံတစ်ရပ်ကို ရှာဖွေခဲ့ခြင်းမှာ အောင်ဆန်း-အက်တလီစာချုပ်ကတည်းက ဟုဆိုရမည်ဖြစ်သည်။ ၎င်းစာချုပ်၏ နယ်ခြားဒေသများဆိုသော အခန်းတွင် "နယ်ခြားဒေသကိစ္စများပေါ်တွင် ဘုရင်ခံမင်းကြီးကို အကြံပေးရန်နှင့် အမှုဆောင်ကောင်စီနှင့် ရင်းနှီးစွာဆက်ဆံရန် နယ်ခြားကိုယ်စားလှယ်ခန့်ထားခြင်းဖြင့် လည်းကောင်း (သို့မဟုတ်) နယ်ခြားကိစ္စများကို အုပ်ချုပ်သောဝန်ကြီးအဖြစ်ဖြင့် နယ်ခြားဒေသကိုယ်စားလှယ်တစ်ဦး ခန့်ထားခြင်းဖြင့်လည်းကောင်း" ဆိုပြီး ဖော်ပြပါဝင်ခဲ့ခြင်းဖြစ်သည်။


ထို့အတူအောင်ဆန်း-အက်တလီစာချုပ်၏ အဆက်ဖြစ်သည့် ပင်လုံစာချုပ်တွင်လည်း တောင်တန်းသားများ၏ ကိုယ်စားလှယ်တစ်ဦးကို ဘုရင်ခံကရွေးချယ်ပြီး နယ်စပ်ဒေသကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ရန်အတွက် ဘုရင်ခံ၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်ထားရန်၊ ထို့နောက် "အဆိုပါအတိုင်ပင်ခံပုဂ္ဂိုလ်ကို ၎င်းလူမျိုးချင်းမတူသော ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးက ကူညီစေရမည်။ ရှေးဦးစွာ ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးတို့သည် ၎င်းတို့အသီးသီးသက်ဆိုင်သည့်နယ်များ၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖြစ်၍ အတိုင်ပင်ခံပုဂ္ဂိုလ်မှာ အခြားနယ်စပ်ဒေသအားလုံးတို့၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်လည်းဖြစ်သည်"ဟု ဖော်ပြထားခြင်းဖြစ်သည်။

၁၉၅၅ ခုနှစ် အစိုးရဖွဲ့စည်းပုံတွင် ဝန်ကြီးဌာန ၂၄ ခုရှိရာတွင် 'အမျိုးသားစည်းလုံးညီညွတ်ရေးဝန်ကြီး'ဟူ၍ တစ်နေရာပါဝင်ခဲ့ပြီး ဆမားဒူးဝါးဆင်ဝါးနောင်က ဝန်ကြီးတာဝန်ယူခဲ့သည်ကို တွေ့ရသည်။ ထိုဝန်ကြီးနေရာမှာ ယခုဖွဲ့စည်းသော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် အလားသဏ္ဌာန်တူဌာနဟု ယူဆရသည်။ ထို့နောက်ပိုင်းခေတ်များတွင်မူ သက်ဆိုင်ရာတိုင်း/ပြည်နယ်များတွင် သက်ဆိုင်ရာလူမျိုးများ ခန့်ထားခဲ့ခြင်းရှိသော်လည်း လူမျိုးများအားလုံးကိုခြုံငုံ၍ သက်ရောက်စေမည့် ဝန်ကြီးဌာနမျိုးမရှိခဲ့ပေ။ မဆလအစိုးရလက်ထက် ၁၉၈၀ လောက်က KIA နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် KIA ဘက်မှ ထိုဝန်ကြီးဌာနနှင့် အလားသဏ္ဌာန်တူ ဝန်ကြီးဌာနမျိုး ဖွဲ့စည်းပေးရန် တင်ပြချက်တစ်ခုပါဝင်ခဲ့သည့်မှတ်တမ်းများတွေ့ရသည်။

ယခု တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဖွဲ့စည်းနိုင်ခြင်းမှာ ခေတ်အဆက်ဆက်က လိုအပ်လာသော လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးနိုင်ခြင်းဟု ယူဆနိုင်ပါသည်။ ယခု ထိုဝန်ကြီးဌာနကို လူအင်အား ၁၁၀၀ ကျော်၊ ဦးစီးဌာနနှစ်ခုဖြင့် ဖွဲ့စည်းရန် စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ၎င်းဦးစီးဌာနနှစ်ခုမှာ တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဌာနနှင့် တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ဖွံ့ဖြိုးတိုးတက်ပြီး လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိလာစေရန် ဆောင်ရွက်မည့် ဌာနဟူ၍ ဖြစ်သည်။

တိုင်းရင်းသားရေးရာများနှင့် ပတ်သက်၍ 'တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ' တစ်ရပ်ကို ၂၀၁၅ ဖေဖော်ဝါရီလက ပြဋ္ဌာန်းခဲ့ခြင်းရှိခဲ့သည်။ ဝန်ကြီးဌာနများတွင်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနတစ်ခုရှိနေပြီး သက်ဆိုင်ရာ တိုင်း/ပြည်နယ်များတွင်လည်း သက်ဆိုင်ရာ တိုင်းရင်းသားရေးရာဝန်ကြီးများရှိနေပါသည်။ ထိုရှိပြီး ဝန်ကြီးဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်ရမည့် အစီအစဉ်များလည်း ခိုင်မာစွာရှိရန်လိုအပ်ပါသည်။ ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင်များနှင့်ပါ ထိတွေ့ဆက်ဆံပြီး ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ပါဝင်ကူညီနိုင်မှုလည်း ရှိရန် လိုပါသည်။

အားလုံး၏ရည်မှန်းချက်ပန်းတိုင်မှာ သမ္မတမိန့်ခွန်းပါအတိုင်း ဒီမိုကရေစီအခြေခံသော ဖက်ဒရယ်နိုင်ငံတစ်ခု ပေါ်ထွန်းရေးဖြစ်သည်။ ထိုဦးတည်ချက်သို့သွားရာ ဖြစ်စဉ်တစ်လျှောက်လုံးတွင်လည်း ထင်သာမြင်သာသောရလဒ်များပေါ်ထွက်အောင် ကြိုးပမ်းရမည်ဖြစ်ရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် အရေးကြီးသောနေရာမှ ပါဝင်လာမည်ဟု မျှော်လင့်ရပါကြောင်း ရေးသားရပါသည်။




## ရပ်ကွက်ခြောက်ခုတိုးချဲ့ဖွဲ့စည်း

**လွိုင်ကော် မေ ၃၁**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ကျေးရွာငါးရွာနှင့် တိုးချဲ့ကွက်သစ်တစ်ခုတို့အား ပြည်ထဲရေးဝန်ကြီးဌာနမှစတင်ကာ ယနေ့ထိ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလျက်ရှိကြောင်း သိရသည်။

တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သော ကျေးရွာနှင့်တိုးချဲ့ကွက်သစ်များမှာ ပန်ကန်းကျေးရွာအုပ်စုအတွင်းရှိ နမ့်ဘော်ဝမ်(ရှမ်း)ကျေးရွာ၊ နမ့်ဘော်ဝမ်(ဂေါ်ရခါး)ကျေးရွာ၊ ဇေ ၅၀၀ ကျေးရွာ၊ ချိကယ်ကျေးရွာအုပ်စုအတွင်းရှိ ထေးသမကျေးရွာနှင့် နမ့်ကွတ်ကျေးရွာ၊ နောင်ယား(က)ရပ်ကွက်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် နာနတ်တောကွက်သစ်တို့ဖြစ်ကြပြီး နမ့်ဘော်ဝမ်(က)ရပ်ကွက်၊ နမ့်ဘော်ဝမ်(ခ)ရပ်ကွက် ဇေ ၅၀၀ ရပ်ကွက်၊ ထေးသမရပ်ကွက်၊ နမ့်ကွတ်ရပ်ကွက်နှင့် နာနတ်ရပ်ကွက်တို့ဖြစ်သည်။

မူလကလွိုင်ကော်မြို့တွင် ရပ်ကွက် ၁၃ ရပ်ကွက်ရှိခဲ့ရာမှ ယခုအခါရပ်ကွက်ခြောက်ခုကို ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သဖြင့် ရပ်ကွက်စုစုပေါင်း ၁၉ ရပ်ကွက်ရှိပြီဖြစ်သည်။ ယခုအခါ လွိုင်ကော်မြို့တွင် လူနေအိမ်ခြေများ တိုးချဲ့တည်ဆောက်ကြသောကြောင့် အိမ်ခြံမြေများဈေးကောင်းရရှိနေကြပြီး တိုးချဲ့တည်ဆောက်ကြသော အိမ်ခြေများမှာ မြို့၏အနီးဝန်းကျင်ရှိ ကျေးရွာများနှင့်နယ်နိမိတ်ချင်းထိစပ်ကုန်ကြပြီဖြစ်သည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ ကျေးရွာများကဲ့သို့ လွိုင်ကော်မြို့နှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော ကျေးရွာအချို့ကျန်ရှိနေသေးရာ မကြာမီကာလတွင် အဆိုပါကျန်ရှိနေသော ကျေးရွာများကိုလည်း လွိုင်ကော်မြို့၏ ရပ်ကွက်များအဖြစ် ပြောင်းလဲသတ်မှတ်ဖွယ်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

## တရားစီရင်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

**ဘားအံ မေ ၃၁**

ကရင်ပြည်နယ် တရားလွှတ်တော်မှ ကျင်းပသော တရားရေးအရာရှိများ၏ တရားစီရင်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို မေ ၂၉ ရက်က ကရင်ပြည်နယ် တရားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါစာတမ်းဖတ်ပွဲတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက အမှာစကားပြောကြားပြီး**(ယာပုံ)** စာတမ်းရှင် ဘားအံခရိုင်တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်က Court Dispute Resolution: A One -Stop Judicial Training On Alternative Dispute Resolution စာတမ်းကို ဖတ်ကြားရှင်းလင်းတင်ပြသည်။ ထို့နောက် စာတမ်းဖတ်ပွဲကို တက်ရောက်လာကြသော ပြည်နယ်တရားလွှတ်တော် တရားသူကြီးနှင့် ပြည်နယ်တရားလွှတ်တော်မှ တရားရေးအရာရှိများ၊ ခရိုင်/မြို့နယ် တရားရုံးများမှ တရားသူကြီးများက သိလိုသည်များကို




မေးမြန်းကြရာ စာတမ်းရှင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်သည် မေ ၃၀ ရက်တွင် ပြည်နယ်တရားလွှတ်တော်မှ ရုံးအဖွဲ့မှူး၊ ဘားအံခရိုင် တရားသူကြီး၊ ဘားအံမြို့နယ်တရားရုံးမှ တွဲဖက်မြို့နယ်တရားသူကြီးတို့လိုက်ပါ၍ ဘားအံအကျဉ်းထောင်ရှိ အချုပ်သူ အချုပ်သား၊ အကျဉ်းသူ အကျဉ်းသားများအား တွေ့ဆုံပြီး ပြည်ထောင်စု တရားစီရင်ရေးဥပဒေ ပုဒ်မ ၆၈ နှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**

## ယာဉ်မောင်းဝန်ထမ်းများ ယာဉ်တိုက်မှုမဖြစ်စေရေး အထူးပညာပေး

**နေပြည်တော် မေ ၃၁**

မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးမြို့တော် အစိုးရရုံးများဆိုက်ရောက်ရာ နေပြည်တော်ရှိ ဝန်ကြီးရုံးများမှဝန်ထမ်းများ၊ ယာဉ်မောင်းများအား ယာဉ်တိုက်မှုလျော့နည်းစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အထူးဟောပြောခြင်းကို မေ ၃၀ ရက်က ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့အမှတ်(၈) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး စိုးမြင့်ဦးက ရက် ၁၀၀ စီမံချက်အရ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနရှိယာဉ်မောင်းများနှင့် ရုံးဝန်ထမ်းများအားလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနရှိ ယာဉ်မောင်းများနှင့် ရုံးဝန်ထမ်းများအားလည်းကောင်း ယာဉ်စည်းကမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃၁-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၉.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၇.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၆.၄၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |


မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အစိုးရအဖွဲ့သစ်အပေါ် ပြည်သူလူထုသာမက နိုင်ငံတကာအသိုက်အဝန်းကပါ နားလည်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နေ



**နေပြည်တော် မေ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အမေရိကန်ကွန်ဂရက် အောက်လွှတ်တော်၏ဒီမိုကရေစီမိတ်ဖက်အဖွဲ့ဥက္ကဋ္ဌ မစ္စတာပီတာရော့စ်ကမ် ဦးဆောင်သည့်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မစ္စတာပီတာရော့စ်ကမ် က မြန်မာနိုင်ငံအစိုးရအဖွဲ့သစ်အပေါ် ဆန္ဒမဲပေးခဲ့ကြသည့် ပြည်သူများအနေဖြင့် မျှော်လင့်ချက်များစွာထားရှိသည်ကို နားလည်ပါကြောင်း၊ အစိုးရအဖွဲ့သစ်အနေဖြင့် ပြည်သူများအကျိုးရှိမည့်ကိစ္စရပ်များကို ဆောင်ရွက်ရာ၌ အချိန်ယူဆောင်ရွက်ရမည်ကို ပြည်သူများ နားလည်သဘောပေါက်မည်ဟု မိမိအနေဖြင့်ယုံကြည်ပါကြောင်း၊ လွတ်လပ်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်းနှင့် လုံခြုံရေး တို့ကိုလည်း ချိန်ညှိဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည့်အပြင် လွှတ်တော်နှင့်အစိုးရအဖွဲ့တို့အကြား ထိတွေ့ဆက်ဆံမှု၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏အခန်းကဏ္ဍတို့အပေါ် အမြင်ချင်းဖလှယ်ခဲ့သည်။

နိုင်ငံတော်သမ္မတက မိမိတို့အစိုးရသစ်အပေါ် ပြည်သူလူထု၏မျှော်လင့်ချက်ကြီးမားသည်ကို အထူးနားလည်သဘောပေါက်ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပါကြောင်း၊ ပြည်သူများအတွက် ဆောလျင်စွာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမည့်အပြင် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်ကိစ္စများကိုလည်း ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့သစ်အပေါ် ပြည်သူလူထုသာမက နိုင်ငံတကာအသိုက်အဝန်းကပါ နားလည်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ လွှတ်တော်များနှင့်စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံလျက်ရှိပါကြောင်း၊ အမြင်မတူသည့်ကိစ္စရပ်များရှိခဲ့ပါကလည်း အပြုသဘောဆောင်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ယောက်နှင့် တစ်ယောက်၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ယုံကြည်မှုတည်ဆောက်ရေးသည် အရေးကြီးပါကြောင်း၊ လွတ်လပ်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်းနှင့် လုံခြုံရေးတို့သည် ဆက်နွှယ်လျက်ရှိပြီး လွတ်လပ်မှုကို အတိုင်းအတာဘောင်အတွင်းမှ ဆောင်ရွက်နိုင်ရေးအတွက်လည်း အသိပညာပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမေရိကန်နိုင်ငံအပါအဝင် မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးကျော်တင်တို့တက်ရောက်ကြပြီး အမေရိကန် အောက်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး မစ္စတာစကော့အလန်မာရှယ်လည်း တက်ရောက်သည်။

အမေရိကန်ကွန်ဂရက်အောက်လွှတ်တော်၏ ဒီမိုကရေစီမိတ်ဖက်အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သည့်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၏ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို ပိုမိုသိရှိနိုင်ရန် မေ ၂၉ ရက်မှ ဇွန် ၁ ရက်အထိ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် မေ ၃၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် (အလုံမဲဆန္ဒနယ်)၊ ရောင်စဉ်လှိုင်း (Spectrum) နှင့်မြေယာမဏ္ဍိုင် (Land Core Group -LCG) အဖွဲ့မှ လေ့လာသူ ၂၇ ဦး၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ်မှ လေ့လာသူ ကိုးဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးစိုးစံသက်ထွန်း (မြင်းမူမဲဆန္ဒနယ်)၏မိသားစုဝင်တစ်ဦး၊ ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)၏ မိသားစုဝင်များနှင့် မိတ်ဆွေ ခုနစ်ဦး၊ ဦးကျော်စိုးလင်း (ပြည်ကြီးတံခွန်မဲဆန္ဒနယ်) ၏ မိတ်ဆွေခြောက်ဦး၊ ဦးအေးနိုင် (ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်)၏ မိတ်ဆွေတစ်ဦး၊ ဦးဇော်သိန်း(ဝါးခယ်မမဲဆန္ဒနယ်)၏ မဲဆန္ဒရှင်ပြည်သူ ၁၁၈ ဦး စုစုပေါင်း ၁၇၀ တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။
**(သတင်းစဉ်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများ ဝန်ကြီးဌာနများတွင် ဟောပြော

**နေပြည်တော် မေ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းများနှင့် ဆိုင်ကယ်စီးနင်းသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောဆောင်ရွက်မှုအဖြစ် အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ယနေ့တွင် ပညာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ရုံးဝန်ကြီးဌာနတို့တွင် ဟောပြောဆောင်ရွက်ကြသည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများတွင် ဟောပြောရာ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ်ငါးမျိုး ခြေကျင်လမ်းလျှောက်သူ၊ အနှေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်သားများ၊ မီးပွိုင့်နှင့်အဝိုင်းတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမှားအမှန်သရုပ်ပြပုံများ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေများကို အသေးစိတ်ချပြရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင် ၄၀၀ အား ဝေငှခဲ့သည်။
**(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃၁**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာဂေါ်တမ်မူခို ပါဒါယအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။
**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော် အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာဂေါ်တမ်မူခို ပါဒါယအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**
(သတင်းစဉ်)



## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် မေ ၃၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။
**(မြန်မာ့အလင်း)**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၂၃/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**
**(၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်)**

**ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်း**

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **"ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ"** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် — ဥက္ကဋ္ဌ
(၂) ပြည်ထောင်စုဝန်ကြီး, နယ်စပ်ရေးရာဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(၃) ဝန်ကြီးချုပ်, ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — ဒုတိယဥက္ကဋ္ဌ
(၄) ပြည်ထောင်စုဝန်ကြီး, ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၅) ပြည်ထောင်စုဝန်ကြီး, ကာကွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၆) ပြည်ထောင်စုဝန်ကြီး, နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန — အဖွဲ့ဝင်
(၇) ပြည်ထောင်စုဝန်ကြီး, ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၈) ပြည်ထောင်စုဝန်ကြီး, သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန — အဖွဲ့ဝင်
(၉) ပြည်ထောင်စုဝန်ကြီး, စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၀) ပြည်ထောင်စုဝန်ကြီး, ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၁) ပြည်ထောင်စုဝန်ကြီး, သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၂) ပြည်ထောင်စုဝန်ကြီး, လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၃) ပြည်ထောင်စုဝန်ကြီး, အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၄) ပြည်ထောင်စုဝန်ကြီး, စက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၅) ပြည်ထောင်စုဝန်ကြီး, စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၆) ပြည်ထောင်စုဝန်ကြီး, ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၇) ပြည်ထောင်စုဝန်ကြီး, ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၈) ပြည်ထောင်စုဝန်ကြီး, စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၉) ပြည်ထောင်စုဝန်ကြီး, ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၂၀) ပြည်ထောင်စုဝန်ကြီး, လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၂၁) ပြည်ထောင်စုဝန်ကြီး, ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၂၂) ပြည်ထောင်စုဝန်ကြီး, တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်
(၂၃) ပြည်ထောင်စုရှေ့နေချုပ်, ပြည်ထောင်စုရှေ့နေချုပ်ရုံး — အဖွဲ့ဝင်
(၂၄) ဒုတိယဝန်ကြီး, နိုင်ငံခြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၂၅) အမြဲတမ်းအတွင်းဝန်, နိုင်ငံတော်သမ္မတရုံး — အဖွဲ့ဝင်
(၂၆) ဒုတိယဝန်ကြီး, နယ်စပ်ရေးရာဝန်ကြီးဌာန — အတွင်းရေးမှူး
(၂၇) ပြည်နယ်အုပ်ချုပ်ရေးမှူး, ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရခိုင်ပြည်နယ် — တွဲဖက်အတွင်းရေးမှူး

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၂၄/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**
**(၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်)**
**ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် **"ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ

(၁) ပြည်ထောင်စုဝန်ကြီး, ပြည်ထဲရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ
(၂) ဒုတိယဝန်ကြီး, ပြည်ထဲရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(၃) ဒုတိယဝန်ကြီး, ကာကွယ်ရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(၄) စစ်ဦးစီးအရာရှိချုပ်(ကြည်း), ကာကွယ်ရေးဦးစီးချုပ်ရုံး — အဖွဲ့ဝင်
(၅) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး, ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်
(၆) ပြည်နယ်ဥပဒေချုပ်, ပြည်နယ်ဥပဒေချုပ်ရုံး ရခိုင်ပြည်နယ် — အဖွဲ့ဝင်
(၇) ဒုတိယတိုင်းမှူး, အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် — အဖွဲ့ဝင်
(၈) အမြဲတမ်းအတွင်းဝန်, ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၉) အမြဲတမ်းအတွင်းဝန်, အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၀) အမြဲတမ်းအတွင်းဝန်, လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၁) ဌာနချုပ်မှူး, ဧည့်ဝတီရေတပ်စခန်းဌာနချုပ် — အဖွဲ့ဝင်
(၁၂) ဒုတိယရဲချုပ်, မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန — အတွင်းရေးမှူး
(၁၃) ပြည်နယ်အုပ်ချုပ်ရေးမှူး, ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရခိုင်ပြည်နယ် — တွဲဖက်အတွင်းရေးမှူး

(ခ) လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ

(၁) ပြည်ထောင်စုဝန်ကြီး, အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — ဥက္ကဋ္ဌ
(၂) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး, ရခိုင်ပြည်နယ် အစိုးရအဖွဲ့ — အဖွဲ့ဝင်
(၃) စည်ပင်သာယာရေးဝန်ကြီး, ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်
(၄) ပြည်နယ်ဥပဒေချုပ်, ပြည်နယ်ဥပဒေချုပ်ရုံး ရခိုင်ပြည်နယ် — အဖွဲ့ဝင်
(၅) အမြဲတမ်းအတွင်းဝန်, ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၆) အမြဲတမ်းအတွင်းဝန်, ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန — အဖွဲ့ဝင်
(၇) အမြဲတမ်းအတွင်းဝန်, လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၈) ညွှန်ကြားရေးမှူးချုပ်, အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန — အဖွဲ့ဝင်
(၉) ညွှန်ကြားရေးမှူးချုပ်, ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန — အဖွဲ့ဝင်
(၁၀) ညွှန်ကြားရေးမှူးချုပ်, သာသနာရေးဦးစီးဌာန — အဖွဲ့ဝင်
(၁၁) ညွှန်ကြားရေးမှူးချုပ်, လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်
(၁၂) ကွပ်ကဲရေးမှူး, အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ — အဖွဲ့ဝင်
(၁၃) ပြည်နယ်အုပ်ချုပ်ရေးမှူး, ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရခိုင်ပြည်နယ် — အဖွဲ့ဝင်
(၁၄) အမြဲတမ်းအတွင်းဝန်, အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အတွင်းရေးမှူး

(ဂ) ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီ

(၁) ပြည်ထောင်စုဝန်ကြီး, လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ
(၂) ဝန်ကြီးချုပ်, ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — ဒုတိယဥက္ကဋ္ဌ
(၃) ဒုတိယဝန်ကြီး, နယ်စပ်ရေးရာဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(၄) လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး, ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်
(၅) စည်ပင်သာယာရေးဝန်ကြီး, ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်
(၆) အမြဲတမ်းအတွင်းဝန်, လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန — အဖွဲ့ဝင်
(၇) အမြဲတမ်းအတွင်းဝန်, အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်
(၈) အမြဲတမ်းအတွင်းဝန်, ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၉) အမြဲတမ်းအတွင်းဝန်, ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၀) အမြဲတမ်းအတွင်းဝန်, စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၁) အမြဲတမ်းအတွင်းဝန်, ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

*စာမျက်နှာ ၅ သို့*

## နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း

**နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၈ ။)**
**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်**
**( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ကောင်စီဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း

**ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉ ။)**
**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်**
**( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကောင်စီဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စာမျက်နှာ ၄ မှ**

(၁၂) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာ
ဝန်ကြီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်ကြားရေးနှင့်
ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး
ဦးစီးဌာန

(၁၅) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၁၆) ပြည်နယ်အုပ်ချုပ်ရေးမှူး — တွဲဖက်အတွင်းရေးမှူး
ပြည်နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန
ရခိုင်ပြည်နယ်

(ဃ) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ

(၁) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
နိုင်ငံခြားရေးဝန်ကြီးဌာန

(၃) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
နယ်စပ်ရေးရာဝန်ကြီးဌာန

(၄) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

(၅) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — အဖွဲ့ဝင်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(၆) ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် — အဖွဲ့ဝင်
စီးပွားရေးဝန်ကြီး
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(၇) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(၈) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးနှင့်
အားကစားဝန်ကြီးဌာန

(၉) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(၁၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အမျိုးသားမှတ်ပုံတင်နှင့်
နိုင်ငံသားဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဦးစီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်
စီးပွားရေးဦးစီးဌာန

(၁၅) အမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး
နယ်စပ်ရေးရာဝန်ကြီးဌာန

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

❍ *ရှေ့ဖုံးမှ*

အမြဲတမ်းအတွင်းဝန် ဒေါက်တာ ဒေါ်နန္ဒာသွန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အမျိုးသားပြတိုက်(နေပြည်တော်)သည် နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးပေါ်တွင် တည်ရှိပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ဖော်ထုတ်ပြသရန် ကြွယ်ဝပြီး အဆင့်အတန်းမြင့်သည့် မိမိတို့လူမျိုး၏ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာသော ယဉ်ကျေးမှုအမွေ အနှစ်များကို ဖော်ထုတ်ပြသရန်၊ မိမိတို့လူမျိုး၏ Soft power စွမ်းဆောင်ချက် များကိုပြသရန်၊ မိမိနိုင်ငံ၊ လူမျိုး၏ ဂုဏ်ဒြပ်နှင့်ညီသော၊ နိုင်ငံတော်အဆင့်နှင့်ညီသော ပြတိုက်ဖြစ်အောင် တည်ဆောက်ရန်နှင့် ခေတ်မီ၊ ဆွဲဆောင်မှုရှိပြီး အဆင့်အတန်းမြင့်မား၍ ထိန်းသိမ်းမှုစနစ် မှန်ကန်သောပြတိုက်အဖြစ် တည်ဆောက်ရန်ဟူသောရည်ရွယ်ချက်များဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၅ ရက်မှစတင်၍ ပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ပြသလျက်ရှိသည်။

**(သတင်းစဉ်)**

# မြန်မာ - ဂျပန် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Hideo WATANABE အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးမြင့်ဆွေ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Hideo WATANABE အား နှုတ်ဆက်စဉ်**

**(ဓာတ်ပုံ-သတင်းစဉ်)**

✻ *ကျောဖုံးမှ*

အဆိုပါ မြန်မာရေလုပ်သားများကို အိန္ဒိယနိုင်ငံဥပဒေအရ Andman and Nicobar Inlands ရှိ ပို့ဘလဲယား အကျဉ်းထောင်တွင် အရေးယူခြင်းခံခဲ့ရပြီး လွတ်မြောက်လာသည့်အခါ ပြန်လည်ထူထောင်ရေးစခန်း Open Distress Camps တွင် နေထိုင်စေကာ မြန်မာနိုင်ငံသား မှန်ကန်ကြောင်း စိစစ်ပြီးသူများအား နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် နှစ်နိုင်ငံညှိနှိုင်းမှုအရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ပြန်လည်ခေါ်ယူရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြန်မာရေလုပ်သားများကို ပြန်လည်ခေါ်ယူနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများသည် ပို့ဘလဲယားမြို့သို့ အကြိမ်ကြိမ် သွားရောက်၍ အိန္ဒိယအစိုးရနှင့် ညှိနှိုင်းခဲ့ရသည့်အပြင် မြန်မာရေလုပ်သားများ၏ ကျန်းမာရေးကိစ္စရပ်များကိုလည်း ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွဋ်ဦး ဦးဆောင်သည့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ ဥပဒေအရ ပြစ်ဒဏ်ကျခံပြီး Open Distress Camps ၌ ထိန်းသိမ်းထားသည့် မြန်မာရေလုပ်သား ၂၄၉ ဦးကို ပြန်လည်ခေါ်ယူနိုင်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း စင်းလုံးငှားလေယာဉ်ဖြင့် အိန္ဒိယနိုင်ငံ ပို့ဘလဲယားမြို့သို့ သွားရောက်ခဲ့သည်။

ထို့နောက် ပထမသုတ်ပြန်လည်ခေါ်ယူမည့် မြန်မာရေလုပ်သား ၁၂၉ ဦး၏ စာရင်းဇယားများကို အိန္ဒိယနိုင်ငံဆိုင်ရာ နယူးဒေလီမြန်မာသံရုံးမှ သံမှူးကြီး ဦးဇော်နိုင်ဝင်း၊ ကာလကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကောင်စစ်ဝန်ချုပ် ဦးသန်းထွေးတို့က ပို့ဘလဲယားလေဆိပ်ဧည့်ခန်းမ၌ လွှဲပြောင်းပေးအပ်ကြရာ အဖွဲ့ခေါင်းဆောင် ဦးဝင်းထွဋ်ဦးနှင့် တာဝန်ရှိသူများက စိစစ်လက်ခံကြသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့်အဖွဲ့နှင့် မြန်မာရေလုပ်သားများသည် ပို့ဘလဲယားလေဆိပ်မှထွက်ခွာခဲ့ရာ ညနေ ၅ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

မြန်မာနိုင်ငံ ရေလုပ်သားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်း လုပ်ငန်းရှင်များအသင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုအားပေးစကားပြောကြားကာ ထောက်ပံ့ငွေ၊ အဝတ်အထည်များပေးအပ်ပြီး ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းက ခရီးစရိတ်အဖြစ် ငွေကျပ်နှစ်သောင်းခွဲ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ ပြန်လည်ရောက်ရှိလာသည့် ရေလုပ်သားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာ နေရပ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးကြသည်။

ပြန်လည်ခေါ်ယူမည့် ရေလုပ်သား ၂၄၉ ဦးမှာ ပြစ်ဒဏ်ကျခံပြီးသူများဖြစ်ပြီး မြန်မာနိုင်ငံသား စိစစ်ပြီးသူများဖြစ်ကာ ပထမသုတ်တွင် ၁၂၉ ဦးကို ခေါ်ယူခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရေလုပ်သား ၁၂၀ ကို ဇွန် ၂ ရက်တွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းမှ စင်းလုံးငှားလေယာဉ်ဖြင့် ဒုတိယအသုတ် ဆက်လက်ခေါ်ယူမည် ဖြစ်ကြောင်း၊ လေယာဉ်နှစ်ခေါက် ငှားရမ်းခ အမေရိကန် ဒေါ်လာ ၆၈၀၀၀ ကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ကျခံပေးခဲ့သည်။

မြန်မာရေလုပ်သား ၁၂၉ ဦးတွင် ဧရာဝတီတိုင်းဒေသကြီးမှ ၁၀၄ ဦး၊ ရခိုင်ပြည်နယ်မှ ၂၃ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦးတို့ပါဝင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော်  မေ ၃၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အမေရိကန်ကွန်ဂရက် အောက်လွှတ်တော်၏ ဒီမိုကရေစီမိတ်ဖက်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ပီတာရော့စ်ကမ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**





# မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များ ဆက်လက်အားပေးကူညီရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော်  မေ ၃၁**

မြန်မာနိုင်ငံ လွှတ်တော်နှင့် အမေရိကန်ကွန်ဂရက်အောက်လွှတ်တော်တို့အကြား ချစ်ခင်ရင်းနှီးသော ဆက်ဆံရေးဖော်ဆောင်ရန်၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များတွင် ဆက်လက်အားပေးကူညီရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အမေရိကန်ကွန်ဂရက်အောက်လွှတ်တော်၏ ဒီမိုကရေစီမိတ်ဖက်အဖွဲ့ဥက္ကဋ္ဌ မစ္စတာပီတာရော့စ်ကမ်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်မှ ကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အာဆီယံ၏ ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် အတည်ပြုဝင်ရောက်ခြင်းဖြင့် မြန်မာအမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီးနှင့် ဝန်ထမ်းများ အခွင့်အရေးများရရှိမည်



ဒုတိယဝန်ကြီး ဦးကျော်တင်
ရှင်းလင်းတင်ပြစဉ်

**နေပြည်တော်  မေ ၃၁**

မြန်မာနိုင်ငံအနေဖြင့် ယခုသဘောတူစာချုပ်ကို အတည်ပြု ဝင်ရောက်ခြင်းဖြင့် မြန်မာနိုင်ငံမှ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ တာဝန်ပေးစေလွှတ်ခန့်အပ်ထားသည့် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီးနှင့်ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများ ရရှိကြမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က "အာဆီယံ၏ ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်နိုင်ရေး" ကိစ္စနှင့်စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ရှင်းလင်းတင်ပြသည်။

အာဆီယံ၏ ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို ထိုင်းနိုင်ငံ ချာအမ်-ဟွာဟင်းမြို့တွင် ၂၀၀၉ ခုနှစ် အောက်တိုဘာ ၂၅ ရက်က မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ လက်မှတ်ရေးထိုးထားကြောင်း သိရသည်။

ထို့ပြင် ဒုတိယဝန်ကြီးက လာအိုနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည်လည်း ယခု စာချုပ်ကို အတည်ပြုနိုင်ရေးအတွက် ပြည်တွင်း လုပ်ထုံး လုပ်နည်းများကို ပြီးစီးအောင် ဆောင်ရွက်နေပါကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အာဆီယံအသိုက်အဝန်း စတင်ပေါ်ပေါက်လာပြီဖြစ်သည်နှင့်အညီ အာဆီယံနိုင်ငံများအနေဖြင့် ၎င်းတို့ လက်မှတ်ရေးထိုးထားကြသည့် အာဆီယံဆိုင်ရာ သဘောတူစာချုပ်များအနက်မှ အတည်ပြုရန်ရှိသည့် စာချုပ်၊ သဘောတူညီချက်များကို အတည်ပြုရန် လိုအပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း အာဆီယံအဖွဲ့ဝင်ဖြစ်သည့်အတွက် အာဆီယံ၏ ကင်းလွတ်ခွင့်များနှင့် အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ်ကို အတည်ပြုရန် တာဝန်ရှိပါကြောင်း ပြောကြားသည်။

ယခုသဘောတူစာချုပ်ကို အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် ဘရူနိုင်း ဒါရုဆလမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ အတည်ပြုဝင်ရောက်ပြီးဖြစ်ရာ မြန်မာ၊ မလေးရှားနှင့် လာအိုနိုင်ငံတို့သာ အတည်ပြုရန် ကျန်ရှိနေကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူလူထုအား ထိရောက် လုံလောက်စွာပေးနိုင်ရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို တိုးချဲ့ပြင်ဆင် ဖွဲ့စည်းသင့်ကြောင်းအဆို လွှတ်တော်က ဆွေးနွေးရန်သဘောတူ



ရွှေဘိုမဲဆန္ဒနယ်မှ
ဒေါက်တာ အေဇင်လတ် ဆွေးနွေးစဉ်

**နေပြည်တော်  မေ ၃၁**

မြန်မာနိုင်ငံအနေဖြင့် ကာကွယ်ခြင်းလုပ်ငန်းထက် ကုသခြင်းလုပ်ငန်းကို ပိုမိုအလေးထားဆောင်ရွက်သည်ကို တွေ့ရကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ဆေးရုံပေါင်း ၉၀၀ ကျော်ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဆေးရုံပေါင်း ၁၂၀၀ နီးပါး တိုးတက်လာခဲ့ကြောင်း၊ သို့သော်လည်း ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ သူနာပြု၊ သားဖွားသင်တန်းကျောင်း ၄၆ ကျောင်းသာရှိခဲ့ကြောင်း ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ အေဇင်လတ်က ယနေ့ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးပြောကြားသည်။

"ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူလူထုအား ထိရောက်လုံလောက်စွာ ပေးနိုင်ရန် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနကို တိုးချဲ့ပြင်ဆင် ဖွဲ့စည်းသင့်ကြောင်း" ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းစဉ် ထိုသို့ပြောကြားခြင်းဖြစ်ပြီး အဆိုကိုလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူခဲ့သည်။

ထို့ပြင် အဆိုရှင်က ကျောင်းကျန်းမာရေးဌာနများမှာ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ဌာန ၈၀ သာရှိသည့်အတွက် မိမိတို့နိုင်ငံ၏ အနာဂတ်တွင် အရေးကြီးလှသည့် ကျောင်းကျန်းမာရေးကဏ္ဍသည် မြို့နယ်တိုင်းရှိရမည်ဖြစ်သော်လည်း လေးပုံတစ်ပုံသာရှိပါကြောင်း ပြောကြားပြီး ကုသခြင်းထက် ကာကွယ်ခြင်းက ပိုမိုထိရောက်ကြောင်း ထောက်ပြဆွေးနွေးသည်။

အစည်းအဝေးတွင် လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ခင်စည်သူ၏ **ကယားပြည်နယ် လှိုင်ကော်မြို့နယ် လောပိတကျေးရွာအုပ်စုနှင့် မထောခုကျေးရွာအုပ်စုများ ပြည့်စုံစွာ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ စက်ရုံတည်ဆောက်စဉ် ၁၉၆၀ ပြည့်နှစ်မှ ယခုအထိ မီးလင်းရန် စိုက်ထူအသုံးပြုထားသော သစ်သားဓာတ်တိုင်များကို ကွန်ကရစ်တိုင်အဖြစ် အစားထိုးပေးရန် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ကယားပြည်နယ် လှိုင်ကော်မြို့နယ် ဘီလူးချောင်းဓာတ်အားပေးစက်ရုံအနီး လောပိတကျေးရွာအုပ်စု ၁၉ ရွာနှင့် မထောခုကျေးရွာအုပ်စု ကျေးရွာကိုးရွာကို ၁၉၆၀ ပြည့်နှစ်ကစပြီး ဓာတ်အားပေးလျက်ရှိပါကြောင်း၊ တိုးချဲ့နေရာများ လျှပ်စစ်ဓာတ်အားပေးနိုင်ရန်အတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၂၇၉၆၀ အသစ်တိုးချဲ့တည်ဆောက်ပေးရန် လိုအပ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဇရပ်ဖြူနှင့် ရေနီကန်ကျေးရွာနှစ်ရွာအတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၉၇၆၀ တိုးချဲ့တည်ဆောက်ရန် ပြည်နယ်အစိုးရဘတ်ဂျက်တွင် လျာထားပြီး တင်ဒါခေါ်ဆိုရန် စီစဉ်လျက်ရှိပါကြောင်း။

ထို့ပြင် ၄၀၀ ဗို့လိုင်း ပေ ၁၈၂၀၀ နှင့် အစားထိုးလဲလှယ်ရန် သစ်သားတိုင် ၅၈၃ တိုင်တို့အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံဆောင်ရွက်သွားရန် ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်အတွင်း၌ လျှပ်စစ်မီး ပြတ်တောက်နေမှုများ၊ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ မဖြန့်ဖြူးနိုင်ခြင်းများကို မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်၊ လျှပ်စစ်မီး ပြတ်တောက်သည့်အခါ၌လည်း အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ၊ ပုဂ္ဂလိကကုမ္ပဏီအား လွှဲပြောင်းထားသည်ကို အများပြည်သူများ သိရှိရန် သတင်းထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ၎င်းပုဂ္ဂလိကကုမ္ပဏီများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ကျောက်တံတားမြို့နယ်ကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (YESC) ကိုယ်စား ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အာကာစိုးကုမ္ပဏီလီမိတက်က ၂၀၁၅ ခုနှစ် မေလမှစတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီများ၏ တာဝန်မှာ ပြည်သူများအား လျှပ်စစ်ဗို့အားပြည့်ဝစွာ ဓာတ်အားစဉ်ဆက်မပြတ်ရရှိရေး၊ ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၇ သို့*


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမေရိကန်အောက်လွှတ်တော် ဒီမိုကရေစီမိတ်ဖက်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော်  မေ  ၃၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်ကွန်ဂရက် အောက်လွှတ်တော် ဒီမိုကရေစီမိတ်ဖက်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ပီတာရော့စ်ကမ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ၂၁ ရာစု ပင်လုံညီလာခံကျင်းပရေးဆိုင်ရာများတွင် တပ်မတော်မှ ပါဝင်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာ ဆက်ဆံရေးအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမေရိကန်ကွန်ဂရက် အောက်လွှတ်တော် ဒီမိုကရေစီမိတ်ဖက်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ပီတာရော့စ်ကမ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**

# မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော်  မေ  ၃၁**

**"မည်သည့် ဘေးအန္တရာယ်မဆို ကြိုတင်ပြင်ဆင် ရင်ဆိုင်ရမည်"** ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ယနေ့မွန်းလွဲ ၂နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် မမျှော်လင့်သည့် ဘေးအန္တရာယ်ကျရောက်သည့်အချိန်တွင် အမြန်တုံ့ပြန်နိုင်ရေးအတွက် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချပြီး ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းစသည့် အဆင့်လေးဆင့်ပါဝင်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုစနစ်ကို အရည်အသွေးပြည့်မီစွာ တည်ဆောက်၍ တစ်မျိုးသားလုံးပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် ကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကော်မတီအတွင်းရေးမှူး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တက်ရောက်လာကြသူများက သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ဆောင်ရွက်မည့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသအတွင်း အရေးပေါ်အသက်အန္တရာယ်ကျရောက်သူများအား ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဒေသတွင်း နိုင်ငံများအကြား ထိရောက်စွာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးအစီအမံများ စနစ်တကျ အကောင်အထည်ဖော်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်း အမျိုးသားလွှတ်တော် အတည်ပြု

**နေပြည်တော်  မေ  ၃၁**

**ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်း**ကို ယနေ့ကျင်းပသည့် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ခြင်း၊ အသစ်ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများပြုလုပ်၍ အတည်ပြုလိုက်သည်။

ယခုအတည်ပြုလိုက်သည့် ဥပဒေကြမ်း၏ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်အခန်းတွင် "ငြိမ်းချမ်းစွာ စုဝေးခြင်းဆိုသည်မှာ ဤဥပဒေနှင့်အညီ အများပြည်သူဆိုင်ရာနေရာတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ နိုင်ငံသားများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ ရောက်ရှိခြင်း၊ ဟောပြောခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦးချင်းအနေဖြင့် အလားတူ ဆောင်ရွက်ခြင်းလည်း ပါဝင်သည်" ဟူသော စကားရပ်ဖြင့် ပြင်ဆင်အတည်ပြုသည်။

ဥပဒေကြမ်း၏ အသိပေးတင်ပြခြင်းအခန်းတွင် အပိုဒ် ၃ ကို "ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းအခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများသို့မဟုတ် အဖွဲ့အစည်းများသည် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ အောက်ပါအချက်များပါရှိသော အသိပေးတင်ပြချက်ကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ ဆောင်ရွက်မည့်နေ့မတိုင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်၍ စာဖြင့် ပေးပို့တင်ပြရမည်။ စီတန်းလှည့်လည်ရာတွင် ဖြတ်သန်းလိုသည့် မြို့နယ်များရှိပါက သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးများထံ ၄၈ နာရီ ကြိုတင်၍ အသိပေးတင်ပြချက်မိတ္တူကို ပေးပို့ရမည်"ဟု ပြင်ဆင်အတည်ပြုခဲ့သည်။

ထို့ပြင် ဥပဒေကြမ်း၏ စည်းကမ်းသတ်မှတ်ချက်များအခန်း အပိုဒ် ၉ တွင် လူသားအချင်းချင်း မတူကွဲပြားမှုကြောင့် ခွဲခြားနှိမ့်ချခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းတို့ကို ရည်ရွယ်သော အပြုအမူ၊ အပြောအဆိုတို့ကို မပြုလုပ်ရ။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် သူတစ်ဦးဦးအား ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာပေး၍ ပါဝင်စေခြင်း၊ ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာလက်ခံ၍ ပါဝင်ခြင်းတို့ မပြုလုပ်ရ။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းတို့ ပြုရာတွင် သူတစ်ဦးဦးအား ပါဝင်စေရန် ခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ပြုခြင်း၊ အနိုင်အထက် ပြုခြင်း၊ မလျော်သြဇာသုံးခြင်းတို့ မပြုလုပ်ရ။ ဤဥပဒေပါ စည်းကမ်းချက်များနှင့် ဒေသဆိုင်ရာ လိုအပ်ချက်နှင့်အညီ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မပြုရ စသည့် ဖြည့်စွက်ချက်များကို ထည့်သွင်းအတည်ပြုခဲ့သည်။

ထို့အတူ စည်းကမ်းသတ်မှတ်ချက်များ အခန်းတွင် အပိုဒ် ၁၀ အဖြစ် "ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုသူများသည် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ ပြုရာတွင် မည်သည့်လက်နက်တစ်မျိုးမျိုးကိုမျှ ကိုင်ဆောင်ခြင်းမပြုရ၊ လက်နက်တစ်စုံတစ်ရာဖြင့် သူတစ်ဦးဦးအား ဘေးအန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် အကြမ်းဖက်တိုက်ခိုက်ခြင်းမပြုရ"ဟု အသစ်ဖြည့်စွက်အတည်ပြုခဲ့သည်။

ဥပဒေကြမ်း၏ အရေးယူဆောင်ရွက်ခြင်းအခန်းတွင်လည်း အပိုဒ် ၁၂ ကို "ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုနိုင်စေရန်လည်းကောင်း၊ ဘေးအန္တရာယ်မဖြစ်စေရန် လည်းကောင်း ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိ ဦးဆောင်သည့် ရဲတပ်ဖွဲ့က လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ရမည်"ဟု ပြင်ဆင်အတည်ပြုခဲ့သည်။

ပြစ်မှုနှင့် ပြစ်ဒဏ်များအခန်းတွင် အပိုဒ် ၁၈ ကို "မည်သူမဆို ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာသို့ အသိပေးတင်ပြခြင်းမရှိဘဲ ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"ဟု ပြင်ဆင် အတည်ပြုသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို သုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရ အကာအကွယ်ပေးရန်၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန်အတွက် ယခုဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း ယင်းဥပဒေကြမ်း၏ နိဒါန်း၌ ဖော်ပြထားသည်။

**(သတင်းစဉ်)**

**နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို သုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရ အကာအကွယ်ပေးရန်၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန်အတွက် ယခု ဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်**

*စာမျက်နှာ ၆ မှ*

စာချုပ်အရ ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများအနက် အဓိကအချက်အနေဖြင့် နှစ်စဉ် ငါးနှစ်စီမံကိန်းများရေးဆွဲ၍ ရင်းနှီးမြှုပ်နှံခြင်း၊ ဓာတ်အားသုံးစွဲမှု ဝန်အားတိုးတက်လာခြင်းကို အချိန်မီပံ့ပိုးနိုင်ရေးစီစဉ်ဆောင်ရွက်ခြင်း၊ ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ပါက အမြန်ဆုံးဓာတ်အား ပို့လွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီအနေဖြင့် စာချုပ်ပါစည်းကမ်းချက်များ ဖောက်ဖျက်ပါက စာချုပ်ရုပ်စဲမည်ဖြစ်ပြီး စာချုပ်ရုပ်စဲသည့်အခါ ဆောင်ရွက်ဆဲလုပ်ငန်းတစ်ရပ်လုံးကို တန်ဖိုးရယူခြင်းမပြုဘဲ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)သို့ အပြီးအပိုင်လွှဲပြောင်းပေးရန်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှလည်း ကုမ္ပဏီအား ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမဲဆန္ဒနယ် ဦးထွန်းထွန်းက **ရေနံလက်ယက်တွင်းလုပ်ငန်းများက ဒေသဖွံ့ဖြိုးရေးအတွက် ထည့်ဝင်ခဲ့သော ငွေကျပ် ၂ ဒသမ ၈ ဘီလီယံခန့်ရှိကြောင်း၊ ယင်းရန်ပုံငွေများကို အစိုးရအဖွဲ့သစ်သို့ လွှဲ၊ မလွှဲနှင့် လွှဲခဲ့သည်ဆိုပါက မည်သည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအမျိုးအစားများ လုပ်ကိုင်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဇေဇင်ထွန်းက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စားဖြေကြားရာတွင် ရေနံလက်ယက်တွင်း လုပ်ငန်းရှင်များမှ ငွေကျပ် ၂ ဒသမ ၈ ဘီလီယံခန့် ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေထည့်ဝင်ခဲ့သည်ကို သိရှိရပါကြောင်း။

ယခင် အစိုးရအဖွဲ့အနေဖြင့် ရန်ပုံငွေမည်မျှရရှိ၍ မည်ကဲ့သို့ သုံးစွဲခဲ့သည်ကို ယခုအချိန်ထိ မသိရှိရသေးပါကြောင်း၊ အသေးစိတ်ခိုင်လုံသော အချက်အလက်များရရှိရေး ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယခင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းတွင် တစ်စုံတစ်ရာ ဖော်ပြထားခြင်း မရှိပါကြောင်း၊ ရေနံလက်ယက်တွင်း လုပ်ငန်းရှင်များမှ ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေထည့်ဝင်ခဲ့သည့် ငွေကြေးနှင့်စာရင်းဇယားတို့ကို လွှဲအပ်ခဲ့ခြင်းမရှိသဖြင့် ထည့်ဝင်ငွေများနှင့်ပတ်သက်၍ မည်သည့်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းကိုမျှ ဆောင်ရွက်ပေးနိုင်မည်မဟုတ်ကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

# လက်တွေ့အကျိုးရှိမည့် စီမံချက်များဖြင့် ရခိုင်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိ

**အမေး၊ အရေး- မော်စီ**

**အစိုးရသစ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**

**ထို့ပြင် ပြည်သူများ အချိန်တိုအတွင်း လက်တွေ့အကျိုး ခံစားခွင့်ရရှိနိုင်မည့်စီမံချက်များကို ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးမှုအားနည်းသည့် ရခိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**

**ထိုသို့ ရခိုင်ဒေသမှ ပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍများတွင် လက်တွေ့အကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်သွားမည့် အခြေအနေများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းထားသည်။**

**ဦးသိန်းဆွေ၊ ပြည်ထောင်စုဝန်ကြီး**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

**မေး။ ။ ရခိုင်ပြည်နယ်အတွင်း ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်မယ့်အခြေအနေကို သိလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အစိုးရရဲ့မူဝါဒလမ်းညွှန်ချက်တွေနဲ့အညီ ပြည်သူလူထုအတွက် လိုအပ်တဲ့ အမှန်တကယ် အကျိုးသက်ရောက်မယ့် လုပ်ငန်းတွေကို ဖော်ဆောင်သွားဖို့ရှိပါတယ်။ ရခိုင်ပြည်နယ်မှာ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ရေးဗဟိုဌာန တစ်ခုကို ဖွင့်လှစ်သွားဖို့ စီစဉ်ထားပါတယ်။ အဲဒီလုပ်သားများ ဗဟိုဌာန ဖွင့်လှစ်ခြင်းအားဖြင့် ရခိုင်ဒေသမှာရှိတဲ့ နိုင်ငံခြားကို သွားရောက်အလုပ်လုပ်ကိုင်မယ့် လုပ်သားတွေနဲ့ ပြည်တွင်းမှာ အလုပ်လုပ်ကိုင်နေတဲ့ လုပ်သားတွေအတွက် သတင်းတွေကို စုံစမ်းရယူနိုင်ပါတယ်။ နိုင်ငံခြားကုမ္ပဏီတွေမှာ ရောက်ရှိနေတဲ့ လုပ်သားတွေအတွက် သတင်းကိုရယူနိုင်သလို ပြည်ပက သတင်းတွေကိုလည်း ပြည်တွင်းမှ ပြန်ပြီးတော့ ရယူနိုင်ပါတယ်။

ဒါ့အပြင် သွားရောက်အလုပ်လုပ်ကိုင်လိုတဲ့ လုပ်သားတွေအနေနဲ့လည်း တခြားနိုင်ငံမှာရှိတဲ့ လုပ်သားများဆိုင်ရာ သတင်းအချက်အလက်တွေကို ဒီစင်တာက ရယူနိုင်မှာဖြစ်တဲ့အတွက် လုပ်သားတွေအတွက် ဒီဌာနဟာ အများကြီး အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။


ပြီးတော့ အလုပ်သမားတွေရဲ့ ရပိုင်ခွင့်တွေ၊ အခွင့်အရေးတွေ၊ အလုပ်သမားရေးရာနဲ့ သက်ဆိုင်တဲ့ဥပဒေတွေကို အသိပညာပေးမှာဖြစ်ပါတယ်။ ဒီလို အသိပညာပေးဆွေးနွေးခြင်းအားဖြင့် အလုပ်သမားတွေရော အလုပ်ရှင်တွေရော အဆင့်ဆင့် တာဝန်ထမ်းဆောင်တဲ့ ပုဂ္ဂိုလ်တွေပါ ရပိုင်ခွင့်တွေ၊ ကန့်သတ်ချက်တွေ၊ ဥပဒေတွေကိုသိရှိတဲ့အတွက် ဥပဒေနဲ့အညီ ဆောင်ရွက်ခြင်းအားဖြင့် အလုပ်သမားရေးရာအငြင်းပွားမှုတွေကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

လူဝင်မှုကြီးကြပ်ရေးပိုင်းဆိုင်ရာတွေနဲ့ ပတ်သက်ပြီး ရခိုင်ပြည်နယ်အတွင်းမှာ ရွှေ့ပြောင်းနေထိုင်သူတွေနဲ့ အလုပ်သမားတွေ၊ အိမ်ထောင်စုလူဦးရေစာရင်းနဲ့ ကိုင်ဆောင်သင့်တဲ့ မှတ်ပုံတင် တစ်မျိုးမျိုးထုတ်ပေးရေးကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ အသက် ၁၈နှစ်ပြည့်တဲ့ ကျောင်းသူ ကျောင်းသားတွေကို နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) သူတို့ကိုင်ဆောင်သင့်တဲ့ မှတ်ပုံတင်တစ်မျိုးမျိုးကို ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ ၁၉၈၂ မြန်မာနိုင်ငံသား ဥပဒေနဲ့အညီ သက်ဆိုင်တဲ့ နိုင်ငံသားကတ်ပြား တစ်မျိုးမျိုးထုတ်ပေးရေးလုပ်ငန်းကို ရခိုင်ပြည်နယ်အတွင်းမှာ ဦးစားပေးပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုစိစစ်ခြင်းအားဖြင့် ဥပဒေနဲ့အညီ နိုင်ငံသားဖြစ်ခွင့်ရတဲ့ ပုဂ္ဂိုလ်တွေဟာလည်းပဲ ဥပဒေနဲ့အညီ နိုင်ငံသားဖြစ်ခွင့်ရသွားမှာဖြစ်ပြီးတော့မှ နိုင်ငံသားမှတ်ပုံတင် ကတ်ပြားတွေကိုလည်း စနစ်တကျ ထုတ်ပေးသွားနိုင်မှာဖြစ်ပါတယ်။



ကျောက်ဖြူမြို့နယ် အထကခွဲ (မင်းပြင်) ကျောင်းဆောင်သစ်ကို တွေ့ရစဉ်



မောင်တောမြို့နယ် ရွှေရင်အေးကျေးရွာရှိ တိုင်းရင်းသားများအတွက် ဆောက်လုပ်ပေးထားသည့် လုံးချင်းအိမ်ရာများ

**ဗိုလ်ချုပ်သန်းထွင်၊ ဒုတိယဝန်ကြီး**
**နယ်စပ်ရေးရာဝန်ကြီးဌာန**

**မေး။ ။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ဆောင်ရွက်ပေးနေမှု အခြေအနေတွေကို အနည်းငယ်ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်းခွင့်ပြုရန်ပုံငွေ ၆ ဒသမ ၁၀ ဘီလီယံနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်တဲ့ မြေလမ်း ၂၁ မိုင်၊ ကျောက်လမ်း ၂၅ မိုင်၊ ကတ္တရာလမ်း နှစ်မိုင်၊ ကွန်ကရစ်တံတား ၄၄၉ ပေ၊ ကွန်ကရစ်ရေပြွန် ၂၃၆ ပေ၊ ရေရရှိရေးလုပ်ငန်းအနေနဲ့ မူလရန်ပုံငွေဖြင့် ရေတွင်း ခုနစ်တွင်းနဲ့ ရက် ၁၀၀ စီမံချက်အရ ရေကန် ၇၂ ကန်၊ လျှပ်စစ်ဆည်တစ်ခု၊ ကျေးလက်မီးလင်းရေးအနေနဲ့ ဆိုလာမီး ၉၅၅ စုံ၊ဘုန်းကြီးကျောင်း သုံးကျောင်း၊ တန်ဖိုးနည်းအိမ်ရာ ၉၆ လုံးနဲ့ သဘာဝဘေးကြောင့် ပျက်စီးမှုပြုပြင်ခြင်းလုပ်ငန်း ၁၃ ခု တို့ကို ပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်တွေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ရခိုင်ပြည်နယ်အတွင်းမှာတော့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွေကို စစ်တွေ၊ မင်းပြား၊ မောင်တောမြို့တွေမှာ ဖွင့်လှစ်ပေးထားပါတယ်။ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း သုံးကျောင်းကိုတော့ မောင်တော၊ မင်းပြား၊ အမ်းမြို့တွေမှာ ဖွင့်လှစ်ပေးထားပြီး ဖြစ်ပါတယ်။

**မေး။ ။ အခု လတ်တလော ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့တဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းနဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ဖြစ်ပွားခဲ့တဲ့ ရာသီဥတုအခြေအနေအရ ရခိုင်ပြည်နယ်အတွင်းနှင့် နိုင်ငံအနှံ့အပြားမှာ သောက်သုံးရေ ရှားပါးပြတ်လပ်မှု ဖြစ်ပေါ်ခဲ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ လာမယ့်မိုးရာသီမှာ ရေချိုကို စနစ်တကျ သိုလှောင်အသုံးပြုနိုင်ဖို့အတွက် စုစုပေါင်းကျေးရွာ ၇၂ ရွာမှာ ရေကန် ၇၂ ကန်ကို စက်ယန္တရားတွေ အသုံးပြုကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ရေကန်တူးဖော်ခြင်းလုပ်ငန်းတွေဟာ သတ်မှတ်ကာလအတွင်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးမှာဖြစ်ပါတယ်။

**ဦးကျော်လင်း၊ အမြဲတမ်းအတွင်းဝန်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**မေး။ ။ ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးကို ဘယ်လိုဖြည့်ဆည်း ဆောင်ရွက်သွားမယ်ဆိုတာကို သိချင်ပါတယ်။**

ဖြေ။ ။ ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအားဖြင့် ရခိုင်ပြည်နယ်ထဲဝင်တဲ့ အဓိကလမ်းမကြီး သုံးလမ်းရှိပါတယ်။ နံပါတ်(၁) လမ်းမကြီးက ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ကနေပြီးတော့ ရခိုင်ပြည်နယ် ဂွမြို့ကို ဆက်သွယ်တဲ့ ငါးသိုင်းချောင်း-ဂွ-သံတွဲ လမ်းမကြီး ဖြစ်ပါတယ်။ နံပါတ်(၂)ကတော့ ပြည်-တောင်ကုတ်-သံတွဲကို ဆက်သွယ်တဲ့လမ်းမကြီးပါ။ နံပါတ်(၃) ကတော့ မင်းဘူးကနေ မင်းဘူး-အမ်း-စစ်တွေ လမ်းမကြီး အဓိကလမ်းမကြီး သုံးလမ်းရှိပါတယ်။

ဒီလမ်းမကြီးသုံးလမ်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကဆောင်ရွက်မှာဖြစ်သလို ရခိုင်ပြည်နယ်ကနေပြီးတော့ ချင်းပြည်နယ်ကို ဆက်သွယ်မယ့် ကျောက်တော်-ပလက်ဝ လမ်းမကြီးကိုလည်း ဒီငါးနှစ်အတွင်းမှာ ကတ္တရာလမ်းအဆင့်၊ ဒီပေါ်မှာရှိတဲ့ တံတားတွေအားလုံးကိုလည်း ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားပါမယ်။ ပလက်ဝမြစ်ကူးတံတားကိုလည်း ဒီငါးနှစ်အတွင်း ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ပလက်ဝကနေပြီးတော့ မတူပီလမ်း၊ မတူပီကနေပြီးတော့ ဟားခါးစသဖြင့် ဒီလမ်းမကြီးကိုလည်း ကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ရခိုင်ပြည်နယ်ကနေ ချင်းပြည်နယ်၊ အဲဒီကတစ်ဆင့် စစ်ကိုင်းတိုင်းကိုလည်းပဲ ဆက်သွယ်သွားလာနိုင်မယ့် လမ်းပိုင်းတစ်လမ်း တိုးလာမှာဖြစ်ပါတယ်။

အဲဒီအပြင် ပလက်ဝ-ကုလားတန်မြစ်ဝ-အိန္ဒိယ ပြည်နယ် မီဇိုရန်မြစ်ဝအထိ ဆက်သွယ်သွားလာနိုင်မယ့်လမ်းကိုလည်း အိန္ဒိယနိုင်ငံ အစိုးရရဲ့အကူအညီနဲ့ ဆက်သွယ်ဖောက်လုပ်သွားမှာဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်ကနေတစ်ဆင့် ကျောက်တော်-ပလက်ဝလမ်း အဲဒီကတစ်ဆင့် ပလက်ဝ-မြစ်ဝအထိ မီဇိုရန်ပြည်နယ်နဲ့ ဆက်သွယ်သွားလာနိုင်မှာဖြစ်ပါတယ်။ အဲဒီအပြင် ရခိုင်ပြည်နယ်ထဲကို အဓိကဝင်ပေါက်လမ်းမကြီး သုံးလမ်းအနက်က နံပါတ်(၁)လမ်းမကြီးဖြစ်တဲ့ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်း ဒီလမ်းကို ကမ္ဘာ့ဘဏ်ကချေးငွေ အကူအညီ ဒေါ်လာသန်း ၂၀ နဲ့ အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာပါ။

နောက်တစ်လမ်းကတော့ မင်းဘူး-အမ်း-စစ်တွေလမ်းမကြီးပါပဲ။ ဒီလမ်းမကြီးကလည်း အသုံးအများဆုံး လမ်းမကြီးဖြစ်ပြီးတော့ အခုဆိုရင်တော့ အချို့နေရာတွေဟာ ကတ္တရာလမ်းအဆင့်မြှင့်တင်ဖို့ ကျန်ရှိပါသေးတယ်။ ဒီနေရာမှာလည်းပဲ ရခိုင်ပြည်နယ်ဟာ အရည်အသွေးမြင့်တဲ့ကျောက်တွေ ရှားပါးတဲ့ ဒေသဖြစ်တဲ့အတွက် အချို့နေရာတွေမှာ ကွန်ကရစ်လမ်းအဖြစ်

*စာမျက်နှာ ၉ သို့*



နယ်စပ်ရေးရာဝန်ကြီးဌာနမှ မြေပုံမြို့နယ် ကံသာထွက်ဝကျေးရွာတွင် သောက်သုံးရေအတွက် ယန္တရားများဖြင့် ရေကန်တူးဖော်နေမှုကို တွေ့ရစဉ်

*စာမျက်နှာ ၈ မှ*

ပြောင်းလဲဆောင်ရွက်သွားမယ့် အစီအစဉ်တွေရှိပါတယ်။ ငါးနှစ်တာကာလ အတွင်းမှာပဲ ဒီလမ်းကြောင်းတစ်ခုလုံးကို အခုဆိုရင်တော့ မင်းဘူး-အမ်း-စစ်တွေအပိုင်းကို ၁၅ နာရီလောက်မောင်းရပါတယ်။ အဲ့ဒါကို ကျွန်တော်တို့က ၁၀ နာရီလောက်အထိ လျှော့ချသွားဖို့ရှိပါတယ်။ ငါးနှစ်အတွင်းမှာ မင်းဘူးကနေ မနက်မောင်းရင် စစ်တွေကို ၁၀ နာရီအတွင်းမှာ ရောက်ရှိဖို့ master plan ရေးဆွဲထားပါတယ်။

အခု ဒီငါးနှစ်တာ ကာလအတွင်းမှာလည်း ရခိုင်ပြည်နယ်မှာရှိတဲ့မြို့ကြီးတွေမှာ စုစုပေါင်းဝန်ထမ်းအိမ်ရာအခန်းပေါင်း ၁၀၀၀ လောက် တည်ဆောက်ပေးဖို့ master plan ရှိပါတယ်။ အခုလာမယ့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မြို့ကြီးများဖြစ်တဲ့ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်၊ ဘူးသီးတောင်၊ မောင်တော၊ မြေပုံ အစရှိတဲ့ မြို့ကြီးများမှာ ဝန်ထမ်းအိမ်ရာအခန်းပေါင်း ၂၁၀ တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် အိန္ဒိယနိုင်ငံက ကမ်းလှမ်းလာတဲ့ အစီအစဉ်တစ်ခုရှိပါတယ်။ ပုဏ္ဏားကျွန်းမှ မင်းပြားကိုဆက်သွယ်မယ့် ကစ္ဆပနဒီမြစ်ကူးတံတားအသစ်တစ်စင်းနဲ့ ပုဏ္ဏားကျွန်း-မင်းပြား လမ်းအူကြောင်းအသစ်ရှာဖွေရေး ကိစ္စဖြစ်ပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့ လမ်းအူကြောင်းသုံးကြောင်း ရှာဖွေထားပါတယ်။ ဒီနေရာမှာ လမ်းအူကြောင်းသုံးကြောင်းရဲ့တံတားထိုးမယ့် လိုင်းကြောင်းကိုရှာဖွေထားပြီးတော့ အိန္ဒိယနိုင်ငံရဲ့အကူအညီနဲ့ လမ်းအူကြောင်းအသစ်နဲ့ တံတားအသစ်ကြီးစတင်နိုင်ဖို့ ဒီငါးနှစ်အတွင်းမှာ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီး**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မေး။ ။ ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မယ့် အစီအစဉ်တွေကို သိပါရစေ။**

ဖြေ။ ။ ရခိုင်မှာ တိုက်ပွဲရှောင်ဒေသတွေရှိတယ်။ အဲ့ဒီမှာရှိတဲ့ပြည်သူလူထုတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ အသက်မွေးဝမ်းကျောင်းနဲ့ပတ်သက်တဲ့ ပညာတွေ



**စစ်တွေမြို့၏ ဖွံ့ဖြိုးတိုးတက်မှုရှုခင်းကို တွေ့ရစဉ်** ဓာတ်ပုံ - စံမြတ်ရွှေ

လေ့ကျင့်ပေးမယ်။

ရခိုင်မှာပြီးခဲ့တဲ့ မုန်တိုင်းတုန်းက ချက်ချင်းပဲ ကျွန်တော်တို့ ဝန်ကြီးဌာနက သွားရောက်တယ်။ သွားရောက်ပြီးတော့ ပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်းတယ်။ ပူးပေါင်းတဲ့အခါကျတော့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို လုပ်တယ်။ လိုအပ်တဲ့ထောက်ပံ့မှုတွေ အကုန်လုပ်တယ်။ အဲ့မှာ အရေးကြီးတာက ပြည်သူလူထု ပါဝင်ပြီးတော့ သဘာဝဘေးအန္တရာယ်ကျရောက်တာကို ဘယ်လိုတုံ့ပြန်တယ်ဆိုတာကို ဇာတ်တိုက်လေ့ကျင့်မှုတွေလုပ်တယ်။ အကယ်၍ ဖြစ်လာရင် ပြည်သူလူထုအတွက် ကယ်ဆယ်မယ့်ပစ္စည်းတွေ ကျွန်တော်တို့ အဆင်သင့်ပုံထားတယ်။

ရခိုင်ပြည်နယ်မှာဆို အထူးဦးစားပေးပြီးတော့ ဆောင်ရွက်ထားတာတွေရှိတယ်။ Cyclone Shelter တွေ ဆောက်ထားတာရှိတယ်။ အဲဒီတော့ ပြည်သူလူထုက အန္တရာယ်ရှိရင် အဲ့နေရာမှာ စုစည်းမယ်။ Cyclone Shelter တစ်ခုကို ထောင်နဲ့ချီပြီးတော့ ဆံ့တယ်။ အဲ့လိုမျိုး ဆောင်ရွက်ထားတာရှိပါတယ်။

**အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မေး။ ။ ရခိုင်ဒေသဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာနက လက်ရှိဆောင်ရွက်နေတာကို သိချင်ပါတယ်။**

ဖြေ။ ။ ပြီးခဲ့တဲ့ကာလက စစ်တွေမှာ တဲတန်းလျား ၅၆ လုံး မီးလောင်သွားပါတယ်။ လောင်သွားတဲ့ တဲတစ်လုံးကို သိန်း ၅၀ နှုန်းနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ အကူအညီတောင်းခံခဲ့ပါတယ်။ ဒီမီးလောင်မှုဖြစ်စဉ်မှာ သိန်း ၂၈၀၀ လောက်ကို ထောက်ပံ့ပေးခဲ့ပါတယ်။ အဲဒီအပြင် အုန်းတောကြီးမြောက်ဘက်မှာ သိန်း ၆၀ ထောက်ပံ့ပေးခဲ့ပါတယ်။ နောက်ယင်းပြင်ကွက်သစ်မှာလည်း ပြည်သူတွေအတွက်ကို အစိုးရအဖွဲ့က အိမ်တွေကို ဆောက်လုပ်ပြီးဖြစ်ပါတယ်။ ဆောက်လုပ်တဲ့အခါ သန့်ရှင်းရေးအတွက် ရေအိမ်တွေလိုတဲ့အတွက် ဝန်ကြီးဌာနက အိမ် ၁၅၁ လုံးစာအတွက်ကို တစ်လုံးကို တစ်သိန်းနှုန်းနဲ့ ၁၅၁ သိန်းကို ထောက်ပံ့ပေးခဲ့ပါတယ်။

ရွှန်နူ မုန်တိုင်းဝင်လာရင် ကြိုတင်စီစဉ်နိုင်ဖို့အတွက် သိန်း ၅၀၀ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

**ဒေါ်ခင်သူဇာအေး၊ ဒုတိယညွှန်ကြားရေးမှူး(နယ်စပ်)**
**ပညာရေးဝန်ကြီးဌာန**

**မေး။ ။ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေတဲ့ ပညာရေးကဏ္ဍနဲ့ပတ်သက်လို့လည်း ဘယ်လိုဆောင်ရွက်နေပါသလဲ၊ ဘယ်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ ရခိုင်မှာဆိုရင် အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူ စုစုပေါင်းခြောက်သိန်းကျော်အတွက် ပထမအကြိမ် ခွဲဝေမှု လျာထားချက်က သန်းပေါင်း ငါးရာတစ်ဆယ့်တစ်သန်းကျော် လျာထားခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ မြို့နယ်ပေါင်း ၁၇ မြို့နယ်အတွက် ခရီးစဉ်တွေ လမ်းညွှန်ချက်အရသော်လည်းကောင်း၊ လွှတ်တော်မှာထားတဲ့ကတိကဝတ်နဲ့ သဘာဝ ဘေးအန္တရာယ်ရှိတဲ့ ကျောင်းတွေအတွက်သော်လည်းကောင်း၊ အကုန်လုံးတိုးချဲ့တာတွေရယ်၊ ကျောင်းဥပဓိရုပ်မကောင်းတာတွေအတွက်ရယ်၊ ရုံးဝန်ထမ်းတွေအတွက် သိပ္ပံခန်း၊ ခန်းမတွေဆောက်ဖို့အတွက် မူကြိုကလေးတွေအတွက် အဲဒါတွေအားလုံး၊ လိုအပ်တာတွေ အားလုံးစီမံကိန်းလုပ်ငန်းတွေနဲ့ ဆောင်ရွက်ပေးနေပါတယ်။ စုစုပေါင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဘဏ္ဍာရေးနှစ်မှာ နှစ်ခုစလုံးအတွက် အားလုံးပေါင်း ၇၀၃၀ ဒသမ ၆၆ သန်း လောက်ထိကို လျာထားပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြင်ဆင်ထိန်းသိမ်းရေးစရိတ် ရန်ပုံငွေအနေနဲ့လည်း ရခိုင်ပြည်နယ်အတွက်ဆိုရင် ကျပ်သိန်း၅၀ ပြင်ဆင်ဖို့ရယ်၊ သိန်း ၁၀၀ ရယ် သိန်း ၁၀၀ ရဲ့အထက် ပြင်ဆင်ဖို့လျာထားချက်တွေကို အားလုံး ရခိုင်ပြည်နယ်အတွက် ၉၈၂ သန်းအထိ လျာထားပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း ရန်ပုံငွေနဲ့ ပရိဘောဂရန်ပုံငွေတွေလည်း ခွဲဝေပေးထားပြီးဖြစ်ပါတယ်။ လေးယောက်တွဲစာသင်ခုံတွေကိုလည်း ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အသစ်တည်ဆောက်မယ့် မူလတန်းကျောင်း ၆၂ ကျောင်းရှိပါတယ်။ အဲဒီအတွက်ကို လေးယောက်တွဲစာသင်ခုံ အနိမ့်ရယ်၊ တန်ဖိုးမှာ စုစုပေါင်း ၁၀၉ ဒသမ ၄၂၉၀ အထိကို သတ်မှတ်ထားတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဂုမီကျေးရွာမှာရှိတဲ့ ဒါးပိုင်ရော်ဘာခြံကယ်ဆယ်ရေးစခန်းမှာလည်း လိုအပ်တဲ့ ကျောင်းသုံးပရိဘောဂတွေအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စာသင်ခုံတွေ၊ ပလတ်စတစ်ထိုင်ခုံတွေ၊ သင်ပုန်းကြီးတွေ အတွက်လည်း ၂ ဒသမ ၈၄ သန်းကို ရည်ရွယ်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခုကို လက်ရှိဆောင်ရွက်ပေးထားတဲ့ အစီအစဉ်ဖြစ်ပါတယ်။



**ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ရွှေ သဘာဝဓာတ်ငွေ့လက်ခံဖြန့်ဖြူးရေးစခန်းကို ဝေဟင်မှ တွေ့ရစဉ်**

**ဒေါက်တာသက်ခိုင်ဝင်း၊ အမြဲတမ်းအတွင်းဝန်**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**မေး။ ။ ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆက်လက်ဆောင်ရွက်မယ့် အခြေအနေတွေကို သိပါရစေ။**

ဖြေ။ ။ ရခိုင်ပြည်နယ်အတွင်း နေရာဒေသမရွေး လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ဖို့အတွက် သက်ဆိုင်ရာဒေသအာဏာပိုင်တွေ၊ ဌာနဆိုင်ရာတွေ၊ ပြည်သူလူထု၊ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ဘက်စုံပါဝင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစီမံချက် (Comprehensive Health Plan)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်အတွင်းရှိ လူဦးရေ ၃ ဒသမ ၃ သန်းကျော်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ထိရောက်စွာဆောင်ရွက်နိုင်ဖို့ ခုတင် ၅၀၀ ဆံ့ဆေးရုံတစ်ရုံ၊ ခုတင် ၁၀၀ ဆံ့ ဆေးရုံငါးရုံ၊ ခုတင် ၅၀ နှင့်အောက် ဆေးရုံ ၅၂ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၂၁ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၅၈ ခုတို့နဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးလွှမ်းခြုံမှု ပိုမိုကောင်းမွန်ရေးနဲ့ ပြည်သူလူထုမှ ကျန်းမာရေးဌာနတွေ ပိုမိုအသုံးပြုစေရေးအတွက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်မှာ ကျန်းမာရေးအဆောက်အအုံတွေ အဆင့်မြှင့်တင်နိုင်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်း ငွေလုံးငွေရင်းရန်ပုံငွေကို နှစ်စဉ်တိုးမြှင့်ချထားပေးလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းသစ်စုစုပေါင်း ၄၄ ခုအတွက် ခွင့်ပြုရန်ပုံငွေ ၃၆၇၆ ဒသမ ၇၅ သန်းကို ပြည်ထောင်စုအစိုးရ ရန်ပုံငွေမှ ခွဲဝေချထားပေးခဲ့ပြီးဖြစ်ပါတယ်။

စစ်တွေမြို့ပြည်နယ်ပြည်သူ့ဆေးရုံကို ခုတင် ၂၀၀ မှ ခုတင် ၅၀၀ သို့ အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ စစ်တွေမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ရေးလုပ်ငန်းမှာ အိန္ဒိယနိုင်ငံအစိုးရက ဆေးရုံသုံးပစ္စည်းတွေ ဖြည့်ဆည်းခြင်းဆောင်ရွက်ပြီး 64 Slide CT Scan and Oxygen plant တပ်ဆင်ပေးခဲ့ပြီး လက်ရှိသုံးစွဲလျက်ရှိပါတယ်၊ ဒ့ါအပြင် နော်ဝေနိုင်ငံ အစိုးရ အကူအညီနဲ့ ခုတင် ၁၀၀ ဆံ့ တိုးချဲ့လူနာဆောင်ဆောက်လုပ်ဖို့ သဘောတူညီထားပြီး ကုသရေးဦးစီးဌာနက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာနှစ်အတွင်း ဆေးဝါးဝယ်ယူဖို့ ငွေကျပ်သိန်းပေါင်း ၄၀၀၀နဲ့ ဓာတ်မှန်၊ ဓာတ်ခွဲပစ္စည်းတွေဝယ်ယူဖို့ ငွေကျပ်သိန်းပေါင်း ၇၅၀ ကို ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း ခရိုင်/မြို့နယ် တိုက်နယ်ဆေးရုံတွေအတွက် ဆေးဝါးဝယ်ယူဖို့ ငွေကျပ်သိန်းပေါင်း ၁၅၇၅၀နဲ့ ဓာတ်မှန်၊ ဓာတ်ခွဲပစ္စည်းတွေ ဝယ်ယူဖို့ ငွေကျပ်သိန်းပေါင်း ၂၃၇၅ ကို ထောက်ပံ့ထားရှိပါတယ်။ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ်အတွင်း ဆေးဝါးဝယ်ယူဖို့ ပထမအရစ်အဖြစ် ငွေကျပ်သိန်းပေါင်း ၁၂၀၀ ကို ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့နဲ့ ခရိုင်/မြို့နယ်နဲ့ တိုက်နယ်ဆေးရုံတွေအတွက် ကျပ်သိန်း ၄၅၀၀ ကို ထောက်ပံ့ထားရှိပြီး လိုအပ်ချက်အပေါ် ထပ်မံဖြည့်ဆည်းပေးမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိစေရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ရှေ့လျား ဆေးအဖွဲ့ ၃၃ ဖွဲ့၊ ကျန်းမာရေးဝန်ထမ်း ၁၄၆ ဦးနဲ့ လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ရွေ့လျားဆေးအဖွဲ့တွေနဲ့ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တွေဟာ အရေးပေါ်ဆေးဝါးကုသမှုလုပ်ငန်းတွေ၊ လူနာလွှဲပြောင်းမှုလုပ်ငန်းတွေ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေနဲ့ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ကျေးလက်ကျန်းမာရေးဌာနတွေမှာ လူထုအခြေပြု ကျန်းမာရေးဆေးပေးခန်း (Community Clinic) တွေ နေ့စဉ်ဖွင့်လှစ်ပြီး သက်ကြီးရွယ်အိုတွေ၊ မိခင်နဲ့ အသက်ငါးနှစ်အောက်ကလေးတွေ၊ ဆယ်ကျော်သက်တွေအပါအဝင် အသက်အုပ်စုအားလုံးကို လွှမ်းခြုံနိုင်တဲ့ ဆေးကုသမှုလုပ်ငန်းတွေ၊ မကူးစက်နိုင်တဲ့ရောဂါတွေဖြစ်တဲ့ သွေးတိုးနဲ့ ဆီးချိုရောဂါရှာဖွေရေးနဲ့ ကုသရေးလုပ်ငန်းတွေ၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အသွင်ပြောင်း ပိုလီယိုပိုင်းရပ်ပိုးတွေရှိမှုနဲ့ပတ်သက်ပြီး အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုဆေးတိုက်ခြင်းနဲ့ ဒေသအလိုက် ပိုလီယိုဆေးတိုက်ကျွေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ရာမှာ လွှမ်းခြုံမှု ၉၉ ဒသမ ၈ ရာခိုင်နှုန်းအထိရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အသက်တစ်နှစ်အောက်ကလေးတွေမှာ ပြင်းထန်အဆုတ်ရောဂါဖြစ်ပွားမှုနဲ့ သေဆုံးမှုလျှော့ချရေးအတွက် (Pneumococcal Vaccine-PCV) ကာကွယ်ဆေးတွေကို ဇူလိုင်လ ၁ ရက်နေ့ကစတင်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးမှာ ထည့်သွင်းထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်မှာ ရခိုင်ပြည်နယ်အတွင်း မြို့နယ်ရှစ်မြို့နယ်ရှိ ကျေးရွာပေါင်း ၁၄၈ ရွာ လူဦးရေ ၄၃၈၆၉ ဦးကို ဂျပန်ဦးနှောက်အမြေးရောင်ရောဂါကာကွယ်ဆေး (JE Vaccine) ထိုးနှံပေးခဲ့ပါတယ်။ ဆက်လက်ပြီး ဂျပန်ဦးနှောက်အမြေးရောင်ရောဂါဖြစ်ပွားမှုအခြေအနေကို စောင့်ကြပ်ကြည့်ရှုလျက်ရှိတဲ့အပြင် ၂၀၁၆ ခုနှစ် ဇွန်လအတွင်း ရခိုင်ပြည်နယ်မှာ ဂျပန်ဦးနှောက်အမြေးရောင် ကာကွယ်ဆေး ထပ်မံထိုးနှံနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့်စာရင်းအရ ဖွံ့ဖြိုးတိုးတက်မှု ဒုတိယအနည်းဆုံးဒေသဖြစ်သည့် ရခိုင်ဒေသသည် အခြားတိုင်းနှင့် ပြည်နယ်ဒေသများနည်းတူ အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုအသီးအပွင့်များကို ပြည်သူများအားလုံး မျှဝေခံစားနိုင်တော့မည်ဟု ယုံကြည်မျှော်လင့်လျက် .......။

**ရခိုင်ပြည်နယ်အတွင်း နေရာဒေသမရွေး လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ဖို့အတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်တွေ၊ ဌာနဆိုင်ရာတွေ၊ ပြည်သူလူထု၊ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ဘက်စုံပါဝင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု စီမံချက် (Comprehensive Health Plan) ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**



# မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်ရန် ကြိုးပမ်းမှုမအောင်မြင်

**ပြုံယမ်း မေ ၃၁**

မြောက်ကိုရီးယားသည် အင်္ဂါနေ့အစောပိုင်းက အရှေ့ဘက်ကမ်းရိုးတန်းဘက်မှ ဒုံးကျည် စမ်းသပ်ပစ်လွှတ်ခဲ့ရာ မအောင်မြင်ခဲ့ကြောင်းသိရသည်။ ယခုအကြိမ်သည် မြောက်ကိုရီးယား၏ စမ်းသပ်ပစ်လွှတ်မှုမအောင်မမြင်ဖြစ်ရခြင်းမှာ နောက်ဆုံးအကြိမ် ဖြစ်လိမ့်မည်ဖြစ်ကြောင်း တောင်ကိုရီးယားဘက်က ပြောသည်။

စမ်းသပ်မှုကိုပြုလုပ်သောအချိန်သည် နံနက်ပိုင်း ၅ နာရီမိနစ် ၂၀ ဝန်းကျင်ခန့်ကဖြစ်ကြောင်း တောင်ကိုရီးယားဘက်က ပြောဆိုပြီး အသေးစိတ်ကိုမူပြောဆိုခြင်း မရှိပေ။ ဇန်နဝါရီလမှစ၍ မြောက်ကိုရီးယား၏ လေးကြိမ်မြောက် နျူကလီးယားစမ်းသပ်ပစ်လွှတ်မှုများကြောင့် အရှေ့မြောက်အာရှဒေသတွင် တင်းမာမှုများမြင့်တက်လျက်ရှိသည်။

ဂျပန်နိုင်ငံကလည်း မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်ဖွယ်ရာရှိသည့်အကြောင်းကို တနင်္လာနေ့က စစ်ရေးအရသတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

**(ရိုက်တာ)**

# ပြုပြင်ပြောင်းလဲရေးဥပဒေကို ဆက်လက်ဆန္ဒပြရန် ပြင်သစ်မီးရထားအလုပ်သမားများ ဆုံးဖြတ်

**ပါရီ မေ ၃၁**

ပြင်သစ်မီးရထားအလုပ်သမားများသည် အလုပ်သမား ပြုပြင်ပြောင်းလဲရေး ဥပဒေကို ဆက်လက်ကန့်ကွက်ရန် သမဂ္ဂက ဆုံးဖြတ်ခဲ့သည့်အတွက် ဆန္ဒပြပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ လောင်စာဆီပြတ်တောက်မှုကြောင့် ဖရိုဖရဲဖြစ်နေသည့် ဆက်သွယ်ရေးစနစ်သည် ယခုကိစ္စကြောင့် ပို၍လှုပ်ခတ်လာသည်။

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းက ၎င်းအနေဖြင့်ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို နောက်ပြန်ဆုတ်မည်မဟုတ်ကြောင်းပြောသည်။ ယခုပြုပြင်ပြောင်းလဲရေး အလုပ်သမား ဥပဒေမှာ အလုပ်သမားများကို ခန့်အပ်ရာတွင်လွယ်ကူသကဲ့သို့ ဖြုတ်ပစ်ရာတွင်လည်း လွယ်ကူသည်ဟု သိရသည်။ အိမ်နီးချင်း ဘယ်လ်ဂျီယံနိုင်ငံမှ ပြည်သူ့ဝန်ထမ်းများမှာလည်း ဘတ်ဂျက်ဖြတ်တောက်မှုကြောင့် ကန့်ကွက်ဆန္ဒပြလျက်ရှိသည်။ နိုင်ငံနှင့်တစ်ဝန်း ဆန္ဒပြပွဲများ၌ ရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းဆရာများ၊ ပြည်သူ့ဝန်ထမ်းများသည် မီးရထားအလုပ်သမားများနှင့်အတူ ပူးပေါင်းပါဝင်လျက်ရှိသည်။

အသုံးစရိတ် လျှော့ချမှုနှင့်အတူ အလုပ်ချိန်နာရီများ ပြောင်းလဲသတ်မှတ်ခြင်းနှင့် ပင်စင်ယူသည့် အသက်အရွယ်တိုးမြှင့်လိုက်ခြင်းအတွက် သမဂ္ဂက ကန့်ကွက်ဆန္ဒပြခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံ၌ မီးရထားစနစ်အပြင် အခြားသော ဆက်သွယ်ရေးစနစ်များဖြစ်သည့် မြေအောက်ရထားစနစ်နှင့် လေကြောင်းလိုင်း ဆက်သွယ်ရေးတို့၌လည်း ဖရိုဖရဲဖြစ်လျက်ရှိသည်။

ယခုဖြစ်ပေါ်နေသည့် ဆန္ဒပြပွဲများကြောင့်တနင်္လာနေ့၌ ပြင်သစ်နိုင်ငံရှိ အဓိက ရေနံချက်စက်ရုံ ရှစ်ရုံအနက် ခြောက်ရုံမှာ ခေတ္တပိတ်ထားရခြင်းနှင့် တချို့မှာ စွမ်းအင်လျှော့ချထုတ်လုပ်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ပါရီမြို့ရှိအဓိကလေဆိပ်ကို ထောက်ပံ့ပေးနေသော ရေနံစက်ရုံမှအလုပ်သမားများသည် ဗုဒ္ဓဟူးနေ့မတိုင်မီ ၎င်းတို့ကန့်ကွက်ဆန္ဒပြသည့်အနေဖြင့် ပြုလုပ်ထားသည့် ပိတ်ဆို့ထားမှုများကို ရပ်ဆိုင်းခြင်း မပြုရန် မဲပေးထားသည်။

**(ဘီဘီစီ)**





# ငြိမ်းချမ်းရေးအတွက် နေတန်ယာဟု ပါလက်စတိုင်းနှင့်ဆွေးနွေးလို

**ဂျေရုဆလင် မေ ၃၁**

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ၂၀၀၂ ခုနှစ်က အာရပ်ငြိမ်းချမ်းရေး ကနဦးအဖွဲ့ကို ပြန်လည်အသက်သွင်းရေး တနင်္လာနေ့က ဆွေးနွေးခဲ့ရာ ပါလက်စတိုင်းနိုင်ငံသားများနှင့် အာရပ်တိုင်းပြည်များမှ အစ္စရေးကို သံတမန်ရေးအရ အသိအမှတ်ပြုမှုကို ကမ်းလှမ်းခဲ့သည်။

နေတန်ယာဟု၏ ပြောဆိုချက်များသည် ပြီးခဲ့သောသီတင်းပတ်က အီဂျစ်သမ္မတ အယ်လ်စီစီနှင့်တွေ့ဆုံဆွေးနွေးစဉ် တရားဝင်တုံ့ပြန်ခြင်းဖြစ်ပြီး စီစီသည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပြန်လည်စတင်ရေး ကြိုးပမ်းအားထုတ်မှုကို အစ္စရေးကလက်ခံခဲ့လျှင် အစ္စရေးနှင့် ဆက်ဆံရေးနွေးထွေးမည်ဟု ကတိကဝတ်ပြုခဲ့သည်။

အာရပ်ငြိမ်းချမ်းရေး ကနဦးလုပ်ဆောင်ချက်များတွင် ပါလက်စတိုင်းနှင့် စေ့စပ်ညှိနှိုင်းမှုများ ပြန်လည်တည်ဆောက်ရန် အကူအညီဖြစ်စေမည့် အပြုသဘောဆောင်သည့် အချက်အလက်များပါဝင်ကြောင်း နေတန်ယာဟုက ပြီးခဲ့သောတစ်နှစ်ကျော်က အစ္စရေးသတင်းထောက်များကို ပြောဆိုခဲ့သည့်အတိုင်း ပြောကြားခဲ့သည်။

အာရပ်နိုင်ငံများနှင့် ကနဦးဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လိုကြောင်း၊ ယင်းဆွေးနွေးချက်များသည် ၂၀၀၂ ခုနှစ်ကတည်းက ဒေသတွင်း၌ မယုံနိုင်ဖွယ်ရာ ပြောင်းလဲမှုများရောင်ပြန်ဟပ်စေခဲ့ကြောင်း သို့သော်လည်း နှစ်နိုင်ငံသဘောတူညီထားသည့် ရည်မှန်းချက်ကို ထိန်းသိမ်းထားရမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောဆိုခဲ့သည်။

နေတန်ယာဟုသည် တွေ့ဆုံဆွေးနွေးမှုအတွင်း အင်္ဂလိပ်ဘာသာကို အသုံးပြုခဲ့သည်။ ၎င်းသည် ဟီဘရူးဘာသာစကားကို အများဆုံးပြောဆိုလေ့ရှိပြီး နိုင်ငံတကာအသိုင်းအဝိုင်းသို့ သတင်းစကားဖော်ပြလိုသောအခါမှသာ အင်္ဂလိပ်ဘာသာကို သုံးခြင်းဖြစ်သည်။

**(ရိုက်တာ)**

# ဆီးရီးယားနိုင်ငံ အီဒလေ့ဘ်တွင်လေကြောင်းတိုက်ခိုက်မှုများကြောင့် လူပေါင်းများစွာထိခိုက်ဒဏ်ရာရ

**ဒမတ်စကတ် မေ ၃၁**

ဆီးရီးယားနိုင်ငံ၏ သူပုန်ထိန်းချုပ်ထားသော အီဒလေ့ဘ်မြို့ကို တနင်္လာနေ့ညနေပိုင်းက လေကြောင်းတိုက်ခိုက်မှုများ ပြင်းပြင်းထန်ထန်ပြုလုပ်ခဲ့ရာ လူပေါင်း ၁၅၀ ကျော် ထိခိုက်ဒဏ်ရာရသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောသည်။

စစ်ပွဲစောင့်ကြည့်ရေးဘက်မှ ရုရှားလေယာဉ်များဖြစ်နိုင်ကြောင်း ပြောဆိုခဲ့သည်။ ဆီးရီးယားအနောက်ပိုင်းမြို့ကို အနည်းဆုံး ခုနစ်ကြိမ်ထက်မနည်း လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး လေကြောင်းတိုက်ခိုက်မှုအချို့တွင် ဆေးရုံတည်ရှိရာ နေရာများလည်း ပါဝင်ကြောင်း စစ်ပွဲစောင့်ကြည့်သူများက ပြောသည်။

**(ရိုက်တာ)**



# ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် အမြောက်ထိမှန်၍ လူခုနစ်ဦးသေဆုံး

**ကီယာဗ့် မေ ၃၁**

ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ အစိုးရတပ်များနှင့် ရုရှားလိုလားသောတပ်များကြား ပစ်ခတ်မှုများဖြစ်ပွားရာ တပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံးခဲ့သည်။ ဒွန်းတက်ခ်မြို့ရှိ အစိုးရတပ်ဘက်နှင့် အခြားအရှေ့ပိုင်းဒေသမှ တပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ပြီး တခြားလေးဦး ဒဏ်ရာရရှိခဲ့သည်ဟု ယူကရိန်းအကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

ရုရှားလိုလားသောအုပ်စုမှ အစိုးရတပ်များနှင့် တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ၎င်းတို့ဘက်မှ နှစ်ဦးသေဆုံးခဲ့ကြောင်း ထုတ်ပြန်သည်။ လွန်ခဲ့သော သီတင်းပတ်အတွင်းကလည်း ယူကရိန်းတပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံးခဲ့သည်။ ယူကရိန်းအစိုးရနှင့် ရုရှားလိုလားသောခွဲထွက်ရေးသမားများသည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်ရေးထိုးခဲ့သည်။

သို့သော်ဆက်လက်ဖြစ်ပွားလျက်ရှိပြီး ပဋိပက္ခများကိုနိုင်ငံရေးအရ ဖြေရှင်းနိုင်ရေးတိုးတက်မှုအနည်းငယ်သာ စွမ်းဆောင်နိုင်ခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများအား စစ်ဆေးလျက်ရှိပြီး ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား အသစ်ပြန်လည်ဖွဲ့စည်းသွားမည်

နေပြည်တော် မေ ၃၁

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E.Mr.Nicholas Coppel နှင့် အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ (ယာပုံ)**

တွေ့ဆုံစဉ် ဩစတြေးလျသံအမတ်ကြီးက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ သင်တန်းပေးခြင်းနှင့် မဲရုံဝန်ထမ်း လက်စွဲစာစောင်များ ပြုစုထုတ်ဝေခြင်းတို့ကို ကူညီထောက်ပံ့ပေးခဲ့မှု၊ ရွေးကောက်ပွဲကို ဩစတြေးလျ လွှတ်တော်အမတ်များနှင့် တက္ကသိုလ်များမှ လာရောက်လေ့လာခဲ့မှုနှင့် နောင်ရွေးကောက်ပွဲများ ကျင်းပရာတွင် ရွေးကောက်ပွဲဆိုင်ရာ လိုအပ်ချက်များအား ဆက်လက်ပံ့ပိုးသွားမည့်အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဩစတြေးလျနိုင်ငံ၏ ကူညီမှုများသည် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် များစွာ အထောက်အကူပြုပါကြောင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများအား Open Court ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး အမှု ၁၀ မှုအား အမိန့်ချမှတ်ပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား အသစ်ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ လက်ရှိမဲဆန္ဒရှင်စာရင်းအား Update ပြုလုပ်ဆောင်ရွက်ခြင်း၊ Voter Education နှင့် လက်စွဲစာစောင်များ ထုတ်ဝေရာတွင် ဩစတြေးလျနိုင်ငံအနေဖြင့် ဆက်လက်အကူအညီပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဩစတြေးလျနိုင်ငံ၏ မဲပေးမှုစနစ်၊ လွှတ်တော် (၂)ရပ်အား ရွေးကောက်တင်မြှောက်မှုစနစ်၊ မဲရုံများ၌ မဲပေးသည့်လုပ်ငန်းစဉ်များနှင့် မဲရေတွက်ပုံတို့အား သံအမတ်ကြီးက ရှင်းလင်းပြောကြားခဲ့သည်ဟု သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်း

**နေပြည်တော် မေ ၃၁**

နိုင်ငံတော်သမ္မတရုံး၏ မေ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ ဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံအကြိုပြင်ဆင်ရေးကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းလိုက်ကြောင်း သိရှိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစု ပင်လုံတွင် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်လာရေး၊ ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နိုင်ရန် ဖွဲ့စည်းလိုက်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစု ပင်လုံအကြိုပြင်ဆင်ရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ ဒေါက်တာ တင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အတွင်းရေးမှူးအဖြစ် MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေနှင့် အဖွဲ့ဝင် ၁၃ ဦးတို့ ပါဝင်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA) လက်မှတ်ရေးထိုးပြီးသည့်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ဖွဲ့စည်းလိုက်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံအကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၁)တွင် ဥက္ကဋ္ဌအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပဒိုစောကွယ်ထူးဝင်း၊ အတွင်းရေးမှူး(၁)အဖြစ် ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ အတွင်းရေးမှူး(၂)အဖြစ် ဒေါက်တာ မင်းဇော်ဦးတို့ ပါဝင်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း မပြုရသေးသောအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ဖွဲ့စည်းလိုက်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံအကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၂)တွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာ တင်မျိုးဝင်း၊ အတွင်းရေးမှူးအဖြစ် ဦးလှမောင်ရွှေနှင့် အဖွဲ့ဝင် ခုနစ်ဦးတို့ ပါဝင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ပြန်လည်ဖွဲ့စည်းရေးကော်မတီဖွဲ့စည်း

**နေပြည်တော် မေ ၃၁**

နိုင်ငံတော်သမ္မတရုံး၏ မေလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၅/ ၂၀၁၆ ဖြင့် **"အမျိုးသား ပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးဗဟိုဌာန ပြန်လည်ဖွဲ့စည်းရေးကော်မတီ"** ကို ဖွဲ့စည်းလိုက်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC) အား အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Centre – NRPC)အဖြစ် ပြန်လည်ဖွဲ့စည်း ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။

အဆိုပါကော်မတီတွင် ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဥက္ကဋ္ဌအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ အတွင်းရေးမှူးအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်၊ အဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(ငြိမ်း)၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်း၊ စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ ဒေါက်တာ တင်မျိုးဝင်း၊ ဒေါက်တာ မင်းဇော်ဦး၊ ဦးမိုးဇော်ဦး စုစုပေါင်း ၁၀ ဦးဖြင့် ဖွဲ့စည်းလိုက်သည်။

အဆိုပါအဖွဲ့၏လုပ်ငန်းတာဝန်များအနေဖြင့် နေပြည်တော်တွင် ဗဟိုဌာနရုံးချုပ်ထားရှိပြီး ရန်ကုန်ရှိ ယခင် MPC ကို NRPC ၏ ရန်ကုန်ရုံးခွဲအဖြစ် ဖွဲ့စည်းရန်၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပြည်တွင်း ပြည်ပ ထောက်ပံ့ကူညီမှုများ၊ နိုင်ငံတော်ဘတ်ဂျက်မှ ခွဲဝေကျခံသုံးစွဲမှုများ စနစ်တကျရှိစေရေးအတွက် အလှူရှင်များနှင့် ညှိနှိုင်းရေးလုပ်ငန်းစဉ်များကို NRPC က တာဝန်ယူဆောင်ရွက်နိုင်သည်အထိ ဖွဲ့စည်းပေးရန် စသည်ဖြင့် အချက် ခုနစ်ချက်ပါရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မုတ်သုံလေ အားအသင့်အတင့်ရှိမည်


နေပြည်တော် မေ ၃၁

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင် နှင့်ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

(မိုး/ဇလ)

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မေလ ၁၁ ရက်နေ့မှ ၂၁ ရက်နေ့အထိ ထွက်ရှိသော စာအုပ်စာရင်း













*ယမန်နေ့မှအဆက်*

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၈၀။ | လင်းတည်ဦး | တွမ်မောင်နှံနှင့် မျောက်ဇောက်ထိုးဆပ်ကပ် | ၁၅၀၀- | ပင်ဝါးရုံ |
| ၈၁။ | ထွန်းမျိုးဌေး | တရားခွင်ပေါ်က ပြဿနာများအတွဲ-၂ | ၃၅၀၀- | ဝန်ချတောင် |
| ၈၂။ | ဦးဝမ်းထိန် | ပန်းပျိုးသောလက် ပန်းထွက်သောမြေ ပန်းဝေသောဥယျာဉ် | ၂၀၀၀- | ပတ္တမြားငမောက် |
| ၈၃။ | ဟယ်ရီလွင် | ခရမ်းပြာဝိုင် ကဗျာစု | ၂၀၀၀- | ကောင်းစုသာ |
| ၈၄။ | သန်းဌေး | သတင်းထောက်ဖြောင့်ချက် | ၃၀၀၀- | ကောင်းစုသာ |
| ၈၅။ | မေဇွန်အေး | မျှားယူနေရတဲ့လရောင် | ၃၀၀၀- | ကောင်းစုသာ |
| ၈၆။ | ဗညိုထွန်း | လင်းလက်မဲ့ရပ်ဝန်းမှ ပြင်းရှသောရသများ | ၂၀၀၀- | ယဉ်မျိုး |
| ၈၇။ | | ဖူးငုံသစ်ဆင်းစာပန်းခင်း | ၁၅၀၀- | |
| ၈၈။ | ပေါ်ထွန်းအံ့ | အဖြေနဲ့ငွေ | ၇၀၀ | |

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၈၉။ | မောင်မောင်သောင်း | ဖြတ်သန်းခဲ့ရသည့် ဝန်ထမ်းဘဝ | ၂၅၀၀- | |
| ၉၀။ | ချစ်သမီး | ဘဝဒိုင်ယာရီနှင့် အခြားစာမျက်နှာများ | ၁၈၀၀- | လောကသရဖူ |
| ၉၁။ | မောင်ညိုမှိုင်း | ရင်ကွဲနေ (ပထမပိုင်း) | ၂၀၀၀- | စိတ်ကူးသစ်စာပေ |
| | | ရင်ကွဲနေ (ဒုတိယပိုင်း) | ၂၀၀၀- | စိတ်ကူးသစ်စာပေ |
| ၉၂။ | ကြည်အေး | အပြင်ကလူ | ၁၇၀၀- | စိတ်ကူးချိုချို |
| ၉၃။ | ဒေါက်တာအုန်းကျော် | ကြယ်ကြွေသောနှစ်နှင့် ကိုယ်တွေ့ဇာတ်လမ်းများ | ၂၅၀၀- | တံခွန်တိုင် |
| ၉၄။ | ဒဂုန်ရွှေမျှား | ဆူးတစ်ထွေ | ၂၅၀၀- | Quality |
| ၉၅။ | အယ်ဒီတာအဖွဲ့ | မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရား | ၂၀၀၀- | ဆုပြည့်စုံထွန်း |

# ကျောင်းသားကျောင်းသူများ စာသင်ခန်းအတွင်း၌ပင် အမှန်တကယ်စာတတ်မြောက်အောင် သင်ကြားပေးရန်လို



**နေပြည်တော် မေ ၃၁**

ကျောင်းသား ကျောင်းသူများအားလုံးကို ကျောင်းစာသင်ခန်းအတွင်း၌ပင် အမှန်တကယ်စာတတ်မြောက်ရန်နှင့် အကျင့်စာရိတ္တကောင်းမွန်အောင်၊ ကျောင်းတက်မှန်လာအောင် ပြုစုပေးကြရန်နှင့် ဆရာ ဆရာမများအားလုံးက ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း မေ ၃၀ ရက်က ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး သီတင်းပတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း က ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းအပ်နှံရေးသီတင်းပတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အခမဲ့ထောက်ပံ့ပစ္စည်းများဖြစ်သည့် KG Kit ပုံးများ၊ ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများကို ပျဉ်းမနားမြို့နယ်ပညာရေးမှူးနှင့် လယ်ဝေးမြို့နယ်ပညာရေးမှူးတို့အား လည်းကောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူတို့က ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့မှ ပညာရေးမှူးတို့အား လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် နေပြည်တော်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစိုးဝင်းက အခြေခံပညာအလယ်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် အလုပ်ရုံဆွေးနွေးပွဲတွင် အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြသည့် ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာကိုပေးအပ်ပြီး အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ်အလိုက် ထူးချွန်ဆရာ ဆရာမများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရွှေကုက္ကို**

---

❖ *ရှေ့ဖုံးမှ*

နောက်ထပ် ထပ်မံဖြည့်ဆည်းရရှိရေး တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ကြိုးပမ်းလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်''ဟု ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားမှု၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့မှုနှင့် ပြန်လည်ရရှိရေး ဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ မီဒီယာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုအခါ တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပြည်သူများသို့ အပြည့်အဝရရှိစေရေးနှင့် လျှပ်စစ်ပြတ်တောက်မှုပြဿနာများ ရင်ဆိုင်ကြုံတွေ့နေရခြင်းကြောင့် တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရေး ကော်ပိုရေးရှင်းအနေဖြင့် ပြုပြင်ထိန်းသိမ်းမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည့်အပြင် လျှပ်စစ်ဓာတ်အား လေလွင့်မှုဖြစ်ပေါ်စေသည့် သစ်ပင်၊ သစ်ကိုင်းအချို့တို့ကိုလည်း ခုတ်ထွင်ရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ပြုလုပ်နေစဉ်အတွင်း လျှပ်စစ်ပြတ်တောက်မှုများကို မည်သည့်မြို့နယ်၊ မည်သည့်ဒေသတို့တွင် ဖြစ်ပေါ်နိုင်မည်ကိုလည်း သက်ဆိုင်ရာအနေဖြင့် ရုပ်သံမီဒီယာ၊ သတင်းစာတို့အပြင် FM ရေဒီယိုလိုင်းများမှလည်း ပြည်သူများသို့ အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီး လျှပ်စစ်သုံးစွဲမှုသည် မဂ္ဂါဝပ် ၁၁၅၀ နှင့် ၁၂၀၀ ဝန်းကျင်ရှိသဖြင့် နိုင်ငံတစ်ဝန်း လျှပ်စစ်သုံးစွဲမှုအနက် ထက်ဝက်ကျော်ရှိမည်ဖြစ်သည်။ ရန်ကုန်မြို့သည် မြန်မာနိုင်ငံအနေဖြင့် လူဦးရေထူထပ်များပြားပြီး အလုပ်အကိုင်အခွင့်အလမ်း များပြားသည့် စက်မှုဇုန်များ၊ ဟိုတယ်များ၊ ပြည်ပကုမ္ပဏီလုပ်ငန်းများ တစ်နေ့ထက်တစ်နေ့တိုးပွားလာခြင်းကြောင့် လျှပ်စစ်လိုအပ်ချက်ပြဿနာမှာ ရင်ဆိုင်နေရဆဲဖြစ်သည်။

"ရန်ကုန်မှာက နိုင်ငံတစ်ဝန်းသုံးစွဲနေတဲ့မဂ္ဂါဝပ် ထက်ဝက်လောက် သုံးစွဲနေတာပါ။ ဒါပေမယ့် ခေတ်စနစ်ရဲ့ တိုးတက်လာမှုနဲ့အတူ လိုအပ်ချက်ကတော့ ရှိနေဦးမယ်။ ဘာကြောင့်လဲဆိုတော့ ရန်ကုန်မှာ အထပ်မြင့် အဆောက်အအုံ ၂၀၀ ကျော်လောက် ဆောက်ဖို့ရှိပါတယ်။ ဒါ့အပြင် စီမံကိန်းသစ်တွေ၊ တန်ဖိုးနည်းအိမ်ရာတွေလည်း ထပ်မံဆောက်ဖို့ ရှိနေပါတယ်။ ဒီအတွက် လာမယ့် နွေရာသီမှာ နောက်ထပ် မဂ္ဂါဝပ် ၄၀၀ လောက်ရဖို့ကို ကြိုးပမ်းသွားပါမယ်" ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

တိုင်းဒေသကြီး အစိုးရအနေဖြင့် လာမည့် နွေရာသီတွင် လျှပ်စစ်မီး လုံလောက်စွာရရှိရေးအတွက် မဂ္ဂါဝပ် ၄၀၀ ကို နိုင်ငံတကာမှ လုပ်ငန်းရှင်များဖြင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ဂက်စ်အင်ဂျင်တာဘိုင်များဖြင့် လုပ်ဆောင်သွားမည်ဖြစ်ပြီး ကုန်ကျစရိတ်မှာလည်း တစ်ယူနစ် ငွေကျပ် ၁၃၀ မှ ဖြန့်ဖြူးပြီး ငွေကျပ် ၁၅၀ ကျော်အထိ ပေးဆောင်ရနိုင်ခြင်းကြောင့် ယင်းလုပ်ငန်းအတွက် ဖြန့်ချိသူ၊ ရောင်းချသူနှင့် ဝယ်ယူသုံးစွဲသူများအကြား အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းများအတွက် တိုင်းဒေသကြီး အစိုးရအနေဖြင့် ယခုကတည်းက အကောင်အထည် ဖော်လျက်ရှိပြီး လာမည့်နွေရာသီအမီ ကြိုးပမ်းသွားမည်ဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့တွင် ဓာတ်အားပေးရုံ လေးရုံရှိပြီး တာဘိုင် ၆၁ လုံးဖြင့် မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးမှ တစ်ယူနစ် ၅၇ ကျပ်နှုန်းဖြင့် ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရေးကော်ပိုရေးရှင်းက ဝယ်ယူကာ အနည်းဆုံး တစ်ယူနစ် ၃၅ ကျပ်နှုန်း အခြေခံ ထားပြီး မီတာသုံးစွဲမှုပေါ်မူတည်၍ဖြန့်ဖြူးကောက်ခံပေးလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

# ကျိုင်းတုံမြို့ ရပ်တော်မူဘုန်းကြီးကျောင်း၌ မှိုစား၍ အစာအဆိပ်သင့်မှုဖြစ်




**ကျိုင်းတုံပြည်သူ့ဆေးရုံကြီး ဆေးကုသဆောင်ကို တွေ့ရစဉ်**

**ကျိုင်းတုံ မေ ၃၁**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့ ရပ်တော်မူ ဘုန်းကြီးကျောင်းတွင် ယနေ့နံနက်က မှိုစားသုံး၍ ရဟန်းသုံးပါးနှင့် ကျောင်းဆရာမ ၁၅ ဦး အစာအဆိပ်သင့်ကာ ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုင်းတုံမြို့ ရပ်တော်မူ ဘုန်းကြီးကျောင်းတွင် မေ ၃၀ ရက်က တောင်ပေါ်ကျေးရွာတစ်ရွာမှ အလှူရှင်တစ်ဦး လှူဒါန်းထားသည့် ဖက်ဆွတ်မှိုဟုယူဆရသော မှိုပွင့် ၂၀ ခန့်ကို ကန်စွန်းရွက်၊ ဖရုံရွက်၊ ဟင်းနုနွယ်ရွက်တို့ဖြင့် ရော၍ လုံးထားခဲ့ပြီး ယနေ့နံနက် အစောပိုင်းတွင် ကြော်ခဲ့သည်။ နံနက် ၅ နာရီတွင် တောင်ပေါ်ငါးအုပ်စုမှ ကြွရောက်နေသည့် တောင်တန်းသာသနာပြု ရဟန်းသုံးပါးသည် ၎င်းဟင်းပါဝင်သော ဆွမ်းဘုဉ်းကိုပေးခဲ့ပြီး ကျောင်း၌တည်းခိုနေသည့် ကျောင်းဆရာမ ၁၅ ဦးတို့သည်လည်း နံနက် ၇ နာရီခန့်တွင် စားသောက်ခဲ့သည်။

နံနက် ၁၀ နာရီခွဲတွင် ဆရာမလေးဦးသည် ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်းများဖြစ်၍ ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူရပြီး မွန်းလွဲ ၁ နာရီနောက်ပိုင်းတွင် ရဟန်းသုံးပါးနှင့် ကျန်ဆရာမ ၁၁ ဦးတို့ အလားတူ ဝေဒနာခံစားရ၍ ဆေးကုသမှုခံယူနေရခြင်းဖြစ်သည်။

"အခု အခြေအနေအရ စိုးရိမ်ရမှု မရှိပါဘူး။ ဒါပေမယ့် မှိုအမျိုးအစားကို မတွေ့ရတော့ စောင့်ကြည့်ရဦးမှာပါ။ Amatohintyp ဆိုတဲ့ မှိုအမျိုးအစားစားသုံးမိရင်တော့ ရှစ်နာရီနဲ့ ၁၂ နာရီကြားမှာ အန်တတ်တယ်။ ၂၄ နာရီနဲ့ ၄၈ နာရီလောက်မှာ မျက်လုံးတွေဝါလာပြီး အသည်းပျက်စီးနိုင်ပါတယ်။ ဒါကြောင့် နှစ်ရက်လောက် စောင့်ကြည့်ရဦးမှာဖြစ်တယ်''ဟု ကျိုင်းတုံပြည်သူ့ဆေးရုံကြီးမှ အထွေထွေရောဂါကုသမားတော်ကြီး ဒေါက်တာရဲကျော်စိုးက ပြောသည်။

"စားသုံးလို့ရတဲ့ မှိုအမျိုးအစားဖြစ်နေပါစေ အခုလို ရာသီဥတုမညီညွတ်တဲ့အချိန်ထွက်တဲ့ မှိုမျိုးကတော့ အဆိပ်သင့်တတ်တယ် သတိပြုစရာဖြစ်တယ်" ဟု ဆရာတော်တစ်ပါးက မိန့်ကြားသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

---

# ရေသယ်ယာဉ်ကြိတ်မိ၍ အမျိုးသမီးတစ်ဦးသေဆုံး

**မြင်းခြံ မေ ၃၁**

မြင်းခြံမြို့ အမှတ်(၁) သံမဏိစက်ရုံအေးရှားဝေါလ် ကုမ္ပဏီဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာတွင် မေ ၃၀ ရက် နံနက် ၁၁ နာရီခွဲခန့်က ရေသယ်ယာဉ်နောက်ဘီးဖြင့် ကြိတ်မိသဖြင့် ၇၈ နှစ်အရွယ် အမျိုးသမီးကြီးတစ်ဦး သေဆုံးခဲ့သည်။

ယာဉ်မောင်း ဦးညိုမောင်သည် ဟီးနိုးရေသယ်ယာဉ်ကို မောင်းနှင်၍ အိမ်ရာအတွင်း ရေများလိုက်လံဖြန့်ဝေပေးနေစဉ် လိုင်းခန်းနေ ဒေါ်ပု(၇၈ နှစ်)သည် ယာဉ်၏ဝဲဘက်ဘေးမှ ရေပိုက်ကိုကိုင်၍လိုက်သွားရာမှ အရှိန်မထိန်းနိုင်ဘဲ လဲကျသွားပြီး ယာဉ်၏ဝဲဘက်နောက်ဘီးဖြင့် ကြိတ်မိကာ ဦးခေါင်းပွင့်ထွက်ဒဏ်ရာဖြင့် သေဆုံးခဲ့သဖြင့် မြင်းခြံနယ်မြေရဲစခန်းက အမှုဖွင့်ထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

---

# အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ရာမှယာဉ်မီးလောင်၍ လူသေဆုံးမှုဖြစ်

**ဒိုက်ဦး မေ ၃၁**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဒိုက်ဦးမြို့နယ် အုတ်ရစ်ကုန်းစခန်းအနီး၌ မေ ၃၁ ရက် နံနက် ၁ နာရီ မိနစ် ၄၀ ခန့်တွင် ယာဉ်မတော်တဆထိခိုက်မှုဖြစ်ပွားရာမှ မော်တော်ယာဉ်မီးလောင်၍ လူသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၆၁/၁) နှင့် (၆၁/၂) အကြား၌ မေ ၃၁ ရက်က ယာဉ်တိုက်မှုဖြစ်ပွားပြီး မီးလောင်နေကြောင်း သတင်းအရ စခန်းမှူးနှင့် တာဝန်ရှိသူများသွားရောက်စစ်ဆေးရာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ (၃၄နှစ်)ခန့်ရှိ နိုင်ငံခြားသားတစ်ဦးဖြစ်သော Mr.Balasta Josegh Boral မောင်းနှင်လာသော ယာဉ်အမှတ် 2K/-------အဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းမကြီးဘေး မြေသားလမ်းပေါ်တွင် ပျက်၍ ရပ်ထားသော ဝင်းနိုင် (၄၃ နှစ်) မှော်ဘီမြို့နေသူမောင်းနှင်သည့် ယာဉ်အမှတ် 1G/------HIJET အဖြူရောင်ယာဉ်ကို ကူညီရန် ယာဉ်အမှတ် 6L/--------ဟိုင်းလတ်ယာဉ်မှ ရောက်ရှိရပ်ထားစဉ် တိုက်မိရာ HIJET ယာဉ်ပေါ်၌ ပါလာသော ယာဉ်မောင်း ဝင်းနိုင်မှာ ဒဏ်ရာများဖြင့် သေဆုံးပြီး ဦးသောင်းမြင့် (၆၅ နှစ်) ကျောက်တံခါးမြို့နေသူတွင် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကာ ယာဉ်နှစ်စီးမှာ မီးလောင်သွားခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ စခန်းမှူး ရဲအုပ်ဇော်လင်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်လက်ထောက်ဦးစီးမှူး ကျော်ဇင်ဝင်းနှင့် အဖွဲ့ဝင်များ သွားရောက်၍ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ နိုင်ငံခြားသားအား အုတ်ရစ်ကုန်းရဲစခန်းက အမှုဖွင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**





တည်ဆောက်ပြီးစီးသွားသည့် မဟာဗန္ဓုလအငှားအိမ်ရာ တိုက်ခန်းများကို တွေ့ရစဉ်

# မဟာဗန္ဓုလအငှားအိမ်ရာအိမ်ခန်းပေါင်း ၁၁၅၂ ခန်း ပြီးစီး

**သတင်း-အေးကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မေ ၃၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်-၂လမ်းမကြီးနှင့် ဗန္ဓုလလမ်းထောင့် မဟာဗန္ဓုလ အငှားအိမ်ရာ အိမ်ခန်းပေါင်း ၁၁၅၂ ခန်း ပြီးစီး၍ တိုက်ခန်းမဲပေါက်သူများ ဩဂုတ်လတွင် နေထိုင်ရတော့မည်ဖြစ်ကြောင်း မဟာဗန္ဓုလ အငှားအိမ်ရာတည်ဆောက်နေသည့်ကုမ္ပဏီတစ်ခု၏ တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့ဆောက်လုပ်တဲ့ တိုက်ခန်းတွေက မီတာ တပ်ဆင်ဖို့ပဲ ရှိတော့တယ်။ ကျန်တဲ့ ကုမ္ပဏီတိုက်ခန်းတွေ ဆောက်လုပ်တာလည်း အားလုံးနီးပါး ပြီးစီးနေပါပြီ။ လမ်းနဲ့ မီးတိုင်ဆက်သွယ်တာတွေ နည်းနည်းပဲ ကျန်တော့တယ်။ တိုက်ခန်းက တစ်တိုက်ကို လေးထပ်အခန်း ၂၄ ခန်း ရှိတယ်။ အိပ်ခန်းနှစ်ခန်း၊ ညှော့ခန်း၊ မီးဖိုချောင်ခန်း တစ်ခန်းစီပါတယ်။ အဝီစိရေလည်း ကောင်းပါတယ်"ဟု ကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

"အခုလို တိုက်ခန်းတွေပြီးစီးသွားပြီ ကြားရလို့ ကျေးဇူးတင်ပါတယ်။ ဒီနှစ်မကုန်ခင် နေရတော့မယ်ဆိုတော့ ကျွန်တော်တို့ မိသားစု အလွန်ဝမ်းသာပါတယ်"ဟု တိုက်ခန်းမဲပေါက်သူ မြောက်ဥက္ကလာပမြို့နယ်မှ အနေးယာဉ်လုပ်သား တစ်ဦးက ပြောသည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးက ဖေဖော်ဝါရီလအတွင်း လျှောက်လွှာများ ခေါ်ယူခဲ့သည့် မဟာဗန္ဓုလ အငှားအိမ်ရာတိုက်ခန်း လျှောက်ထားသူများကို မတ် ၁၂ ရက်က လျှောက်ထားသူများ၏ ရှေ့မှောက်၌ ပွင့်လင်းမြင်သာစွာဖြင့် မဲနှိုက်ရွေးချယ်ပြီး တစ်လ အိမ်ခန်းငှားခ ငွေကျပ် သုံးသောင်း နှုန်းဖြင့် ငှားရမ်းပေးခြင်းဖြစ်သည်။

**(မြန်မာ့အလင်း)**

# မေ ၃၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၆ ခုနှစ် မေ ၃၁ ရက် ( အင်္ဂါနေ့)ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၀၀၀ မှ ၄၂၅၀၀ |
| ၂။ | ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၄။ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၃၀၀၀၀ |
| ၅။ | မိုးသုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၀၀၀ မှ ၂၆၀၀၀ |
| ၆။ | နွေသီးထပ်(ရှယ်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၈၀၀ မှ ၁၉၀၀၀ |
| ၇။ | ပဲစင်းငုံနီ RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၉၀၀၀၀ |
| ၈။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၆၉၇၀၀၀ |
| ၉။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ပဲခူး၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၃၀ မှ ၁၇၀၀ |
| ၁၀။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ မြင်းခြံ၊ မြစ်သား၊ တောင်သာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၆၀၀ |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၄၀၀ မှ ၃၅၀၀ |
| ၁၂။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၁၅၀ မှ ၃၈၀၀ |
| ၁၃။ | ငရုတ်(ရှည်) | ကျောက်ရဲ၊ ဝါးခယ်မ၊ ရွှေလောင်း၊ ပန်းတနော်၊ အိန္ဒိယ၊ ဗီယက်နမ်၊ အိမ်မဲ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၀၀ မှ ၃၀၀၀ |
| **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။** | | | | | |


**သတိပေး နှိုးဆော်ချက်**

ပန်းဘဲတန်းမြို့နယ်နှင့် လသာမြို့နယ်ကြား ရွှေတိဂုံဘုရားလမ်းပေါ် မဟာဗန္ဓုလလမ်းမှ အနော်ရထာလမ်းအထိ တောင်မှမြောက်သို့ တစ်လမ်းမောင်း သတ်မှတ်ထားပါသည်။ အဆိုပါ လမ်းပိုင်းအတွင်းသို့ တစ်တန်ခွဲနှင့်အထက်ယာဉ်များ ဝင်ရောက်ခြင်းမပြုကြရန်နှင့် သတ်မှတ်ပေးထားသည့် တစ်လမ်းမောင်းစနစ်အတိုင်း မောင်းနှင်သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**


❒ *ကျောဖုံးမှ*

အဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၃၆ ဦးတို့သည် ရမည်းသင်းမြို့ ဗဟိုအကျဉ်းထောင်မှ ယနေ့ လွှတ်မြောက်လာခဲ့သည်။ ၎င်းတို့ကို စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပို့ဆောင်ပြီး ထိုမှတစ်ဆင့် ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဥက္ကာရခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးအောင်ထံမှ သိရသည်။

ဦးစိုးအောင်က "ဒီနေ့လွှတ်ပေးလိုက်တာကတော့ အမျိုးသား ၂၂ ဦးနဲ့ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၃၆ ဦးပါ၊ ဘာကြောင့် လွှတ်ပေးတာလဲဆိုတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ စစ်ဆေးချက်အရ အပြစ်မရှိဘူးလို့ ယူဆတဲ့သူတွေကို လွှတ်ပေးလိုက် တာပါ။ ကျန်တာကတော့ ဒီအလုပ်သမားအဖွဲ့ရဲ့ ခေါင်းဆောင် ကိုခိုင်မင်း အပါအဝင် ၁၅ ဦး ကျန်ပါသေးတယ်၊ သူတို့ကိုတော့ လိုအပ်တာတွေ ဆက်လက်စစ်ဆေးသွားမယ်လို့ သိရပါတယ်။ အခုလွှတ်လိုက်တဲ့ အလုပ်သမားတွေကို အလုပ်ရှင်ကိုယ်တိုင်ကလည်း ပြောထားတာ ရှိပါတယ်၊ အလုပ်ရှင်က သူတို့ခန့်နိုင်တဲ့အင်အားကို ပြောထားတယ်၊ အဲဒါကိုတော့ ခန့်ပေးမယ်၊ နောက်ထပ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ကလည်း သူတို့ကို သပ်သပ် ဒီ့အပြင်နေရာတွေမှာတော့ အလုပ်ရှာပေးမယ်ဆိုပြီး အရင်ကတည်းကလည်း ညှိနှိုင်းထားတာရှိပါတယ်၊ သူတို့ဘက်က အဆင်မပြေလို့ပါ၊ အခုလွှတ်မြောက်တဲ့ အလုပ်သမားတွေအနေနဲ့ လိုအပ်ချက်တွေ ထပ်ပြီး တောင်းဆိုသွားမယ်ဆိုလျှင် ဥပဒေဘောင်အတွင်းက နေပဲ ဖြစ်မယ်ဆိုရင် ပိုကောင်းပါတယ်၊ ဒီလိုအလုပ်သမားတွေ ပြန်လွှတ်တာက ရက် ၁၀၀ စီမံချက်လားဆိုတော့ ဟုတ်တယ်၊ နောက်ထပ်လည်း ပြည်ထဲရေး ဝန်ကြီးဌာနအနေနဲ့ နိုင်ငံရေး အကျဉ်းသားလို့ ယူဆထားတဲ့ သူတွေ အကုန်လုံးကို စစ်ဆေးပြီးတော့ လွှတ်ပေးနေတာတွေရှိတယ်။ ရဲတပ်ဖွဲ့နဲ့ အကျဉ်းဦးစီးဌာနနဲ့ပေါင်းပြီး လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ဆိုသည်။

ယနေ့လွှတ်မြောက်လာသည့် ထိန်းသိမ်းခံဆန္ဒပြ အလုပ်သမားများအဖွဲ့မှ ကိုမင်းမင်းက ၎င်းတို့ရုံးချိန်းရက်မှာ ဇွန် ၁ ရက်နေ့မှဖြစ်သော်လည်း တစ်ရက်ကြို၍ လွှတ်မြောက်လာခြင်းဖြစ်ကြောင်း၊ လွှတ်မြောက်ရသည့်အကြောင်းရင်းကိုလည်း ၎င်းတို့ကိုယ်တိုင်မသိရဟု ဆိုသည်။ ကျန်ရှိနေသည့် ၁၅ ဦးတွင် ဆန္ဒပြ အလုပ်သမား ခေါင်းဆောင် ကိုခိုင်မင်း အပါအဝင် ကိုသိန်းဦး၊ ကိုဝင်းမင်းဦး၊ စောအန်းထွန်းတို့ ပါဝင်ကြောင်း သိရသည်။ ၎င်းတို့အနေဖြင့် အလုပ်သမားများ အခွင့်အရေး ရိုးရိုးသားသား တောင်းဆိုခဲ့သည့်အတွက် နောင်တမရကြောင်း၊ ကျန်ရှိနေသည့် အလုပ်သမား ခေါင်းဆောင်များ ပြန်လည်လွှတ်မြောက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုမင်းမင်းကပြောသည်။ ဆန္ဒပြအလုပ်သမား အများစုမှာ စစ်ကိုင်းမြို့ဒေသခံများဖြစ်ကြပြီး တပ်ကုန်း၊ စဉ့်ကိုင်၊ ကျောက်ဆည် စသည့်ဒေသများမှ သွားရောက် လုပ်ကိုင်သူများလည်း ပါဝင်သည်။

ထိန်းသိမ်းခံခဲ့ရပြီး ယနေ့လွှတ်မြောက်လာသူများထဲတွင် ပါဝင်သည့် ဆန္ဒပြအလုပ်သမားများအဖွဲ့မှ ကိုနိုင်ဦးကလည်း "ထောင်ထဲမှာ အခက်အခဲကတော့ ထောင်စည်းကမ်းအတိုင်းနေရတာဆိုတော့ မစားချင်လည်းစား၊ စားချင်လည်း စားရတာပေါ့။ အခုလွှတ်လာပြီဆိုတော့ အရင်တောင်းဆိုထားတဲ့ အလုပ်သမားအခွင့်အရေး အပြည့်အဝရဖို့ ဆက်ပြီးတောင်းဆိုသွားပါမယ်၊ နောက်ပြီး ကျန်နေတဲ့ အလုပ်သမားခေါင်းဆောင်တွေ လွှတ်မြောက်ဖို့အတွက် ဆက်ပြီး ဆောင်ရွက်သွားမှာပါ။ အဖိနှိပ်ခံအလုပ်သမားတွေအတွက် အခွင့်အရေးတွေ ပြန်ရဖို့အတွက်ဆိုရင် ရှေ့ကနေ နောင်တမရဘဲ ဆက်လက်ဆောင်ရွက်သွားမယ်"ဟု ပြောသည်။

ယင်းဆန္ဒပြအလုပ်သမားများသည် တစ်ရက်လုပ်ခ ငွေကျပ် ၃၆၀၀ သာ ရရှိသည့်အတွက် ကျွမ်းကျင်ကြေး၊ လုပ်သက်ခံစားခွင့်၊ ရက်မှန်ကြေး၊ စားစရိတ်၊ နေစရိတ်နှင့် ခရီးစရိတ်များပါ ရရှိရေး တောင်းဆိုခဲ့ကြရာ ဖေဖော်ဝါရီလအတွင်းက အဆိုပါစက်ရုံမှ အလုပ်ထုတ်ခံခဲ့ရသဖြင့် လမ်းလျှောက်ဆန္ဒပြခဲ့ကြရာ ထိန်းသိမ်းခံခဲ့ရပြီး ယနေ့တွင် ၃၆ ဦး လွှတ်မြောက်ခဲ့ခြင်းဖြစ်သည်။


## မွေးနေ့ဆုမွန်ကောင်းတောင်းလွှာ

သား၊ သမီး၊ မြေးများနှင့် ဝန်ထမ်းများအပေါ် မေတ္တာတရားကြီးမားသော ကျေးဇူးရှင်ချစ်ဖေဖေ 'မုံရွာဆရာမိုး'၏ ၁-၆-၂၀၁၆ ရက်တွင် ကျရောက်မည့် (၇၂)နှစ်ပြည့်မွေးနေ့မှသည် အသက်ရာကျော်ရှည်သည့်တိုင်အောင် ချစ်သောသား၊ သမီး၊ မြေးများနှင့်အတူတကွ သာသနာပြုနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**သား၊ သမီး**- ဗိုလ်မှူးကျော်ကိုကိုရှိန်း-ဒေါ်မိုးပြည့်ပြည့်ဖြိုး

**မြေးများ** - မောင်ကျော်ကိုကိုဆက်နိုင် (Total Primary-1)

- မောင်သုဝေယံရှိန်း (Senior-Breezy-Total)

- မောင်မိုးပြည့်စုံဟိန်း(Leader-Aplomb-Total)

**ညီ** - ဦးမြင့်

**တူ၊ တူမများနှင့် မုံရွာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးဝန်ထမ်းများ**



## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သည့် အရည်အသွေးပြည့်မီသော ကတ္တရာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိပြီးသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | ကတ္တရာ (၈၀/၁၀၀) Country of Origin | (၅၀၀)တန် Iran |

(ခ) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁-၆-၂၀၁၆ ရက်

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၆-၂၀၁၆ ရက် ၁၆:၀၀ နာရီ

**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန (လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန(လမ်း/တံတား)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖုန်း-၀၆၇-၄၃၂၀၃၇

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



## တိုင်းဒေသကြီးအစိုးရအဖွဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်ရုံးနှင့် ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့နယ်ရုံး အဆောက်အအုံဆောက်လုပ်ရန်အတွက် စိတ်ပါဝင်စားသော အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ကနီမြို့နယ်ရုံး ( ၄၄ပေ×၂၄ပေ×၁၁ပေ)နှင့် (၃၂ပေ×၂၀ပေ×၁၁ပေ) အုတ်ညှပ်တစ်ထပ်သွပ်မိုး (ရေ၊ မီး၊ ခြံစည်းရိုးအပါ)

(ခ) ကျောက်မြောင်းမြို့နယ်ရုံး (၄၄ပေ×၂၄ပေ×၁၁ပေ)နှင့် (၃၂ပေ×၂၀ပေ×၁၁ပေ) အုတ်ညှပ်တစ်ထပ်သွပ်မိုး (ရေ၊ မီး၊ ခြံစည်းရိုးအပါ)

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂-၆-၂၀၁၆ ရက်

(ခ) **တင်ဒါတင်သွင်းရန်** - ၁-၇-၂၀၁၆ ရက်

(ဂ) **တင်ဒါဖွင့်ရက်** - ၄-၇-၂၀၁၆ ရက်

(ဃ) **တင်ဒါဖွင့်မည့်နေရာ** - လူမှုရေးဝန်ကြီးရုံးခန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃-၆-၂၀၁၆ ရက်မှစ၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့တွင်ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၆၂၈၄၊ ၀၇၁-၂၁၀၀၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

**စစ်ကိုင်းတိုင်းဒေသကြီး**



## ဥယျာဉ်ခြံမြေရောင်းမည်

ရန်ကုန်-ပြည်ကားလမ်းဘေး မိုင်တိုင်(၄၃/၅) ဂုတ်ခြံ ရေ၊ မီးစုံ (၆.၄၂)ဧက၊ တစ်ဧက **သိန်း(၆၀၀)**

**ဖုန်း-၀၉-၅၁၂၆၆၀၂၊ ၀၉-၇၉၉၅၀၁၁၂၈**



**ပျောက်ဆုံးကြောင်း**

ကျွန်တော်၏ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရွှေတံခွန်(၃)-၈၇၅၇ ရေယာဉ်၏ပို့ဆောင်ရေး လုပ်ငန်းလိုင်စင်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။

**ဦးခင်မောင်မြင့် ဖုန်း-၀၉-၃၁၁၇၇၂၉၅**



## အမည်မှန်

ဦးယောဟန်၏သမီး ကျိုင်းတုံမြို့ အထက(၄)၊ နဝမတန်း(ခ)အောင်မှ မစိုးဆွေလီ၏ အမည်မှန်မှာ မစိုးဆယ်ရီဟန် ဖြစ်ပါကြောင်း။

**မစိုးဆယ်ရီဟန်**



## ဖြည့်စွက်ဖတ်ရှုပါရန်

၁၀-၅-၂၀၁၆ရက်ထုတ် ဤသတင်းစာ စာမျက်နှာ-၁၂ ကော်လံ(၄)ပါ ငြင်းချက်ထုတ် သမ္မန်စာ ၂၀၁၆ခုနှစ် တရားမမှုကြီး အမှတ်-၁၀ တွင် မာမာစိုး၊ မြို့နယ်တရားသူကြီး၊ ကျိုင်းတုံမြို့နယ်တရားရုံးဟု ဖြည့်စွက်ဖတ်ရှုပါရန်။



**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မြဝတီမြို့၊ အထက(၁)၊ အဋ္ဌမတန်းမှ မောင်ငြိမ်းချမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးဘိုကျော်(ခ)ဦးဝင်းတင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။



## လွယ်လွမ့်ကျေးရွာတွင် ရက် ၁၀၀ စီမံချက် ရေရှားပါးမှုမရှိစေရေး ဆောင်ရွက်ပြီးစီး

**လားရှိုး မေ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်များအတွင်း သောက်သုံးရေရှားပါးမှုမရှိစေရေးအတွက် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရက် ၁၀၀ စီမံချက်အဖြစ် စက်ရေတွင်းများ၊ ရေသိုလှောင်ကန်များ၊ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျေးလက်ဒေသအတွင်း ပြည်သူများ ရေရှားပါးမှုမရှိစေရေးအတွက် လားရှိုးမြို့နယ် နောင်ဖော့ကျေးရွာအုပ်စု လွယ်လွမ့်ကျေးရွာနေ ပြည်သူများအတွက် စိမ့်စမ်းရေ သွယ်တန်းပေးလျက်ရှိရာ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းမော်က မေ ၃၀ ရက် နံနက်က ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါ ရေသွယ်တန်းမှုကို ဧပြီ ၂၈ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး မေ ၂၉ ရက်တွင် လုပ်ငန်းဆောင်ရွက် ပြီးစီးခဲ့ကာ ကျေးရွာရှိ ဒေသခံပြည်သူများ ရေလုံလောက်စွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လားရှိုး)**

## ဇီဝိတဒါနဆေးကုအဖွဲ့မှ ကျေးရွာများအရောက် အခမဲ့ကွင်းဆင်းကုသ

**ရေတာရှည် မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့တွင် ဖွင့်လှစ်ထားသော ဇီဝိတဒါနဆေးကုသခန်းမှ ဆရာဝန်များ၊ သူနာပြုများ၊ သွေးလှူရှင်များနှင့် အကျိုးတော်ဆောင် အဖွဲ့များသည် မေ ၃၀ ရက် နံနက်က သိုင်းဝကျေးရွာအုပ်စု ဉယျာဉ်မှူးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဆင်းရဲနွမ်းပါးသူများ၊ ကျန်းမာရေး မကောင်းသူများအား အနောက်တိုင်းဆေး၊ တိုင်းရင်းဆေးဝါးများဖြင့် ကွင်းဆင်းကုသပေးခဲ့သည်။



ထိုသို့ကုသရာတွင် ဒေါက်တာမောင်မောင်ထွေး ဦးဆောင်သော ဆရာဝန်သုံးဦးနှင့် သူနာပြုအဖွဲ့၊ တိုင်းရင်းဆေးကုသရေး အဖွဲ့တို့က သိုင်းဝကျေးရွာ အုပ်စုအတွင်းရှိ ဉယျာဉ်မှူး၊ ကျွန်းပင်ဆိပ်၊ အရှေ့ကုန်း၊ ဖောင်တုတ်၊ တုံးကြီး၊ ကျွန်းတောစု၊ တမဆယ်ကျေးရွာများမှ ဒေသခံပြည်သူ ၂၃၀ ကျော်အား လာရောက်ပြသကုသပေးခဲ့သည်။ “ကျွန်တော်တို့ဒေသက မြို့နဲ့အလှမ်းဝေးတော့ သွားလာရတာ မလွယ်ကူပါဘူး။ အခုလို ဆရာဝန် ဆရာမတွေနဲ့ အခမဲ့ လာရောက်ကုသပေးတဲ့အတွက် အလွန်ဝမ်းသာပါတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။ **ကိုလွင်(ဆွာ)**

## ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေး

**မုံရွာ မေ ၃၀**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် မုံရွာခရိုင်အတွင်းရှိ ရွှေ့ပြောင်းနေထိုင်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်၊ ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၈ ရက် နံနက်က မုံရွာခရိုင် ဘုတလင်မြို့နယ် သဖန်းကျေးရွာအုပ်စု ကုက္ကိုလ်ကျင်းကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

“ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စု၊ လူဦးရေစာရင်းနဲ့ ကတ်ပြားတစ်မျိုးမျိုးကို ပြုလုပ်ပေးလျက်ရှိပါတယ်။ လုပ်ထုံးလုပ်နည်းကို ဖြေလျှော့ပြီး အချိန်တိုအတွင်း ရပ်ကွက်၊ ကျေးရွာတွေမှာရှိတဲ့ ပြည်သူ့ထံအရောက် ကွင်းဆင်းဆောင်ရွက်ပေးတာဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းတာတွေ သက်သာပြီး အကျိုးရှိပါတယ် ” ဟု ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က ပြောသည်။

အဆိုပါ ကုက္ကိုလ်ကျင်းကျေးရွာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ရွှေ့ပြောင်းထိုင်သူများအား အိမ်ထောင်စုစာရင်းနှင့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးခြင်းကို ရွှေ့ပြောင်းနေထိုင်သူ အိမ်ထောင်စု ၃၉ စုအား ဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်သည့်နေရာသို့ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာများ ကြည့်ရှုစစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀ မြို့နယ်များ၌ ဆောင်ရွက်ချက်များ

### သံတွဲ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် DUAL TECHCo.,Ltd.တို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ပြီး အသက်မွေးဝမ်းကျောင်းမှုအထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် လျှပ်စစ်ဝိုင်ယာရိန်း သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၇ ရက်က သံတွဲမြို့ ဒွါရာဝတီမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အမှာစကားပြောကြားပြီး ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးအေးရွှေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းသို့ သံတွဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၁ အုပ်စုရှိ ကျေးရွာ ၂၃ ရွာမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၂၇ ရက်မှ ဇွန် ၁၈ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ကနီ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ နေထိုင်သည့် အိမ်၊ ခြံမြေယာကွက်များကို မြေငှားဂရန်များ ထုတ်ပေးနိုင်ရေးအတွက် ရက် ၁၀၀ စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်း၊ မြို့နယ်ကျေးလက်မြေများ မြေငှားဂရန်ထုတ်ပေးရေးအဖွဲ့နှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးချစ်နိုင်နှင့် တာဝန်ရှိသူများ မေ ၂၅ ရက်က လမ်းနယ်နိမိတ်နှင့် ကင်းလွတ်ခြင်းရှိ မရှိ၊ သစ်တောမြေတွင် ပါဝင်ခြင်းရှိ မရှိ၊ လယ်ယာမြေများပေါ်တွင် ကျူးကျော်နေထိုင်ခြင်းရှိ မရှိ စစ်ဆေးကာ နယ်နိမိတ်တိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အိမ်၊ ခြံမြေများအဖြစ် ရွေးချယ်သတ်မှတ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**

### မတ္တရာ

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ရဲတပ်ဖွဲ့မှ ရက် ၁၀၀ စီမံချက်ကာလအတွင်း ပြည်သူအကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၂၉ ရက် နံနက်က မတ္တရာ အထက(၁)တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ချုံနွယ်များ၊ အပင်များရှင်းလင်းခြင်းလုပ်ငန်းများကို မတ္တရာမြို့နယ်ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

### ရေစကြို

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့သည် အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

“ရက် ၁၀၀ စီမံချက် ကာလအတွင်း မြို့ပြသာယာလှပသန့်ရှင်းရေးအတွက် အမှိုက်ကန် များမှ တစ်ရက်တန် ၃၀ သိမ်းဆည်းနိုင်အောင် ယန္တရားအသုံးပြုပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါတယ်”ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်က ပြောသည်။

မေ ၃၀ ရက် နံနက်က ရေစကြိုမြို့နယ် ရုံးပေါင်းစုံမြောက်ဘက်အမှိုက်ကန်မှ အမှိုက်များကို ဝန်ထမ်းများက ယန္တရားအသုံးပြု၍ ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# ရွှေ့ပြောင်းအလုပ်သမားများအရေး အပါအဝင် ပြည်သူ့အကျိုးကို တိုက်ရိုက် ဖော်ဆောင်မည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ရက် ၁၀၀

[အလုပ်သမား ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရက် ၁၀၀ စီမံချက်]

■ သတင်းဆောင်းပါး-သီသီမင်း၊ ဓာတ်ပုံ-နေလင်း



ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**အလုပ်သမားရေးရာ ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ပဋိပက္ခတွေ လျော့နည်းကျဆင်းဖို့ဆိုရင် အလုပ်ရှင်ရော အလုပ်သမားတွေရော သူတို့နဲ့သက်ဆိုင်တဲ့ဥပဒေတွေကို ကောင်းစွာ သိရှိဖို့လိုတယ်။**

**အသိပညာပေးခြင်းအားဖြင့် အလုပ်သမားတွေက ဘယ်ကိစ္စ ဆောင်ရွက်ရင်တော့ မှန်တယ်၊ ဘယ်ကိစ္စကတော့ ဥပဒေနဲ့ မညီဘူး၊ စတာတွေသိရှိပြီးတော့မှ သူတို့ အခွင့်အရေးတွေ တောင်းခံတဲ့အခါမှ ညှိနှိုင်းတောင်းခံလို့ရတယ်။**



လူမှုဖူလုံရေးအသင်းဝင် အလုပ်သမားများအား ကျန်းမာရေးစစ်ဆေးစဉ်

ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအခြေအနေပြောင်းလဲလာမှုများနှင့် အတူ နိုင်ငံတစ်နိုင်ငံချင်းစီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများရရှိမှုစသည့် လူနေမှုအဆင့်အတန်း ကွာဟမှုများကြောင့် တစ်နိုင်ငံမှ အခြားနိုင်ငံများသို့သွားရောက်အလုပ်လုပ်ကိုင်သည့် ရွှေ့ပြောင်းအလုပ်သမားများ အရေးအတွက်သည် တစ်နေ့တခြားတိုးပွား လာနေသည်။

မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်မှစ၍ ပြည်ပနိုင်ငံများသို့ မြန်မာအလုပ်သမားများ တရားဝင်လမ်းကြောင်းမှ စေလွှတ်ပေးခဲ့ပြီး ဥပဒေနှင့်အညီ စနစ်တကျဖြစ်စေရန် ၁၉၉၉ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။

သို့ရာတွင် ကျေးလက်ဒေသတွင် အများဆုံးနေထိုင်ကြသူအများစုသည် လုပ်ငန်းခွင်ကျွမ်းကျင်မှုမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပညာရေးအခြေခံအားနည်းခြင်း၊ ဗဟုသုတဆိုင်ရာ အားနည်းမှုများ စသည့်အကြောင်းအချက်များကြောင့် ပြည်ပနိုင်ငံများသို့ပွဲစားများမှတစ်ဆင့် တရားမဝင်လမ်းကြောင်းဖြင့် သွားရောက်အလုပ်လုပ်ကိုင်နေကြရာ ထိုက်သင့်သော လုပ်ခလစာများ မရရှိခြင်း၊ အလုပ်သမား အခွင့်အရေး အပြည့်အဝမရရှိခြင်းတို့ကို ရင်ဆိုင်ခံစားနေရဆဲဖြစ်သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စု အစိုးရသစ်ကာလ၏ ပထမရက် ၁၀၀ သစ္စာစီမံချက်ကာလအတွင်း ရွှေ့ပြောင်းအလုပ်သမားများအရေး အပါအဝင် ပြည်သူ့အကျိုးကို တိုက်ရိုက် ဖော်ဆောင်နိုင်သည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

“ဝန်ကြီးဌာနအနေနဲ့ ရက်ပေါင်း ၁၀၀ သစ္စာစီမံချက်ကာလအတွင်းမှာ ပြည်သူကို တိုက်ရိုက် အကျိုးပြုနိုင်မယ့် လုပ်ငန်းတွေ ဆောင်ရွက်သွားဖို့ရှိတယ်။ အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့တွေ၊ အလုပ်သမားတွေ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနဲ့ အလုပ်သမားရေးရာ ကိစ္စရပ်များကို အကောင်အထည်ဖော်နိုင်ဖို့နဲ့ ရွှေ့ပြောင်းနေထိုင်သူတွေ၊ အိမ်ထောင်စု လူဦးရေစာရင်းနဲ့ ကိုင်ဆောင်သင့်တဲ့ မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးဖို့ကိစ္စတွေနဲ့ အခြေခံပညာကျောင်းတွေမှာရှိတဲ့ အသက် ၁၀ နှစ်ပြည့် ကျောင်းသားကျောင်းသူတွေကို နိုင်ငံသားစိစစ်ရေးကတ်တွေ ထုတ်ပေးသွားဖို့ဆောင်ရွက်သွားမှာဖြစ်ပါ”တယ် ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အလုပ်သမားရေးရာဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနစသည့် ဌာနလေးခုနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန စသည့်ဌာန သုံးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အလုပ်သမားရေးရာဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ရွှေ့ပြောင်းလုပ်သားများ လုံခြုံစွာ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နိုင်ရေးအတွက် သိသင့်သိထိုက်သော အချက်အလက်များ ပြည်သူများကြား တိကျမြန်ဆန်စွာ ဖြန့်ဝေပေးနိုင်ရန်ရည်ရွယ်၍ ရွှေ့ပြောင်းလုပ်သားများထောက်ပံ့ ကူညီရေးဗဟိုဌာန နှစ်ခုကို ရွှေ့ပြောင်းလုပ်သားများအများဆုံးနေထိုင်ရာ ရောဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များတွင် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့ပူးပေါင်း၍ ၂၀၁၆ခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်အတွက် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် နိုင်ငံအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းတို့ကို ပြုလုပ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ်တွင် နေထိုင်သော တိုင်းရင်းသားများအား လုပ်ငန်းကျွမ်းကျင်မှုများရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် သက်မွေးပညာသင်တန်းများကို ထိုင်းနိုင်ငံ၊ အလုပ်သမားဝန်ကြီးဌာန၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် မြန်မာနိုင်ငံအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်းပြီး မြဝတီ၊ တာချီလိတ်နှင့် ထားဝယ်ဒေသများတွင် မြန်မာနိုင်ငံသား စုစုပေါင်း ၁၆၂ ဦးခန့်အား ထိုင်းနိုင်ငံရှိ အသက်မွေးပညာရပ်ဆိုင်ရာ သင်တန်းကျောင်းများမှ နည်းပြများ၊ ပညာရှင်များက သင်တန်းများ လက်ရောက်ပို့ချပေးသွားမည်ဖြစ်ပြီး ထိုင်းနိုင်ငံ အသက်မွေးပညာ အသိအမှတ်ပြု လက်မှတ်များရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်များအား မေလနှင့် ဇွန်လအတွင်း အကောင်အထည်ဖော်သွားမည်ဖြစ်သည်။



နိုင်ငံ့တာဝန်ထမ်းဆောင်နေသော အလုပ်သမားများကို လူမှုဖူလုံရေးအသင်းမှ ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ပေးနေစဉ်

အလုပ်သမားရေးရာ ကိစ္စရပ်များ လျော့နည်းကျဆင်းစေရန်အတွက် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဥပဒေ ၁၈ ခုပြဋ္ဌာန်းကျင့်သုံးပြီး စည်းကြပ်ဆောင်ရွက်လျက်ရှိရာ အဆိုပါ ဥပဒေများမှ အတည်ပြုပြဋ္ဌာန်းပြီးဥပဒေ ကိုးခု ဖြစ်သည့် အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေ ဥပဒေ၊ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေးဥပဒေ၊ ၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေတို့ဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့်အပြင် လိုအပ်ချက်ရှိသည့် ဥပဒေများလည်း ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဝန်ကြီးဌာနမှ ပြင်ဆင်ရေးဆွဲ အသစ်ထုတ်ပြန်ပြီးဖြစ်သည့် ဥပဒေများကို အလုပ်ရှင်၊ မန်နေဂျာ၊ အလုပ်သမားများ၊ Stakeholder များကောင်းမွန်သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပုသိမ်၊ တောင်ကြီး၊ မော်လမြိုင်၊ ဘားအံ၊ စစ်တွေ၊ ထားဝယ်၊ မြိတ်မြို့တို့တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်ကြီးကြပ်၍ ဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ ပါဝင်ကာ အလုပ်သမားရေးရာ ကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲများကိုလည်း ပြုလုပ်သွားမည်ဖြစ်သည်။

“အလုပ်သမားရေးရာကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ပဋိပက္ခတွေ လျော့နည်းကျဆင်းဖို့ဆိုရင် အလုပ်ရှင်ရော အလုပ်သမားတွေရော သူတို့နဲ့သက်ဆိုင်တဲ့ဥပဒေတွေကို ကောင်းစွာသိရှိဖို့လိုတယ်။ ဒါ့ကြောင့် အခုရက် ၁၀၀ အတွင်းမှာ သက်ဆိုင်ရာ စက်မှုဇုန်တွေမှာရှိတဲ့ စက်ရုံအလုပ်ရုံတွေသွားပြီး ဟောပြောမှုတွေ၊ ပညာပေးမှုတွေဆောင်ရွက်မယ်။ အဲဒီလို အသိပညာပေးခြင်းအားဖြင့် အလုပ်သမားတွေက ဘယ်ကိစ္စ ဆောင်ရွက်ရင်တော့မှန်တယ်၊ ဘယ်ကိစ္စကတော့ ဥပဒေနဲ့ မညီဘူး၊ စတာတွေသိရှိပြီးတော့မှ သူတို့အခွင့်အရေးတွေတောင်းခံတဲ့အခါမှ ညှိနှိုင်းတောင်းခံလို့ရတယ် ဆိုတာသိလာပြီး အလုပ်ရှင်၊ အလုပ်သမား၊ ပြီးရင် နိုင်ငံတော်အစိုးရတို့ ညှိနှိုင်းပြီး နားလည်မှုရှိရှိ ဆောင်ရွက်သွားမယ်ဆိုရင် အလုပ်ရှင် အလုပ်သမားကြား အငြင်းပွားမှုပြဿနာတွေဟာ လျော့နည်းသွားမှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် အလုပ်သမားရေးရာ ကိစ္စရပ်တွေ အသိပညာပေးဆွေးနွေးရေးကိစ္စရပ်တွေကိုလည်း ဦးစားပေးဆောင်ရွက်ရခြင်းဖြစ်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

အလုပ်သမားရေးရာ အငြင်းပွားမှု ပြဿနာများဖြစ်ပေါ်လာပါက အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေအရ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ရှင်၊ အလုပ်သမား ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီများဖြင့် အဆင့်ဆင့်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

“မြန်မာနိုင်ငံမှာ လူဦးရေက သန်း ၅၀ ကျော် ရှိတယ်။ အလုပ်လုပ်နိုင်တဲ့အရွယ် အင်အားက ၃၂ သန်းကျော်ရှိတယ်။ အဲ့ဒီထဲမှာမှ တကယ်အလုပ်လုပ်နိုင်တာ ၂၂ သန်းလောက်ရှိတယ်။ ကျွန်တော်တို့ဆီမှာရတဲ့ စာရင်းက ၁၁ သန်းပဲစာရင်းရှိတယ်။ အလုပ်သမားဆိုတာ တိုင်းပြည်တည်ဆောက်ရေးအတွက် တကယ့်ကို အရေးပါတဲ့လူတွေဖြစ်တယ်။ လုပ်ငန်းခွင်ပျော်ဖို့၊ ထိုက်တန်တဲ့ လုပ်ခလစာရရှိဖို့ ဒါတွေရဖို့လိုတယ်။ အလုပ်ရှင်တွေနဲ့ အလုပ်သမားတွေ နားလည်မှုရှိဖို့ကလည်းအရေးကြီးပါတယ်”ဟု အလုပ်သမားရေးရာဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က သုံးသပ်ပြောကြားသည်။

လူမှုဖူလုံရေးအကျုံးဝင်သည့် အာမခံအလုပ်သမားများအတွက် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရန်အတွက် လူမှုဖူလုံရေးအဖွဲ့နှင့် သုခမင်္ဂလာ အထွေထွေရောဂါကုဆေးခန်းတို့ ပူးပေါင်း၍ ရွေ့လျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းဆေးကုသခြင်း၊ အလုပ်သမားဆေးရုံကြီး (ရန်ကုန်) တွင် ဓာတ်ခွဲခန်းဝန်ဆောင်မှုကိုလည်းကောင်း၊ ကဲဝဲလ်မက်ဒီကယ် ကုမ္ပဏီနှင့် ပူးပေါင်း၍ လှိုင်သာယာမြို့နယ်တွင် လူမှုဖူလုံရေး - ကဲဝဲလ်ဆေးခန်းကို ဖွင့်လှစ်ပေးထားသည့်အပြင် ရွှေပြည်သာမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့တွင် တိုးချဲ့ဖွင့်လှစ်နိုင်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံခြားသား အလုပ်သမားဥပဒေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေတို့အား ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေးကိစ္စရပ်များ၊ ထိုင်းနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံ အစိုးရတို့ အကြား အလုပ်သမားများ ခန့်ထားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ MoU ကို နှစ်နိုင်ငံ ညှိနှိုင်းလက်မှတ်ရေးထိုးဆောင်ရွက်မည့် ကိစ္စများအပြင် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု ဆွေးနွေးပွဲများကိုလည်း ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

“နိုင်ငံခြားသားအလုပ်သမားဥပဒေ(မူကြမ်း)က တော်တော်များများ ပြီးသွားပြီ၊ ပြီးခဲ့တဲ့ အစိုးရလက်ထက်ကတည်းက တင်ဖို့ကြိုးစားခဲ့တာ။ နောက်ပိုင်း ထပ်ဖြည့်တာတွေရှိတယ်။ ဝန်ကြီးဌာနအနေနဲ့ ထပ်ပြီးအသေးစိတ် ဆွေးနွေးနေတယ်။ ပြီးရင်အလုပ်ရှင်၊ အလုပ်ရှင်ဆိုတာ နိုင်ငံခြားသားကို ခေါ်ခိုင်းမယ့် လူတွေပြောတာပါ။ သူတို့နဲ့ဆွေးနွေးမယ်။ အတွေ့အကြုံရှိတဲ့လူတွေခေါ်မယ်။ ခေါ်ပြီးတော့မှ ဒါလေးကို ဆွေးနွေးပြီးတော့မှ လွှတ်တော်ကိုတင်ဖို့ ကြိုးစားနေပါတယ်။ ဘေးအန္တရာယ် ကင်းရှင်းရေးကလည်း တော်တော်များများပြီးပြီ။ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာ လုပ်တာ နိုင်ငံတော်သမ္မတရုံးထိတောင် တင်ပြီးတဲ့ အခြေအနေထိ ရောက်ပြီးပြီ။ ရက် ၁၀၀ အတွင်းမှာတော့ လွှတ်တော်ကို တင်ပြနိုင်ဖို့ အတွက်တော့ပြင်နေပါတယ်”ဟု ဦးမျိုးအောင်က ဆက်လက်ပြောသည်။

ထို့အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ အမြဲတမ်းအတွင်းဝန်ရုံးမှလည်း သစ္စာစီမံချက် အဖြစ် ရက် ၁၀၀ အတွင်း ပြည်သူများနေ့စဉ် ဖြေရှင်းဆောင်ရွက်နေသည့် ပြည်သူများအတွက် အလွန်အရေးပါသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

*စာမျက်နှာ ၁၈ သို့*

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

“ပြောင်းလဲချိန်တန်ပြီ” ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏ တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန် ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ်တိုင်းအတွက် စိန်ခေါ်မှုတစ်ခုလည်း ဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်း စသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ် လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ ပြည်သူက ကြည်ဖြူနေဆဲ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏ အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှစတင်သည့် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာနတစ်ခုချင်း အလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့် လုပ်ငန်းများကို သတင်းရယူစုစည်းဖော်ပြအပ်ပါသည်။



ဒဂုံဆိပ်ကမ်းမြို့နယ် Asia Dragon အထည်ချုပ်စက်ရုံ၌ မေ ၃၀ ရက်က အလုပ်သမားရေးရာကိစ္စရပ်များ ဆွေးနွေးစဉ်

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀




ရွှေ့လျားဆေးကုသယာဉ်

စာမျက်နှာ ၁၇ မှ

လဝကဌာနက တိုင်းပြည်အတွက် အမှန်တကယ်အရေးကြီးပါတယ်။ ရှေးခေတ် ပြန်ပြီးပြောရမယ်ဆိုရင် တံခါးမှူးတွေပါပဲ။ တစ်ဖက်က နိုင်ငံထဲကို ဝင်လာမယ်ဆိုရင် ဘက်ပေါင်းစုံစစ်ဆေးမှာက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝန်ထမ်းတွေပါပဲ။ သူတို့ကနေ နိုင်ငံတော်ထဲကို အန္တရာယ်ဖြစ်စေမယ့် အန္တရာယ်ပြုနိုင်မယ့် အကျိုးမပြုတဲ့သူတွေဝင်မလာစေဖို့ တားဆီးရမယ့်တာဝန်ရှိတယ်။ ဒီလိုပဲ နိုင်ငံတော်ကို အကျိုးပြုမယ့် ကိုယ့်နိုင်ငံသားတွေဝင်လာရင်လည်း ချောချောမွေ့မွေ့နဲ့ လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းတွေအဆင်ပြေအောင် ဆောင်ရွက်ပေးဖို့တာဝန်ရှိတယ်။ ဒါ့ကြောင့် တံခါးမှူးလုပ်ငန်းတွေကို ဆောင်ရွက်နေတာဖြစ်လို့ ဒီဌာနက အင်မတန်အရေးကြီးတဲ့ ဌာနတစ်ခုဖြစ်ပါတယ်”ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ပြောသည်။

“နိုင်ငံကို ဝင်လာမယ်ဆိုရင် နယ်စပ်တံခါးတွေမှာ အားလုံးကို စောင့်ရှောက်ထားတယ်။ မြန်မာနိုင်ငံထဲကို တရားမဝင်ဝင်ရောက်လာတဲ့ မည်သည့် နိုင်ငံခြားသားကိုမဆို ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး လတ်တလော ပြဋ္ဌာန်းချက်များဥပဒေအရ ဒီဟာတွေကို ဖောက်ဖျက်တယ်ဆိုရင် ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိတယ်။ သက်ာမကင်းဘူး။ နောက်ပြီး လူဝင်မှုကြီးကြပ်ရေး ဥပဒေကို ကျူးလွန်တယ်လို့ ယူဆရင် ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိတယ်။ ပြစ်ဒဏ်အနေနဲ့ အနည်းဆုံး ထောင်ဒဏ် ခြောက်လကနေ ငါးနှစ်အထိ သို့မဟုတ် ဒဏ်ငွေ ၁၅၀၀ နှစ်ရပ်လုံးကို ကျခံစေရမယ်လို့ ပြဋ္ဌာန်းထားတာရှိပါတယ်”ဟု ဦးမြင့်ကြိုင်က ဆက်ပြောသည်။

ရွှေ့ပြောင်းလုပ်သားများအတွက် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနအနေဖြင့် ရက်ပေါင်း ၁၀၀ သစ္စာစီမံချက်ကာလအတွင်း ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုလူဦးရေ စာရင်းနှင့် ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုးထုတ်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် အခြေခံပညာကျောင်းများရှိ အသက် (၁၀)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား ဇွန်လ ၁ ရက်နေ့မှစတင်ကာ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုးထုတ်ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနအနေဖြင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့် အညီသက်ဆိုင်သည့် စိစစ်ရေးကတ်ပြားတစ်မျိုးမျိုး စိစစ်ထုတ်ပေးရာတွင် တိုင်းရင်းသားများနှင့် ၎င်းတို့မှ မွေးဖွားလာသူများ၊ နိုင်ငံသားအရည်အချင်း လိုအပ်ချက်အထောက်အထား ပြည့်စုံခိုင်လုံသူ သွေးနှောကပြားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးလျက်ရှိသည်။ ၄-၁-၁၉၄၈ မတိုင်မီက ရောက်ရှိနေထိုင်ပြီး နိုင်ငံခြားသားမှတ်ပုံတင် လက်မှတ်ကိုင်ဆောင်ထားသူများနှင့် ၎င်းတို့မှ မွေးဖွားလာသူများအား ပုဒ်မ ၂၃၊ ၂၅၊ ၄၂၊ ၄၃ ၊ ၄၅၊ ၄၇ တို့အရ ဗဟိုအဖွဲ့သို့တင်ပြ၍ နိုင်ငံသားလက်မှတ်နှင့် နိုင်ငံသားပြုခွင့်လက်မှတ်များ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေနဲ့အညီ သက်ဆိုင်တဲ့ကတ်ပြားတစ်မျိုးမျိုးကို စိစစ်ထုတ်ပေးနိုင်ဖို့အတွက် လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းများအပေါ် အရှိန်အဟုန်မြှင့်တင်ဆက်လက်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တွေ ပြန်လည်ဖွဲ့စည်းပြီးတော့ အမြန်ဆုံးစိစစ်နိုင်အောင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်သူလူထုအနေနဲ့ ဒီလိုစိစစ်ဆောင်ရွက်ပေးနေတာတွေကို သိရှိနားလည်အောင်နဲ့ ပါဝင်ပူးပေါင်းလာစေဖို့ကိုလည်း စည်းရုံးဆောင်ရွက်လျက်ရှိပါတယ်”ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ပြောသည်။

လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနအနေဖြင့် ရက် ၁၀၀ သစ္စာစီမံချက်ဆောင်ရွက်ရာတွင် အမည်မည်း (Black-List) စာရင်းရေးသွင်းသူများအား ဖြေလျှော့ဆောင်ရွက်ပေးခြင်းနှင့် ပြည်ဝင်ဗီဇာကိစ္စရပ်များ လွယ်ကူစေရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးခြင်းတို့ကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

အမည်မည်းစာရင်းရေးသွင်းထားသူများအား ဖြေလျှော့ဆောင်ရွက်ခြင်းလုပ်ငန်းမှာ ဝန်ကြီးဌာနအသီးသီးမှ ၎င်းတို့၏ ဌာနဆိုင်ရာပြစ်မှုများအရ အမည်မည်းစာရင်းရေးသွင်းရန် ညှိနှိုင်းအကြောင်းကြားလာခြင်းကြောင့် ရေးသွင်းထားသည့် စာရင်းများအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ပြန်လည်ပေးပို့၍ သဘောထားမှတ်ချက်ရယူပြီး ရရှိလာသည့် သဘောထားမှတ်ချက်များအရ လိုအပ်ပါက ထပ်မံပေါင်းစပ်ညှိနှိုင်းကာ စိစစ်ဖြေလျှော့ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ သို့ရာတွင် အင်တာပိုမှ နိုင်ငံတကာအကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးမှုများနှင့် အမည်မည်းစာရင်းရေးသွင်းထားသူများ၊ မြန်မာနိုင်ငံအတွင်း ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံခဲ့ရသဖြင့် အမည်မည်းစာရင်းရေးသွင်းခံရသည့် နိုင်ငံခြားသားများ၊ နိုင်ငံကူးလက်မှတ် (Passport) စာအုပ်များ ပျောက်ဆုံး၊ ပျက်စီးကြောင်း အကြောင်းကြားသဖြင့် အမည်မည်းစာရင်း ရေးသွင်းထားသူများကို ဖြေလျှော့ပေးရန် မရှိကြောင်းသိရသည်။

ပြည်ဝင်ခွင့်ဗီဇာကိစ္စရပ်များ ဖြေလျှော့ဆောင်ရွက်ရာ၌ ပြည်ဝင်ဗီဇာ ၁၂ မျိုး လျှောက်ထားရာတွင် အချို့ဗီဇာများအတွက် လိုအပ်သော အထောက်အထားများ အခက်အခဲရှိခြင်းကြောင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထား မှတ်ချက်များ ရယူ၍ ဖြေလျှော့သင့်သည်များကို ဖြေလျှော့ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာနိုင်ငံသို့ လာရောက်သော နိုင်ငံခြားသားများ ဗီဇာလျှောက်ထားမှုအတွက် ပိုမိုအဆင်ပြေလွယ်ကူချောမွေ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့အင်အားဦးစီးဌာနမှလည်း သန်းခေါင်စာရင်းနှင့် စစ်တမ်းများကောက်ယူခြင်း၊ လူဦးရေစာရင်းများ တွက်ချက်ခြင်းနှင့် ပြည်တွင်းပြည်ပ လူဦးရေဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့အင်အားဦးစီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့သည်။

မြန်မာနိုင်ငံ ဒေသအသီးသီးတွင် အလုပ်အကိုင်နှင့် စားဝတ်နေရေးပေါ်မူတည်ပြီး အခြေတကျ နေထိုင်သူများနှင့် တစ်နေရာမှ တစ်နေရာသို့ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်သူများလည်းရှိရာ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ စုစုပေါင်းလူဦးရေ ၅၁၄၈၆၂၅၃ ဦး ရှိသည့်အနက် ရွှေ့ပြောင်းနေထိုင်သူ လူဦးရေ ၁၁၆၂၅၄၄ ဦးရှိကြောင်း သိရသည်။

နိုင်ငံတော်၏ စီမံခန့်ခွဲရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးများအတွက် စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် လူဦးရေဆိုင်ရာ သတင်းအချက်အလက်များရရှိရန် လိုအပ်သည်။ နိုင်ငံတစ်နိုင်ငံ၏ လူဦးရေ၊ လူနေအစိတ်အကျဲ၊ လူဦးရေတိုးနှုန်း၊ လူဦးရေဆိုင်ရာ မူဝါဒများသည် ယင်းနိုင်ငံလုံခြုံရေးကို အကျိုးသက်ရောက်စေနိုင်သလို လူဦးရေစိမ့်ဝင်မှုများသည်လည်း လူမျိုးတည်တံ့ရေးနှင့် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေနိုင်သည် ။

ထို့ကြောင့် လူဦးရေဆိုင်ရာ သတင်းအချက်အလက်များသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူသားတို့၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စများတွင် အလွန်အရေးပါသည့်အတွက် နိုင်ငံတော်အစိုးရသစ်ကို လူဦးရေနှင့်စီးပွားရေးဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးနိုင်ရန် ပြည်သူ့အင်အားဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်မည့် ရက် ၁၀၀ သစ္စာစီမံချက်ကာလတွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်မှာ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှရရှိသော ဘာသာရေးဆိုင်ရာ အချက်အလက် ထုတ်ပြန်ခြင်းပင်ဖြစ်သည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ရရှိသော ကိုးကွယ်သည့် ဘာသာရပ်ဆိုင်ရာ အချက်အလက်များသည် ထိရှလွယ်သော အချက်အလက်များဖြစ်သဖြင့် နိုင်ငံတကာ နည်းပညာအကြံပေးအဖွဲ့ဝင်များနှင့် အမျိုးသားအဆင့်အကြံပေးအဖွဲ့ဝင်များဖြင့် ညှိနှိုင်းတိုင်ပင်၍ ကိုးကွယ်သည့် ဘာသာဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

ထိုသို့ထုတ်ပြန်ပေးရာတွင် UNFPA မှ ပဋိပက္ခတုံ့ပြန်ရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် လေ့လာဆန်းစစ်သည့်အဖွဲ့ (Conflict Sensitivity Team) များသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသို့သွားရောက်၍ ဒေသခံဘာသာရေးခေါင်းဆောင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ကာ အကြံဉာဏ်များ ရယူခဲ့ကြသည်။ ထို့အပြင် အစိုးရဝန်ကြီးဌာနများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် သန်းခေါင်စာရင်းနည်းပညာအကြံပေးကော်မတီ (National Advisory Committee-NAC) အစည်းအဝေးကို ယခုလအတွင်း ကျင်းပရန်စီစဉ်ထားပြီးဖြစ်သည်။

“NAC အစည်းအဝေးမှာ ကိုးကွယ်သည့် ဘာသာဆိုင်ရာ အချက်အလက်တွေကို ပြည်သူလူထုထံသို့ လုံခြုံစိတ်ချမှုရှိစွာဖြင့် ထုတ်ပြန်ပေးနိုင်မယ့် နည်းလမ်းတွေကို ရှာဖွေတာနဲ့ ပတ်သက်ပြီး ဆွေးနွေးမှာပါ။ ပဋိပက္ခတုံ့ပြန်ရေးနဲ့ ကြိုတင်ကာကွယ်ရေးအတွက် လေ့လာဆန်းစစ်ချက်များမှ တင်ပြခဲ့တဲ့ အကြံပြုချက်တွေ၊ နည်းပညာအကြံပေးကော်မတီ အဖွဲ့ဝင်များရဲ့အကြံပြုချက်တွေကို ထည့်သွင်းစဉ်းစားပြီး ဘာသာရေးဆိုင်ရာ အချက်အလက်တွေ ထုတ်ပြန်ရေးကို စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ဆက်လက်ပြောသည်။

ကိုးကွယ်သည့် ဘာသာဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက်စာရင်းများကို ထုတ်ပြန်ရာတွင် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ထုတ်ပြန်သွားမည်ဖြစ်သည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှရရှိသော ဘာသာရေးဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ကိုးကွယ်သည့် ဘာသာအလိုက် လူဦးရေကို ပြည်သူများ တိတိကျကျသိနိုင်ပြီး မလိုလားအပ်သော စိုးရိမ်ပူပန်မှုများကို လျှော့ချနိုင်မည်ဖြစ်သည်။



၇-၅-၂၀၁၆ ရက်နေ့တွင် လှိုင်သာယာမြို့နယ် Synergy အထည်ချုပ်စက်ရုံ၌ အလုပ်သမားရေးရာကိစ္စရပ်များ ဆွေးနွေးစဉ်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဖွဲ့စည်းပုံနှင့် ရုံးများတိုးချဲ့ဖွင့်လှစ်ခြင်း၊ ရုံးအဆောက်အအုံသစ်များနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ မွမ်းမံခြင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ အာဆီယံ အလုပ်သမားရေးရာကိစ္စများ ဆောင်ရွက်ခြင်း၊ အလုပ်သမားရေးရာ အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ အလုပ်သမားများ၏ အနည်းဆုံး နေ့တွက်လုပ်ခသတ်မှတ်ဆောင်ရွက်ခြင်း၊ အလုပ်သမားရေးရာ ဥပဒေသစ်များ ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်း၊ အလုပ်ရှင်အလုပ်သမား၊ အစိုးရဆက်ဆံရေးကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ အလုပ်သမားရေးရာ စာရင်းကောက်ယူပြုစုခြင်းနှင့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ပြုစုထုတ်ဝေခြင်း၊ လုပ်သားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ခြင်း၊ ရွှေ့ပြောင်းလုပ်သားများ စီမံခန့်ခွဲခြင်းများ ဆောင်ရွက်ခြင်း၊ လူမှုဖူလုံရေးအာမခံလုပ်သားများ၏ ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ဆောင်ရွက်ခြင်း၊ စက်ရုံအလုပ်ရုံများရှိ အလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လူ့အင်အားစီမံကိန်းများကို အကောင်အထည်ဖော်မည့် လုပ်ငန်းများသည် ငါးနှစ်တာကာလအတွင်း ဝန်ကြီးဌာန၏ အနာဂတ်စီမံကိန်းများပင်ဖြစ်သည်။



ရွှေ့လျားဆေးကုသယာဉ်တွင်ပါရှိသည့် ကုသမှုပိုင်းဆိုင်ရာ ပစ္စည်းကိရိယာများ



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ တတိယတွဲအဖြစ် "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# စည်သာလမ်း အလွမ်းပြေ မနက်ခင်း

**ဆူးငှက်**

*ယခင်အပတ်မှအဆက်*

"စည်သာလမ်းက ဘယ်မှာလဲဗျ"

ကျွန်တော်က သူ့ကိုအမီလိုက်ရင်း မေးလိုက်သည်။ သူက ခြေလှမ်းတစ်လှမ်း နှစ်လှမ်းမျှလှမ်းပြီး ကျွန်တော့်ကို ရပ်စောင့်ကာ "ဟာဗျာ ခင်ဗျားကလည်း မန္တလေးသား မဟုတ်တာ ကျနေတာပဲ။ ၇၆ လမ်းက စည်သာလမ်းပေါ့ဗျ။ မြောက်ကို အိုးဘိုရောက်တော့ လမ်းဆုံးပြီလေ"ဟု ပြောပြသည်။

ထိုအခါကျမှ စည်သာလမ်းဟူသည် ကျွန်တော် မကြာမကြာ ဖြတ်သွားဖူးသော လမ်းပါကလားဟု သိရတော့သည်။ မိတ်ဆွေကဆက်ပြောသည်။

"ကျွန်တော်တို့ကတော့ မန္တလေးမှာ လမ်းနံပါတ်တွေနဲ့ သိပ်မသိလှဘူး။ ဘာလမ်း ညာလမ်း၊ ဘာအတန်း ညာအတန်းဆိုတာတွေပဲသိတယ်။ စိန်ပန်းလမ်း၊ ဒီဘိုးလမ်း၊ ကမ်းနားလမ်း၊ နန်းရှေ့လမ်း၊ ရသာတန်း၊ ဝါးတန်း၊ ဘုံဘိုင်တန်း၊ ဆိုင်းတန်း၊ အမြောက်တန်း၊ စာတိုက်တန်း၊ သံဖြူတန်းဆိုတာလေဗျာ"

ကျွန်တော်က လမ်းပေါ်မှ ရေအိုင်တစ်ကွက်ကိုရှောင်ရင်း "ကျွန်တော်လည်း အဲလောက်တော့သိပါတယ်။ ဒါပေမယ့် စည်သာလမ်းဆိုတော့ အခု ခင်ဗျားပြောမှ သိရတာပါ"ဟု ဝန်ခံလိုက်ရသည်။

ထို့နောက် ကျွန်တော်ကပင် ဆက်ပြီး "နေပါဦး စည်သာလမ်းသွားမယ်ဆိုတာ ကရော"ဟု အမေးမှာ "စည်သာလမ်းမှာ သိန်းအောင်ကြီးရှိတယ်လေဗျာ ခင်ဗျား ကြိုက်မှာပါ"ဟု မိတ်ဆွေက ပြောပြန်၏။

လာပြန်ပြီ သိန်းအောင်ကြီးတဲ့။ ကျွန်တော် ဘာမှန်းမသိတော့။ သိန်းအောင်ကြီးတဲ့။ သိန်းအောင်ကြီးဆိုတာ ဘာလဲ။ ဘယ်သူလဲ။ ထပ်မေးလျှင် ကျွန်တော်ညံ့ရာကျတော့မည်။ မိတ်ဆွေနောက်က ခတ်မဆိတ်လိုက်ရုံပဲပေါ့။

ကျွန်တော်တို့လျှောက်လာသော လမ်းကလေးက စည်သာလမ်းကို ဦးတိုက်သည်။ စည်သာလမ်းက တောင်မြောက်လမ်းမ။ မန္တလေးမြို့၏ အကောင်းဆုံး ကတ္တရာခင်းလမ်းများတွင် တစ်လမ်းအပါအဝင်ဟု ပြောရလောက်အောင် လမ်းကောင်းသည်။ လမ်းကတော့ဖြင့် သိပ်မကျယ်လှ။ စည်သာလမ်းရောက်တော့ တောင်ဘက်လှမ်းအကြည့်မှာ မြို့ရိုးနှင့်ကျုံးက ဆီးမိုးထားသလို အနီးကပ်မြင်နေရသည်။ ဘာမှမဝေး တစ်ပြသာသာပဲလှမ်းသည်မဟုတ်လား။ မိတ်ဆွေက တောင်ဘက်သို့ မချိုး၊ မြို့ရိုးနှင့် ကျုံးဆီ တစ်ချက်နှစ်ချက်သာကြည့်ပြီး မြောက်ဘက်သို့ ချိုးကွေ့လိုက်သည်။ ထို့နောက် စည်သာလမ်းကို ခါးလွယ်ခုတ်ဖြတ်ကာ အရှေ့ဘက်ကူး၏။ ထို့နောက် ကျယ်ဝန်းပြီး အမိုးအုပ်အုပ်နှင့် ဗာဒံ ရိပ်တွေ ဖုံးနေသော ဆိုင်ကလေးတစ်ဆိုင်အတွင်း ဝင်လိုက်သည်။ ထိုအခါကျမှ ကျွန်တော် သိချင်သော အဖြေကို ရှင်းလင်းစွာ သိလိုက်ရသည်။

"ဪ သိန်းအောင်ကြီးဆိုတာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ကိုး"

သိန်းအောင်ကြီး လက်ဖက်ရည်ဆိုင် အခင်းအကျင်းက ပီဘိရှေးမန္တလေး လက်ဖက်ရည်ဆိုင် အခင်းအကျင်းဖြစ်၏။ မိသားစုအားလုံး ဝိုင်းဝန်းလုပ်ကိုင်ကြသည့်ပုံစံဖြစ်သည်။ လက်ဖက်ရည်ဖျော်သူ၊ နံပြားဖုတ်သူ၊ ပလာတာရိုက်သူ၊ ကောင်တာထိုင်သူ အားလုံးက ညီအစ်ကိုမောင်နှမတွေချည်းဖြစ်၏။ ဆိုင်ရှိ စားပွဲကုလားထိုင်များကလည်း ကျွန်းသားစားပွဲကြီးများနှင့် နောက်မှီပါသော ခိုင်ခံ့တောင့်တင်းသည့် ကုလားထိုင်ချည်းဖြစ်သည်။ ဆိုင်အတွင်းမှာက အဲလို စားပွဲကြီးတွေသုံးလေးလုံးရှိသည်။ ဆိုင်ပြင်က ဗာဒံပင်တွေအောက်မှာ ခွေးခြေ ထိုင်ခုံနှင့် စားပွဲလေးလုံးခန့်ရှိသည်။ ဆိုင်အတွင်း တောင်ဘက်စွန်းမှာက ဆိုင်နံရံကိုကပ်ပြီး ရသေ့ကျောင်းခေါ် သစ်သားခုံရှည်ကြီး နှစ်လုံးနှင့် စားပွဲတစ်လုံးရှိပါသည်။ မိတ်ဆွေနှင့် ကျွန်တော်က ထိုင်ခုံရှည်ကြီးမှာ ထိုင်ကြသည်။

ဆိုင်ထဲ မျက်လုံးဝေ့ကြည့်တော့ ထူးထူးခြားခြား တေးစီးရီး ကြော်ငြာတွေချည်း ကပ်ထား၏။ အားလုံးလိုလိုသည် မန္တလေး တေးသံသွင်းဆိုင်များက ထုတ်လုပ်သော တိပ်ခွေများချည်းဖြစ် သည်။ ကျွန်တော့်မိတ်ဆွေက ထုံးစံအတိုင်း ဖန်ဆိမ့်လက်ဖက်ရည်မှာသည်။ ကျွန်တော်က ချိုဆိမ့်တစ်ခွက်။ ထို့နောက် မိတ်ဆွေက "ပဲနံပြား မှာစားဗျ ကောင်းတယ်" ဟုဆိုသောကြောင့် မှာလိုက်သည်။ ဟုတ်သည်။ နံပြားက အတော်ကြီးပြီး မုန့်ဖောက်သားကောင်းသောကြောင့် ဂျုံနံ့လေးသင်းကာ ဖောင်းအိနေ၏။ ထူးခြားသည်က ပဲဖြစ်သည်။ ပဲက စားတော်ပဲစစ်စစ်ကို ဆီချက်နှင့် ကြက်သွန်ကြော်လေး ဆမ်းပေးသည်။ အိမ်မှာကြော်သည့်ပုံစံအတိုင်း စားတော်ပဲကို ပြုလုပ်ထားပေးခြင်းဖြစ်၏။

"နောက်ထပ် ခင်ဗျားအကြိုက်လာဦးမယ် စောင့်နေ" ဟုပြောသေး၏။ ပဟေဠိဆန်လှသော မိတ်ဆွေ၏စကားကို အထွန့်တက်မမေးမြန်းဘဲ စောင့်ကြည့်နေမိသည်။ ကောင်တာထိုင်နေသော အမျိုးသားတစ်ဦးက သူ့နံဘေးမှန်ဗီရိုထဲမှ ရုပ်အမျိုးအစား စတီရီယိုကက်ဆက်ကြီးထဲ တိပ်ခွေတစ်ခွေထည့်ပါသည်။ ထို့နောက် ကက်ဆက်နှင့် ဆက်ထားသော အင်ပလီဖိုင်ရာမှ အသံထိန်းခလုတ်များကို ကစားလိုက်သည်။



ဆိုင်အတွင်း နံရံတွင်ချိတ်ဆွဲထားသော ဆောင်းဘောက်ကြီးများမှ တီးလုံးသံက မတိုးမကျယ် ညင်သာခံ့ညားစွာ ထွက်ပေါ်လာသည်။

ထိုအသံကြားလိုက်တော့ ကြက်သီးမွေးညင်းများပင် ထသွားတော့၏။ ဪ မနေ့တစ်နေ့ကပဲ ကြော်ငြာထားသော မြို့မညွှန့်ခံ့တေးစီးရီးအသစ်ပေကိုး။ မြိုင်ဆိုင်သော တီးလုံးသံများကြားမှာ ကြည်လင်ပီသစွာကြားလိုက်ရသည်။

**"မြို့မ အဟုတ်ပဲကျော်သကို သဘောကောင်းအတီးမကောင်းချင်နေ**
**မန္တလေးချစ်သည်းညှာဆွေအသင်းပေ လူတိုင်းရင်းခဲ့သလေ၊**
**မြည်ချင်တာတွေမြည် ကြည်ဖြူခင်မင်သူတွေ**
**တီးစေ မှုတ်စေ ဖွဲ့နွဲ့စေ**
**ဖျော်ဖြေယဉ်မှုနုဆွေတို့**
**အမြုတေရွှေနားဝင်ညျစေဖို့**
**တွေးကာလေ ကာလေ စိုးတာတွေတာတွေ**
**သဘောတော် တွေ့မလားလေ မမှန်ကာမှနေ**
**အို...ကိုယ်တို့မြို့မ သံညှင်းတမြမြသာခဲ့ကြထင့်**
**ဘဝက မယ်တို့မြေ"**

ကျွန်တော်က စားပွဲကိုလက်ညှိုးလေးနှင့်ခေါက်ကာ စည်းချက်လိုက်နေမိသည်။ မိတ်ဆွေက သီချင်းကို တိုးတိုးလေးလိုက်ဆိုနေ၏။ ထို့နောက်...

"သိန်းအောင်ကြီးမှာ မြို့မသီချင်းပဲဖွင့်တာဗျ။ မနက်ပိုင်းဆိုရင် မြို့မခွေတွေချည်းပဲ။ နေ့လယ်နဲ့ညနေပိုင်းမှ အခြားခွေဖွင့်တာ၊ ဒီခွေတွေကလည်း မြန်မာသံတွေပဲ၊ ကျွန်တော် ဒါကြောင့် ဒီမှာပဲလာပြီး သီချင်းနားထောင်နေတာ" ဟု ပြောသည်။

ဒါဆိုရင် ကျွန်တော်လည်း မနက်ပိုင်းလက်ဖက်ရည်သောက်ချင်လျှင် သိန်းအောင်ကြီးကိုပဲ လာရမလိုဖြစ်နေပြီ။ ကျွန်တော့်မှာက နေရှင်နယ်အုံးလီးကက်ဆက်ကလေး ပဲရှိပါသည်။ အသံက ခပ်မာမာ။

သည်အချိန်က မန္တလေးမှာ စတီရီယို ဟိုင်ဖိုင်ကက်ဆက်များက ရှားပါးလှ၏။ နာမည်ကြီးအအေးဆိုင်ကြီးများ၊ လက်ဖက်ရည်ဆိုင်ကြီးများသာ ထိုကက်ဆက်မျိုး ရှိပါသည်။ သို့သော်သိန်းအောင်ကြီးက ဆိုင်အနေအထားအရ သာမန်မျှသာဖြစ်သော်လည်း စေတနာအရ အစားအသောက်ကောင်းကောင်းနှင့် ကက်ဆက်ကောင်း ကောင်းထားပေးခြင်းဖြစ်၏။ ငယ်စဉ်ကတည်းက စွဲလမ်းခဲ့ရသော မြို့မသီချင်းများကို အခုလိုစတီရီယိုကက်ဆက်ကြီးမှ ဆောင်းဘောက်နှင့် အေးအေးဆေးဆေးနား ထောင်ရခြင်းအရသာက တုနှိုင်းမမီအရသာဟု ဆိုရလျှင် လွန်အံ့မထင်။

ကျွန်တော့်မိတ်ဆွေကလည်း မြို့မသီချင်းတွေအတော်များများကို နှိုက်နှိုက် ချွတ်ချွတ်ရထားပါသည်။

တစ်နှစ်ဆီကပေါ့။

မန္တလေးကျုံးတောင်ဘက်၊ အနောက်ဘက်များတွင် လွတ်လပ်ရေးအောင်ပွဲများ ကျင်းပစဉ်ကပေါ့။ ကျုံးအနောက်ဘက်မှာ ပွဲတော်ကျင်းပသည့် ရက်တစ်ပတ်အတွင်း ဂီတ ပဒေသာပွဲပါရှိသည်။ ထိုအချိန်က မန္တလေးမှာက တူရိယာအသင်းကြီးတွေ ဖြစ်ထွန်းအောင်မြင်ကာ အပြိုင်အဆိုင်ဖြစ်နေချိန်။

မြို့မတဲ့၊ သင်္ဂဟတဲ့၊ သိင်္ဂီတဲ့၊ မိုးကေသီတဲ့၊ ယဉ်မွန်တဲ့၊ တေးချစ်သူတဲ့စသည်ဖြင့် ဖြစ်၏။

နာမည်ကျော် "မြို့မ" အသင်းကြီးနှင့်အပြိုင်အသင်းကြီးတစ်သင်းကလည်း နာမည်ကြီး နေချိန်ဖြစ်သည်။ ထိုအသင်းကြီးနှင့်ဆက်နွယ်ပတ်သက်နေသော မန္တလေးတေးပြုစာဆိုအကျော် ကွယ်လွန်ပြီး ပုဂ္ဂိုလ်ကြီးတစ်ဦး၏ မိသားစုက "မြို့မ" အသင်းကြီးကို သူတို့ဖခင်၏ သီချင်းများကို မသီဆိုမတီးမှုတ်ရန် အတိအလင်း ကန့်ကွက်ထားချိန်လည်းဖြစ်သည်။

လွတ်လပ်ရေးပွဲ ဂီတပဒေသာတွင် မန္တလေး၏ တူရိယာအသင်းများ အလှည့်ကျ တီးမှုတ်ကြရတော့ အပြိုင်အဆိုင်မို့ ပရိသတ်ကလည်း စိတ်ဝင်တစားအထူး အားပေးကြသည်။ မြို့မအသင်းကြီးအလှည့်ရောက်ရန် ရက်အနည်းငယ်အလိုမှ ထိုကန့်ကွက်ချက်ကြီး ထွက်လာလို့လည်း သည်ပွဲကြီးကို ပိုစိတ်ဝင်စားနေကြသည်။

ဂီတပဒေသာပွဲ၌ မြို့မအသင်းအလှည့်ရောက်သောအခါ ရှေးကတည်းက တီးမှုတ်ခဲ့သော ထိုတေးပြုအကျော်စာဆိုကြီး၏ သီချင်းများတီးမှုတ်ခွင့်မရ ခဲ့ပေ။

***(ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူး နေ့တိုင်း ဖော်ပြပါမည်။)***

# နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုစေတနာရှင်အဖွဲ့ သုဝဏ္ဏဝတီမြို့၌ အခမဲ့ဆေးကုသပေး

**သုဝဏ္ဏဝတီ မေ ၃၁**
မြန်မာနိုင်ငံ နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှု စေတနာရှင်များလုပ်အားပေးအဖွဲ့ ဆရာဝန်များအသင်း(ဗဟို) M.M.A မှ သမားတော်ကြီးများ၊ ပါရဂူကြီးများ ပါဝင်သောအဖွဲ့သည် မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အခြေခံပညာ အထက်တန်းကျောင်း(ကျိုက္ကော်)ရွှေရတုခန်းမ၌ ဒေသခံပြည်သူများအား မေ ၂၈ ရက်မှ မေ ၃၀ ရက်အထိ အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ဆေးဝါးကုသပေးရာတွင် ကျိုက္ကော်ရပ်ကွက်မှ ဦးကျော်ဝေ(အကောင်းကြိုက်ထမင်းဆိုင်)က ဆေးဝါးဒါနအဖြစ် ဝေဒနာရှင်ပြည်သူများအတွက် လိုအပ်သော ဆေးဝါးများကို လှူဒါန်းပေးခဲ့ပြီး နယ်လှည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၏ နာယက ပါမောက္ခဗိုလ်မှူးချုပ်မြသိန်းဟန်(ငြိမ်း) နှင့် M.M.A မှ သမားတော်ကြီးများ၊ ပါရဂူကြီးများပါဝင်သောအဖွဲ့များက ကုသပေးခဲ့ခြင်းဖြစ်သည်။

မေ ၂၈ ရက်တွင် အထွေထွေရောဂါဝေဒနာရှင်များနှင့်အတူ ကလေး၊ သားဖွား မီးယပ်၊ အစာအိမ်နှင့်အူလမ်းကြောင်း၊ သွားနှင့်ခံတွင်း၊ မျက်စိအသေးစား ခွဲစိတ်ကုသခြင်းများကို ဆရာဝန်ကြီးများကဦးဆောင်ပြီး အဖွဲ့များခွဲ၍ ကုသပေးခဲ့ရာ ဝေဒနာရှင်စုစုပေါင်း ၇၀၀ ကျော်ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

"အသေးစားခွဲစိတ်မှုတွေကို သိမ်ဆိပ်တိုက်နယ်ဆေးရုံက ခွဲစိတ်ခန်းကို အသုံးပြုပြီး ကျွန်တော်ကိုယ်တိုင် လူနာတွေကို ကုသပေးပါတယ်။ လိပ်ခေါင်းရောဂါကုသမှုကို ခေတ်မီကိရိယာကို အသုံးပြု ကုသပေးပြီး အကြီးစားခွဲစိတ်မှုကိုတော့ သက်ဆိုင်ရာ ဆေးရုံတွေကို ဆေးမှတ်တမ်းနဲ့ လွှဲပြောင်းညွှန်ကြားပေးပါတယ်"ဟု နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့ကို ဦးဆောင်သူ နာယကကြီးက ပြောသည်။

M.M.Aအဖွဲ့သည် ယနေ့အချိန်အထိ နေရာဒေသပေါင်း ၆၀ ကျော်တွင် အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အသေးစား ခွဲစိတ်မှုများလည်း ပြုလုပ်ပေး၍ လူနာများကို ကူညီနိုင်ခဲ့ကြောင်း၊ အခမဲ့ဆေးကုသခြင်းသည် ပညာရှင်၊ အလှူရှင်၊ စေတနာရှင်နှင့် ဝေဒနာရှင်များ ပူးပေါင်းပါဝင်မှသာ အောင်မြင်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆေးဝါးလှူဒါန်းခြင်းနှင့် ပတ်သက်၍ အလှူရှင် ဦးကျော်ဝေက "ငွေကြေးမတတ်နိုင်တဲ့ ဆင်းရဲတဲ့ပြည်သူတွေကို ဆေးကုသဖို့အစီအစဉ်ကို အချိန်တစ်လကျော်ကြာအောင် စီမံခဲ့ရတယ်။ ဆေးဝါးဒါန လှူဒါန်းခဲ့ရလို့ ဝမ်းသာပါတယ်။ ဆက်လက်ပြီး လှူဒါန်းဖို့ အစီအစဉ်ရှိပါတယ်။ လာရောက်ကုသပေးတဲ့ ဆရာဝန်ကြီးများနဲ့ ဝိုင်းဝန်းလုပ်အားပေးခဲ့ကြတဲ့ လူမှုရေးအဖွဲ့များနဲ့ စေတနာ့ဝန်ထမ်း ရွာသူရွာသားများကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ ပထမနေ့တွင် လူနာ ၇၀၀ ကျော်နှင့် ဒုတိယနေ့တွင် ၁၀၀၀ ကျော်အပါအဝင် သုံးရက်ကြာ အခမဲ့ဆေးကုသပေးချိန်အတွင်း ဒေသတွင်းမှ ဝေဒနာရှင်လူနာပေါင်း သုံးထောင်ကျော်အား ဆေးဝါးကုသပေးနိုင်မည်ဖြစ်ကြောင်းနှင့် ဆေးဝါးနှင့် အထွေထွေစားရိတ်များအတွက် ကုန်ကျငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ ခန့် ရှိမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။


ဆေးကုသမှုခံယူရန် စောင့်ဆိုင်းနေသော ဒေသခံပြည်သူများ

"မျက်စိလာပြတဲ့ လူနာကများတော့ စောင့်နေတာ။ ထမင်းစားဖို့အတွက်က ဒီကကြိုဆိုရေးအဖွဲ့တွေက ထမင်းကျော် ခေါက်ဆွဲကျော်တွေ ကျွေးတော့ အစစအရာရာ အဆင်ပြေပါတယ်"ဟု ကတိုက်ကြီးကျေးရွာမှ လာရောက်ဆေးကုသခံသူ ဦးသန်းထွေးက ပြောသည်။ မျက်စိခွဲစိတ်ရန် မတတ်နိုင်သူများကိုလည်း စမ်းသပ်စစ်ဆေးပြီး သင့်တော်သောမျက်မှန်များကို အခမဲ့ ပေးအပ်ခဲ့သည်။ **ခွန်(ဝင်းပ)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

**စစ်ကိုင်း မေ ၃၁**
ဇွန် ၂၆ ရက်တွင်ကျရောက်မည့် (၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများကို စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အသင်္ချာခန်းမ၌ မေ ၂၉ ရက်က ကျင်းပသည်။



ပြိုင်ပွဲသို့ စစ်ကိုင်းခရိုင်အတွင်းရှိ စစ်ကိုင်း၊ မြင်းမူနှင့် မြောင်မြို့နယ်များမှ အခြေခံပညာ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မူလတန်းအဆင့်တွင် ၂၃ ဦး၊ အလယ်တန်းအဆင့်တွင် ၁၄ ဦးနှင့် အထက်တန်းအဆင့်တွင် ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ အကဲဖြတ်ဒိုင်များဖြစ်သည့် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာ အတတ်ပညာရှင်များက ပြိုင်ပွဲကို ကြီးကြပ်ပေးခဲ့ပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးထိုက်လင်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့သည်။ ပြိုင်ပွဲတွင် ဆုရရှိသူများအား ဇွန် ၂၆ ရက်တွင်ကျင်းပမည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ယခုကျင်းပသည့် ပြိုင်ပွဲသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း (၁၉)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။
**မျိုးဝင်း(စစ်ကိုင်း)**

# မိုးနဲပေါ်ဝန်းအတွင်း ကိုယ်ကာယကြံ့ခိုင်ရေး လေ့ကျင့်ပစ္စည်းများ ထားရှိပေး

**မိုးနဲ မေ ၃၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့၌ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်အရ အားကစားလှုပ်ရှားမှုပိုစတာများကို လူစည်ကားရာနေရာများတွင် စိုက်ထူလျက်ရှိကာ မိုးနဲမြို့ ပေါ်ဝန်းအတွင်း၌လည်း ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရန် အားကစားပစ္စည်းများကို တပ်ဆင်ထားရှိပေးလျက်ရှိကြောင်း သိရသည်။

လုပ်ငန်းဆောင်ရွက်နေမှုများကို မိုးနဲမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်နန်းသန်းသန်းစိုးနှင့် ဝန်ထမ်းများ မေ ၂၉ ရက်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**



# မိဘမဲ့ဂေဟာ ကျောင်းသားများအတွက် ငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**မိုးကုတ် မေ ၃၁**
မိုးကုတ်မြို့နယ် မင်းတံတားရပ်ရှိ ရတနာသိဒ္ဓိပရဟိတ မိဘမဲ့ဂေဟာ ဘုန်းတော်ကြီးသင်ကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် အလှူငွေများကို မိုးကုတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က မေ ၂၈ ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

မိုးကုတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ မိဘမဲ့ဂေဟာများ၊ စာသင်ကျောင်းများသို့ သွားရောက်၍ လိုအပ်ချက်များကို တက်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ရတနာသိဒ္ဓိပရဟိတမိဘမဲ့ဂေဟာ ဘုန်းတော်ကြီးသင်ကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက်လည်း ဗလာစာအုပ် ၁၀ ဒါဇင်နှင့် နံနက်စာအတွက် အလှူငွေကျပ်ငါးသောင်းကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးမြင့်နှင့် အဖွဲ့ဝင်များက လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **နေဝါ(မိုးကုတ်)**



## သတင်းတို

### ကျောင်းအပ်နှံရေးနေ့ အခမ်းအနား တာချီလိတ်၌ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ မေ ၂၉ ရက်က ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူများက ဇာတိမာန်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်မာမာဦးက ကျောင်းအပ်နှံရေးနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက အခမဲ့ပေးအပ်သော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးပစ္စည်းများကို တာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံသို့ ပေးအပ်ခဲ့ကြသည်။
**ဝေယံလင်း**

# ကျောင်းအပ်နှံရေး သီတင်းပတ်တွင် ကျောင်းအပ်သူများစည်ကား

**တောင်ငူ မေ ၃၁**
တောင်ငူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းအပ်နှံရေးသီတင်းပတ်ဖြစ်သည့် မေ ၂၅ ရက်မှ ၃၁ ရက်အတွင်း လာရောက်ကျောင်းအပ်နှံကြသော ကျောင်းသား ကျောင်းသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

တောင်ငူမြို့မှ မူလတန်းလွန်ကျောင်းသို့ လာရောက်အပ်နှံသည့် မိဘတစ်ဦးက "အသက် ငါးနှစ်ပြည့်မှ သူငယ်တန်း အပ်လို့ရမယ်လို့ ကန့်သတ်ထားပေမယ့် တစ်လလိုရင် သက်ဆိုင်ရာကျောင်းအသီးသီးက ကျောင်းအုပ်ကြီးများ ထောက်ခံချက်၊ နှစ်လလိုရင် မြို့နယ်ပညာရေးမှူး ထောက်ခံချက်၊ သုံးလလိုရင် တိုင်းဒေသကြီးပညာရေးမှူး ထောက်ခံချက်တွေနဲ့ ကျောင်းအပ်နှံနိုင်လို့ မိဘတွေအတွက်လည်း အသက်မမီလို့ ကျောင်းမအပ်ရတဲ့သောက မရှိတော့ဘူး"ဟု ပြောသည်။ ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား သူငယ်တန်း(KG)အတွက် ကျောင်းဝတ်စုံ တစ်စုံ၊ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံ တစ်စုံ၊ ဗလာစာအုပ် ခြောက်အုပ်နှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံ၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံတို့ကို အခမဲ့ထောက်ပံ့ပေးလျက်ရှိသည်။ **မောင်ရွှေဝင်း(ပြည်)**

# ယာသီးနှံအတွက် စိုက်ပျိုးစရိတ်ချေးငွေကို တိုးမြှင့်ပေးရန် တောင်သူများမျှော်လင့်နေ



**တောင်သာ မေ ၃၁**

တောင်သာမြို့နယ်တွင် မေလတတိယပတ်က မိုးအသင့်အတင့်ရွာသွန်းခဲ့၍ ကျေးရွာများမှ တောင်သူများမှာ လုပ်ငန်းခွင်သို့ဝင်ရောက်ကာ ယာသီးနှံများကို စတင်စိုက်ပျိုးနေကြပြီဖြစ်ကာ စိုက်ပျိုးရေးအတွက် ကုန်ကျစရိတ်များ ကြီးမြင့်နေသဖြင့် အခက်ကြုံနေကြရကြောင်း၊ တောင်သူများအတွက် နိုင်ငံတော်ကထုတ်ချေးပေးသော ယာသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို တိုးမြှင့်ထုတ်ချေးပေးရန် လိုလားနေကြကြောင်း သိရသည်။

"ကဆုန်တစ်လလုံးက စိုက်ပျိုးချိန်ပါ။ ဒီဘက်မှာ နှစ်မိုးလောက်ရွာထားတော့ စိုက်လို့ရပါပြီ။ မြေပဲနဲ့နှမ်းကို အဓိကစိုက်တယ်။ မိုးရွာရင် စိုက်ဖို့ပြင်ရပါတယ်။ မြေပဲမျိုးဆန်၊ အလုပ်သမားစရိတ်၊ နွားရှဉ်းခနဲ့ဆို တစ်ဧကကို စိုက်စရိတ်က ကိုးသောင်းလောက်အနည်းဆုံးကုန်ပါတယ်"ဟု ဇဂျမ်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူလယ်သမားများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ပေးလျက်ရှိရာတွင် လယ်မြေများတွင် စပါးစိုက်သူနှင့် ယာမြေများတွင် အခြားသီးနှံစိုက်သူများကြား ချေးငွေပမာဏမှာ များစွာကွာဟမှုရှိနေ၍ အခြားသီးနှံချေးငွေကို တိုးမြှင့်၍ ထုတ်ချေးပေးစေလိုကြောင်း တောင်သူများက ပြောသည်။

"ဆန်စပါးက အဓိကသီးနှံဖြစ်သလို ပဲစင်းငုံ၊ ပဲတီစိမ်းကလည်း နိုင်ငံခြားပို့ကုန်ပါပဲ။ မြေပဲနဲ့နှမ်းက ဆီထွက်သီးနှံဆိုတော့ ဒေသတွင်းဖူလုံဖို့ အရေးကြီးပါတယ်။ လယ်တစ်ဧကကို မနှစ်ကထက် ငါးသောင်းပိုပြီး ဒီနှစ်မှာ တစ်သိန်းခွဲချေးမယ်လို့ သိရတယ်။ ယာသမားကျတော့ မနှစ်ကအတိုင်း နှစ်သောင်းပဲချေးမယ်ဆိုတော့ နည်းလွန်းနေတယ်"ဟု ဒေသခံ ယာစိုက်တောင်သူ ဦးမိုးသီးက ပြောသည်။

တောင်သာမြို့နယ်အတွင်းမှ ယာစိုက်ပျိုးသော တောင်သူအများစုမှာ စိုက်ပျိုးစရိတ်ကြီးမြင့်ခြင်း၊ ရာသီဥတု ဖောက်ပြန်ခြင်းတို့ကြောင့် စိုက်ပျိုးရာတွင် ဈေးကွက်အခြေအနေများအပေါ် အဓိကမထားတော့ဘဲ နှစ်စဉ် လုပ်ငန်းခွင်မပျက် စိုက်ပျိုးနိုင်ရေးကိုသာ ကြိုးစားဆောင်ရွက်နေကြရကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

# မုန်တိုင်းတိုက်ခတ်မှု သဘာဝဘေးကြုံတွေ့လျှင် သတိပြုရမည့်အချက်များ သရုပ်ပြ

**သရက်ချောင်း မေ ၃၁**

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာ တောင်ပေါ် ဘုန်းတော်ကြီးကျောင်းဝင်းမှ မုန်တိုင်းတိုက်ခတ်မှု သဘာဝဘေးနှင့် ကြုံတွေ့ပါက ပြုလုပ်ရမည့်အချက်များ သရုပ်ပြလေ့ကျင့်ခြင်းကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ မေ ၂၉ ရက်က ဆောင်ရွက်ခဲ့သည်။

မုန်တိုင်းသရုပ်ပြလေ့ကျင့်ရာတွင် ပထမပိုင်းအနေဖြင့် မုန်တိုင်းစတင်ဖြစ်ပေါ်လာပါက လက်တွေ့ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနဝန်ထမ်းများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများရှေ့မှောက်တွင် လက်တွေ့သရုပ်ပြခဲ့သည်။



ထို့နောက် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဒေါ်ဖြူဖြူဝင်းက သရုပ်ပြလေ့ကျင့်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ သဘာဝဘေးကြုံတွေ့ချိန်တွင် သတိပြုသင့်သည့် အချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးနှင့် ကြက်ခြေနီတာဝန်ခံတို့ကလည်း မုန်တိုင်းမဖြစ်ပေါ်မီအခြေအနေ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ်အခြေအနေနှင့် ဖြစ်ပေါ်ပြီး အခြေအနေများတွင် လက်တွေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးဟောပြောခဲ့သည်။

သရုပ်ပြလေ့ကျင့်ရာသို့ ဌာနဆိုင်ရာများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျေးရွာနေပြည်သူများ လာရောက်ကြည့်ရှု ပူးပေါင်းလေ့ကျင့်ခဲ့သည်။

**နိုင်ဝင်း(ပြန်/ဆက်)**

# ကျောင်းအပ်နှံရေးနေ့အခမ်းအနား မတ္တရာမြို့နယ်တွင် ကျင်းပ

**မတ္တရာ မေ ၃၁**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မတ္တရာမြို့ အထက(၁)ကျောင်း အောင်ဆန်းခန်းမ၌ မေ ၃၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားကို အထက(၁)မှ ကျောင်းသား ကျောင်းသူလေးများက မိုးဦးအလှစိမ်းစိုမြ သီချင်းဖြင့် သီဆို၍ ဖွင့်လှစ်ခဲ့ပြီး မတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် အလှူရှင်များက ပညာရေးဌာနသို့ အလှူငွေများနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးဝင်းအောင်က လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ခဲ့သည်။

**စိုးကျော်သူထွေး(မတ္တရာ)**



# ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စုစာရင်း မရှိသူများကို စာရင်းကောက်ယူ

**ကသာ မေ ၃၁**

ကသာမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့နေထိုင်ကြပြီး အိမ်ထောင်စုစာရင်းမရှိသူများအား ရက် ၁၀၀ စီမံချက်အရ စာရင်းကောက်ယူခြင်းလုပ်ငန်းကို မေ ၂၉ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနက ကျေးလက်ဒေသများသို့ ကွင်းဆင်းကာ အိမ်ထောင်စုစာရင်းမရှိသူများ စာရင်းကို ကောက်ယူနေခြင်းဖြစ်ကာ မြို့နယ်အတွင်း၌ရှိသော အလုပ်သမားများ၊ ပြောင်းရွှေ့နေထိုင်သူများကိုလည်း စာရင်းကောက်လျက် သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသူများကို အိမ်ထောင်စုလူဦးရေစာရင်း ကောက်ယူကာ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးသွားနိုင်ရန်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများကလည်း ပူးပေါင်းပါဝင်ခြင်းဖြင့် ကျေးရွာများမှ လူဦးရေစာရင်းဇယားများနှင့် အလုပ်အကိုင်၊ နေထိုင်စားသောက်ရမှု အခြေအနေများတွင်လည်း တိုးတက်ပြောင်းလဲလာမှုများကို ပိုမိုထင်ရှားစွာ သိလာနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ကသာမြို့နယ်တွင် မိသားစုစားဝတ်နေရေးအခြေအနေအရလည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ အခက်အခဲအမျိုးမျိုးကြောင့်လည်းကောင်း မူလနေထိုင်ရာအရပ်ဒေသများမှ နေရာရွှေ့ပြောင်းကာ အလုပ်အကိုင်လျက်ရှိသည့် မြို့နယ်ဒေသများတွင် မိသားစုဘဝရှေ့ရေး ရုန်းကန်နေကြရသူများမှာ ယခင်နေထိုင်ခဲ့သော မြို့နယ်များမှ အိမ်ထောင်စုစာရင်းမှထွက်သော ပုံစံ(၁၀)ကိုထုတ်ယူနိုင်ခြင်းမရှိ၍ ရောက်ရှိနေထိုင်ရာအရပ်မှ အိမ်ထောင်စုစာရင်းတွင် မပါဝင်ဘဲ လုပ်ထုံးလုပ်နည်းနှင့် မညီ ဖြစ်နေလျက်ရှိကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



# မိုးရွာသွန်း၍ပျက်စီးသွားသောလမ်းကို ပြန်ပြင်ပြီး၍ ဒေသခံများ သွားလာရေးအဆင်ပြေ

**မြန်အောင် မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် မေ ၂၃ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အင်ပင်ကျေးရွာအုပ်စု အညာစုကျေးရွာအနီး အင်ပင်-ကနောင်လမ်းပေါ်မှ ဂုံးပေါက်ဘေး လမ်းအရှည် ၃၅ ပေ၊ အကျယ် ၁၈ ပေမှာ ရေတိုက်စား၍ ပျက်စီးသွားခဲ့ပြီး ဒေသခံပြည်သူများ သွားလာရေးခက်ခဲခဲ့ရာမှ ယခုအခါ ပြုပြင်ပြီးဖြစ်ကြောင်း သိရသည်။

လမ်းပျက်စီးမှုကို မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြန်လည်ပြုပြင်ပေးခဲ့သဖြင့် မေ ၂၉ ရက်တွင် ပြီးစီးခဲ့ခြင်းဖြစ်သည်။ လမ်းပြုပြင်ပြီးသဖြင့် ဒေသခံပြည်သူများ၏ ဆက်သွယ်သွားလာရေးအတွက် အဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# အရပ်ဘက်လူမှုအဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကျင်းပ

**မော်လမြိုင် မေ ၃၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေမြင့်မိုရ်ထွန်းဟိုတယ်၌ ဒုတိယအကြိမ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကို မေ ၃၀ ရက်နှင့် ၃၁ ရက် နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။



မေ ၃၀ ရက်က ကျင်းပသည့် ငြိမ်းချမ်းရေးဖိုရမ် ပထမနေ့တွင် ကျင်းပရေးကော်မတီဝင် ပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ညှိနှိုင်းရေးမှူး မင်းအောင်ထူးက ဖိုရမ်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြည်သူလူထု၏ ပါဝင်ပူးပေါင်းပါဝင်ခြင်း၊ လူငယ်ရေးရာအခန်းကဏ္ဍ၊ အမျိုးသမီးရေးရာ ပါဝင်ပတ်သက်မှု၊ သဘာဝအရင်းအမြစ် ပါဝင်သက်ရောက်ခြင်း၊ စီမံခန့်ခွဲမှုကဏ္ဍ စသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်သင့်ပုံကို အဓိကထား၍ ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ငြိမ်းချမ်းရေးဖိုရမ် ညှိနှိုင်းရေးမှူး စပြည့်ဖြိုးအောင်က အမျိုးသားအဆင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစောင့်ကြည့်ကော်မတီ JMC-U မှ နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါ်နန်ရော်က မြန်မာနိုင်ငံ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်၏ လက်ရှိအခြေအနေနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို လည်းကောင်း၊ Kachin Peace Network မှ ဒေါ်ခွန်ဂျာက စီးပွားရေးလုပ်ငန်းကြီးများ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်ဖြစ်ပေါ်နေသော နောက်ဆက်တွဲ ငြိမ်းချမ်းရေးဖြစ်စဉ်အခန်းကဏ္ဍများကိုလည်းကောင်း သုံးသပ်တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပထမအကြိမ်ဖိုရမ် နောက်ပိုင်း မွန်ပြည်နယ်အတွင်းမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများကို ကျင်းပရေးကော်မတီဝင်တစ်ဦးက ရှင်းလင်းပြောကြားပြီး ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းအပေါ် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အမြင်သဘောထားနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ပါဝင်ဆောင်ရွက်ဆောင်ရွက်နိုင်မည့် ကဏ္ဍများကို တက်ရောက်လာသူများမှ ဆွေးနွေးခဲ့ကြသည်။

ဖိုရမ် ဒုတိယနေ့တွင် ဒေသအတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် လူငယ်ရေးရာကဏ္ဍ၊ အမျိုးသမီးပါဝင်မှု၊ သဘာဝသယံဇာတ စီမံခန့်ခွဲမှု၊ တရားဥပဒေစိုးမိုးရေး၊ အရပ်သားအပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ရေးလုပ်ငန်းစဉ် စသည့် အကြောင်းအရာများကို မွန်ပြည်နယ်အတွင်း မြို့နယ် ၁၀ ခုမှ ဖိတ်ကြားထားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ စိတ်ပါဝင်စားသူများက ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# လာဘမုနိနဂါးပတ်စေတီ ထီးတော်တင်လှူ

**စဉ့်ကူး မေ ၃၁**

၂၀၁၂ ခုနှစ်က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သော မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့ အမှတ်(၂)ရပ်ကွက် ရွှေကူကြီးကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် လာဘမုနိနဂါးပတ်စေတီတော်ကို အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ပြန်လည်တည်ထားခဲ့ရာ ပြီးစီးပြီဖြစ်သဖြင့် ထီးတော်တင်ပွဲကို မေ ၂၉ ရက်က ကျင်းပခဲ့သည်။

လာဘမုနိနဂါးပတ်စေတီတော်ကို အသစ်ပြန်လည်တည်ထားရာတွင် စဉ့်ကူးမြို့မှ ဦးသန်းတင့်မိသားစုက မတည်အလှူရှင်အဖြစ် ကျပ် ၁၁၅ သိန်းကို လှူဒါန်းပြီး အခြားရပ်နီးရပ်ဝေးမှ အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် ကျပ်သိန်း ၁၅၀ ခန့် အကုန်အကျခံ၍ ပြန်လည်တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထီးတော်တင်ပွဲတွင် စေတီတော်အလှူရှင်နှင့် ထီးတော်အလှူရှင် မိသားစုများက ထီးတော်နှင့် စိန်ဖူးတော်များကို စေတီတော်အထွတ်သို့ ပန်းရထားဖြင့် တင်လှူခဲ့သည်။

**ဝင်းမောင်**

# မွန်ပြည်နယ်၌ အခွန်ဆိုင်ရာ ရှင်းလင်းခြင်းအခမ်းအနားကျင်းပ

**မော်လမြိုင် မေ ၃၁**

မွန်ပြည်နယ် ပြည်တွင်းအခွန်ဦးစီးဌာန၏ အခွန်ဆိုင်ရာရှင်းလင်းပွဲကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမဆောင်တွင် မေလစတုတ္ထပတ်က ကျင်းပရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းများနှင့် အခွန်ထမ်း ပြည်သူများ စုစုပေါင်း ၆၀၀ ကျော် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးဦးသန်းဝင်းက ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်အခွန်ဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခိုင်က အထူးကုန်စည်ခွန်နှင့် တံဆိပ်ခေါင်းခွန်ဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များအပေါ် ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းညွန့်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ မြို့နယ်ရဲတပ်ဖွဲ့က ဆောင်ရွက်ပေး



**ဆိပ်ဖြူ မေ ၃၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ အထက(ဆိပ်ဖြူ) ကျောင်းဝင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူများအတွက် အန္တရာယ်ဖြစ်ပွားနိုင်သည့် ကျောင်းဝင်းရှေ့လမ်းပေါ်မှ ထနောင်းပင်ခြောက်များ ရှင်းလင်းခြင်းကိုလည်းကောင်း ဆိပ်ဖြူမြို့နယ်ရဲတပ်ဖွဲ့က ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် မေ ၃၀ ရက်က ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းမြင့်ဝင်း၏ လမ်းညွှန်မှုဖြင့် မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး မြင့်အောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ အထက(ဆိပ်ဖြူ)မှ ဆရာဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ကျောင်းသားများ ကျန်းမာရေးထိခိုက်မှုမရှိစေရန် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းသား ကျောင်းသူများ လမ်းတွင် အန္တရာယ်ဖြစ်ပွားခြင်းမရှိစေရန် ထနောင်းပင်ခြောက်များ ရှင်းလင်းဖယ်ရှားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။**စိုးလင်းနိုင် (ပြန်/ဆက်)**

# ရှမ်းနီတိုင်းရင်းသားများနှင့် တိုင်းဒေသကြီးဝန်ကြီးတွေ့ဆုံ

**ကောလင်း မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ရေကန်သာအုပ်စု ခမောက်တောင်ကျေးရွာမှ ဒေသခံရှမ်းတိုင်းရင်းသားများနှင့် အစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၈ ရက်က ပြုလုပ်ခဲ့ပြီး ရှမ်းနီစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာများကိုလည်း တာဝန်ရှိသူများက ဟောပြောခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နန်းမွေးမွေးခင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်တို့က အမှာစကားပြောကြားကြပြီး ရှမ်းနီစာပေနှင့် ယဉ်ကျေးမှုကော်မတီတာဝန်ခံ ဦးစိုင်းအောင်မြတ်က ရှမ်းတိုင်းရင်းသားယဉ်ကျေးမှုအကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ရှမ်းနီအမျိုးသားများ အကျိုးဆောင်ဥက္ကဋ္ဌ ဗိုလ်ကြီး(ငြိမ်း)နိုင်နိုင်ကျော်က တိုင်းရင်းသားသွေးစည်းညီညွတ်ရေးကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြကြောင်းသိရသည်။ တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်း၊ ရှမ်းနီစာပေနှင့် ယဉ်ကျေးမှုကော်မတီတာဝန်ခံ ဦးစိုင်းအောင်မြတ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ရှမ်းနီအမျိုးသားများ အကျိုးဆောင်အဖွဲ့ဝင်များနှင့် ဒေသခံရှမ်းနီတိုင်းရင်းသားများ တက်ရောက်ခဲ့ကြသည်။

**ကိုကိုညိမ်း(ကောလင်း)**

# လူစုလူဝေးအား စနစ်တကျထိန်းသိမ်းနည်း ဆင့်ပွားသင်တန်း မန္တလေးခရိုင်ရဲတပ်ဖွဲ့က ကြီးမှူးဖွင့်လှစ်

**မန္တလေး မေ ၃၁**

မန္တလေးမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း(Crowd Management)နှင့်ပတ်သက်၍ ဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၁၆) ကို ခရိုင်ရဲတပ်ဖွဲ့က ကြီးမှူး၍ မေ ၃၀ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဒီမိုကရေစီစနစ်နှင့်အညီ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဥရောပသမဂ္ဂနိုင်ငံများအဖွဲ့(EU)တို့ ပူးပေါင်း၍ ရဲလုပ်ငန်းစနစ် ပြုပြင်ပြောင်းလဲရေးအတွက် ဆောင်ရွက်ရာ၌ ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဥပဒေနှင့်အညီ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်များကို ခွင့်ပြုပေးထားရာ အချို့သော လူစုလူဝေးများမှာ ဥပဒေကပေးသည့် အခွင့်အရေးထက် ကျော်လွန်ကာ ဆူပူအကြမ်းဖက်ခြင်း၊ ပြစ်မှုများကျူးလွန်ခြင်း စသည်ဖြင့် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ကျူးလွန်လာတတ်ကြောင်း၊ ထိုအခြေအနေမျိုးတွင် ရဲတပ်ဖွဲ့အနေဖြင့် လူစုလူဝေးကို ကိုင်တွယ်ထိန်းသိမ်းရာ၌ လက်တွေ့နယ်ပယ်တွင် ဆောင်ရွက်နိုင်ရေးမှာ လွန်စွာအရေးကြီးကြောင်း၊ ထို့ကြောင့် လူစုလူဝေးထိန်းသိမ်းခြင်းကို ဆောင်ရွက်ရာတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ စနစ်တကျ ထိန်းသိမ်းနိုင်ရန်အတွက် လူစုလူဝေးအား စနစ်တကျထိန်းသိမ်းနည်း (Crowd Management) သင်တန်းများကို လက်တွေ့နယ်ပယ်တွင် စနစ်တကျဆောင်ရွက်နိုင်ရန် သင်ကြားပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ မန္တလေးခရိုင်ရဲတပ်ဖွဲ့၊ ခရိုင် အကူတပ်ခွဲ၊ မြို့နယ်ရဲစခန်းနှင့် နယ်မြေရဲစခန်းများတွင် တာဝန်ထမ်းဆောင်နေသော ရဲအရာရှိ ငါးဦးနှင့် အခြားအဆင့် ၄၅ ဦး စုစုပေါင်း သင်တန်းသား ၅၀ တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**




Mom + Similac
The winning formula for better learning.
မေမေနဲ့ Similac ပေါင်းစပ်မှု
အကောင်းဆုံးလေ့လာသင်ယူမှု
Similac
Gain IQ
Gain IQ Kid
Intelli-Pro
သင်နဲ့ သင့်ကလေး အတူလုပ်ဆောင်တဲ့အပြုအမူတိုင်းဟာသူ့ကိုသင်ယူမှုအသစ်တွေ အမြဲရရှိစေပါတယ် . . . ဒါပေမယ့် . . . သူ့အတွက်လေ့လာမှုအသစ်တွေကိုပိုမိုသင်ယူနိုင်စေဖို့ ကောင်းမွန်တဲ့အာဟာရဓာတ်တွေလိုအပ်ပါတယ်...Similac ရဲ့ Eye Q Plus System မှာ DHA သာမက Choline, Lutein, Taurine, Zinc စသည့် အာဟာရများကို သိပ္ပံနည်းကျပေါင်းစပ်ထားတာကြောင့် ဦးနှောက်ရဲ့ ဆက်သွယ်မှုများကို ပိုမိုကောင်းမွန်စေပြီး အကောင်းဆုံးသင်ယူမှုကို ပေးစွမ်းနိုင်ပါတယ်...
Distributed By
PAHTAMA
GROUP
Abbott Nutrition
Careline
01-8551428
09 260 35 62 62
abbottnutrition@pahtama.com
Abbott

in partnership with STRATEGY FIRST INSTITUTE




STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®

သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship + Independent Study







# SIGNATURE M.B.A

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ Signature Master of Business Administration (MBA) program ကို စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်းကွန်ယက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။ Laureate International University သည်အမေရိကန်အခြေစိုက် ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ်အဖွဲ့ကြီး တစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့တက္ကသိုလ်ပေါင်း (၈၀) ကျော်ကို ပိုင်ဆိုင်ပါသည်။ ထိုတက္ကသိုလ်များတွင် ကျောင်းသား၊ ကျောင်းသူ ၁ သန်းခန့်တက်ရောက်နေပါသည်။

ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှအင်္ဂလိပ်ဘာသာဖြင့်သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်(တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။

- သင်တန်းများ ဇွန်လ (၄) တွင် စတင်ပါမည်။

သင်တန်းအပ်လက်ခံမည့် နောက်ဆုံးရက် - ဇွန်လ (၂) ရက်

- သင်တန်းအတွက်သင်တန်းကြေးကို (၁၅) ကြိမ်အထိအရစ်ကျပေးသွင်းနိုင်ပါသည်။

Installment plan ဖြင့်ပေးသွင်းရန် လျှောက်ထားနိုင်ပါသည်။

#8, Ground Floor, Panchan Tower,
Myaynigone, Sanchaung Tsp.

**Apply now: (09) 450177770**

Please Note: STRATEGY FIRST does not render its services to tobacco, alcohol and MLM enterprises and their employees.








## ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း

## ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ် ၄၇၀နှင့် ဆက်နွယ်သည်**

**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၈၇**

| | |
|---|---|
| ဒေါ်နန်းအေးမြင့် | ၁။ ဦးကွမ်းစိန်(ခ)ဦးမြင့်ဇော် |
| **ဒီကရီအနိုင်ရသူ** | ၂။ ဒေါ်နွယ်နွယ်ခိုင် |
| | **တရားရှုံးများ** |

၁။ ဦးကွမ်းစိန်(ခ) ဦးမြင့်ဇော် ၂။ ဒေါ်နွယ်နွယ်ခိုင်(အတူနေလင်မယား) အကွက် (၅၇၈)၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ် ၄၇၀တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်နန်းအေးမြင့် လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဇွန်လ(၃)ရက် (၁၃၇၈ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်သို့ လာရောက်ရမည်။

၂၀၁၆ခုနှစ် မေ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ညိုထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

## ဖခင်အမည်မှန်

နေပြည်တော် ပျဉ်းမနားမြို့၊ အထက(၂)အဋ္ဌမတန်းမှ မောင်အောင်ကျော်စံ၏ဖခင်အမည်မှန်မှာ ဦးစောအောင် ၉/ပမန(နိုင်)၁၄၂၅၅၉ဖြစ်ပါကြောင်း။

**ဦးစောအောင် ၉/ပမန(နိုင်)၁၄၂၅၅၉**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၃-၂၀၁၆ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၃၁)ကန့်ကွက်နိုင်ကြောင်းကြော်ငြာမြောက်ဥက္ကလာပမြို့နယ်ဦးဟန်ဝင်းနိုင်၏ပိုင်ဆိုင်မြေပုံကူးတွင်မြေအမည်ပေါက်အဘိုးဦးအောင်မြင့်၊အဘွားဒေါ်လှတို့၏တစ်ဦးတည်းသောသားဖခင်ဦးအောင်မြင့်အစား ဦးကြင်ဟုအမှန်ဖတ်ရှုပါရန်။

## မိဘအမည်မှန်

လားရှိုးမြို့၊ အမက(၁၉)၊ အဋ္ဌမတန်း(အောင်)မှ မောင်ဝဏ္ဏ၏ မိဘအမည်မှန်မှာ ဦးလားဗဟာဒူးနှင့် ဒေါ်ဆန်သီးဒေဝီဖြစ်ပါကြောင်း။

**ဦးလားဗဟာဒူး-ဒေါ်ဆန်သီးဒေဝီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၅-၂၀၁၆ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၅)ပါ အများသိစေရန်ကြေညာခြင်းတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆၀)ရပ်ကွက်အား ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၅၀)ရပ်ကွက် ဟုပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ ညောင်ပင်သာ အထက၊ တက္ကသိုလ်ဝင်တန်းမှ မသီတာဇင်နှင့် ဆဋ္ဌမတန်းမှ မဟန်သဇင်တို့၏ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ၉/ပမန(နိုင်)၀၂၄၃၇၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဟိုပန်မြို့၊ အထက၊ နဝမတန်း(က)မှ မခိုင်စုလှိုင်၏ဖခင် ဦးဝင်းနိုင်၏ အမည်မှန်မှာ ဦးစိုးဝင်းနိုင် ၅/ရဥန(နိုင်)၀၂၆၁၈၈ ဖြစ်ပါသည်။

**ဦးစိုးဝင်းနိုင် ၅/ရဥန(နိုင်)၀၂၆၁၈၈**

## အမည်ပြောင်း

ဦးနိုင်အောင် ၁၀/ကထန(နိုင်)၀၇၇၅၆၁ ၏သား အထက (၁)၊ နေပြည်တော် ဒုတိယတန်း(A)မှ မောင်ခန့်ဇေအောင်အား မောင်အောင်ခန့်ဇေဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်ခန့်ဇေ**

## ဖခင်အမည်မှန်

တနင်္သာရီမြို့နယ်၊ အထက-ညောင်ပင်ကွင်းကျောင်း နဝမတန်းမှ မောင်ဝဏ္ဏဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဦး ၆/တသရ(နိုင်)၀၃၁၀၉၄ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်ဦး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊ ဝေဇယန္တာ (၁၈)လမ်း၊ အမှတ် (၇၄၀) တည်ရှိသည့် ပေ(၂၀×၆၀)ရှိ မြေကွက်ပေါ်တွင် ပြည့်စုံအောင် Naing Home ဆောက်လုပ်ရေးမှ ဆောက်လုပ်ထားသော ရောင်းချသူ ကန်ထရိုက်တာ ဦးခင်အောင် ၁၂/အစန(နိုင်) ၁၃၄၇၃၇မှ ပိုင်ဆိုင်သော တတိယထပ်(၄)လွှာ (၁၈ပေ×၅၄ပေ) အခန်းအား ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးနေအောင်လတ်နှင့် ဦးဇော်ဇော်ထွန်းတို့မှ ၁၈-၉-၂၀၁၄ ရက်မှစပြီး နှစ်ဦးသဘောတူ အရစ်ကျစနစ် တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး ၂၄-၅-၂၀၁၆ ရက်တွင် နောက်ဆုံးအရစ်အဖြစ် ငွေပေးချေပြီး ဝယ်ယူပိုင်ဆိုင်လက်ရောက်ယူခဲ့ပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးထွန်းလှ LL.B** | **ဒေါ်သီရိဦး LL.B, LL.M** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၁၄)** | **(စဉ်-၂၉၇၁၃)** |
| **အမှတ် (၉)၊ မဂ္ဂင်လမ်း၊** | **ဒေါ်အေးပပလင်း LL.B** |
| **ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့၊** | **(စဉ်-၄၀၀၀၄)** |
| **ဖုန်း-၀၉-၇၃၁၀၈၃၃၂၊ ၀၉-၄၂၀၁၉၇၈၆** | **အထက်တန်းရှေ့နေများ** |

## CLAIMS DAY NOTIC

## M.V POSITIVE PIONEER VOY:NO(103)

Consignees of cargo carried by M.V POSITIVE PIONEER VOY:NO(103) are here by notified that the vessel will arrive on about 2-6-2016and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင်မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးထိန်လင်း(ခ)Tommy Lin
**ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ စက်မှု(၁)**
**Auditor & Financial Consultant, Khin Su Htay & Associates**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ပြည်လမ်း၊ မာလာလမ်းသွယ်၊ အမှတ်(၆၁၅/R)နေ (ဦးထိန်ဝှက်-ဒေါ်ဖိတ်ငေါ်၊ဒေါ်ဖိတ်ကင်)တို့၏သားသမက်၊ ဒေါ်ခင်စုဌေး [ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှု(၁)]၏ ချစ်လှစွာသောခင်ပွန်း ဦးထိန်လင်း(ခ)Tommy Lin သည် ၂၆-၅-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**U Hla Tun & Associates**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးထိန်လင်း(ခ)Tommy Lin
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊စက်မှု(၁)**
**Auditor & Financial Consultant, Khin Su Htay & Associates**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ပြည်လမ်း၊ မာလာလမ်းသွယ်၊ အမှတ်(၆၁၅/R)နေ(ဦးထိန်ဝှက်-ဒေါ်ဖိတ်ငေါ်၊ဒေါ်ဖိတ်ကင်)တို့၏သားသမက်၊ ဒေါ်ခင်စုဌေး [ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှု(၁)]၏ ချစ်လှစွာသောခင်ပွန်း ဦးထိန်လင်း(ခ) Tommy Lin သည် ၂၆-၅-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အဖွဲ့ဝင်လူကြီးများ**
**ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်(83, 84, 85, 86 intake) မိသားစုအဖွဲ့ဝင်မသက်သက်ရွှေ (83 intake) ၏မိခင် **ဒေါ်အေးအေးသန့်(ခ)Annie Kuu (မော်လမြိုင်)-အသက်(၈၁)နှစ်** သည်(၂၇. ၅. ၂၀၁၆)နေ့တွင် ကွယ်လွန် သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

(83, 84, 85, 86 intake)ရန်ကုန်စီးပွားရေးတက္ကသိုလ်

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်(83, 84, 85, 86 intake) မိသားစုအဖွဲ့ဝင်မဌေးဌေးဆင့် (83 intake) ၏ မိခင်**ဒေါ်ကျင်လှိုင်(တွံ့တေးမြို့)-အသက်(၇၆)နှစ်** သည် (၂၈. ၅. ၂၀၁၆)နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်တကွထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

(83, 84, 85, 86 intake)ရန်ကုန်စီးပွားရေးတက္ကသိုလ်

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်အေးသန့် @ Annie Kuu
**(တင်ရွှေစာပေ)**
**အမှုဆောင်၊ မဟာစည်အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့**
**(မော်လမြိုင်)**
**အသက်(၈၁)နှစ်**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် နာယက ဦးသောင်းတင် [ဒုတိယဝန်ကြီး(ငြိမ်း)]နှင့် ဒေါ်တင်တင်အေး(KMD Computer Group)တို့၏မိခင် ဒေါ်အေးသန့် @ Annie Kuu အသက်(၈၁)နှစ်သည် ၂၇-၅-၂၀၁၆ရက် (သောကြာနေ့) ည ၁၁း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်**
**မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း**
**မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်အေးသန့် @ Annie Kuu
**(တင်ရွှေစာပေ)**
**အသက်(၈၁)နှစ်**

ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ပညာအတူသင်ယူခဲ့သော ချစ်သူငယ်ချင်း သက်သက်ရွှေ(ငယ်ငယ်) (တင်ရွှေစာပေ)၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်အေးသန့်သည် ၂၇-၅-၂၀၁၆ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၈၃-Eco မှသူငယ်ချင်းများ**
**အုန်းဆန်း၊ မြတ်သူ၊ ဟန်ဝင်း-စိမ်းစိမ်း၊ မီမီအေး၊**
**ဆွေမာ၊ မော်ကြီး၊ ဇင်မင်း၊ မာလာ၊ အေးမွန်၊ စမ်းအေး**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးမင်းကျော်သူ (ငြိမ်း)
**OTS (97)**
**အသက်(၄၅)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးမင်းကျော်သူ(ငြိမ်း)သည် ၂၆-၅-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS (97) မှ သူငယ်ချင်းများ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ရဟန်းမယ်တော်**
### ဒေါ်အုန်းမေ(ခ)ဒေါ်ကွေရီ (ထားဝယ်မြို့)
**အသက်(၁၀၁)နှစ်**

ထားဝယ်မြို့နေ(ဦးစုန်ပေါ်-ဒေါ်ကြူးသင်)တို့၏သမီး၊ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၃၅၇၊ အခန်း ၂၊ အနောက်ရန်ကင်းနေ (ဦးစု)၏ဇနီး၊ (ဒေါ်ချွန်ရီ၊ ဒေါ်ကျင်ရီ)တို့၏ညီမ၊ (ဗိုလ်ကြီးစိုးမြင့်)၊ ဒေါ်ကြည်ကြည်ညွှန့်(ထွေ/အုပ်၊ ငြိမ်း) တို့၏မိခင်သည် ၃၀-၅-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ တိုက် ၃၅၇၊ အခန်း ၂၊ အနောက်ရန်ကင်း၊ (၅)ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရင်ရွှေ
**အသက်(၉၈)နှစ်**

ပါမောက္ခဒေါက်တာသန်းသန်းကြိုင်၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ရင်ရွှေ သည် ၂၉-၅-၂၀၁၆ရက်တွင် ကျောက်မဲမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**ဒေါက်တာနွယ်နီ၊ ဒေါက်တာနွဲ့နွဲ့ရီ**
**ဦးစိုးရထွန်း-ဒေါက်တာနန်းခင်မြ၊**
**ဦးထင်အောင်-ဒေါက်တာပြုံးပြုံးသန်း၊**
**ဦးတင်အံ့ချို-ဒေါက်တာမာမာလွင်၊**
**ဦးထွန်းအောင်သင်း-ဒေါက်တာလဲ့လဲ့ဝင်း၊**
**ဦးသိန်းထွန်းအောင်-ဒေါက်တာလဘန်ခွန်၊**
**ဒေါက်တာစိုင်းကျော်ဌေး-ဒေါက်တာခင်လေးမွန်**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရင်ရွှေ
**အသက်(၉၈)နှစ်**

ပါမောက္ခဒေါက်တာသန်းသန်းကြိုင်၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ရင်ရွှေ သည် ၂၉-၅-၂၀၁၆ရက်တွင် ကျောက်မဲမြို့ နေအိမ်၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**1980-85 Batch ဆေးတက္ကသိုလ်(မန္တလေး)မှ**
**အတန်းဖော်သူငယ်ချင်းများ**

### ဦးကျော်လှိုင်
**(ဗိုလ်တထောင်သတင်းစာ၊ ငြိမ်း)**
**ကန်တော့ခံသက်ကြီး သတင်းစာဆရာ**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ် ၁၈၆နေ(ဦးဘဇံ-ဒေါ်ကြွေ)တို့၏သား၊ (ဦးတင်နွယ်-ဒေါ်ခင်တင့်)တို့၏ သားသမက်၊ ဒေါ်စိန်စိန်၏ခင်ပွန်း၊ ဦးသန်းထိုက်-ဒေါ်တင်တင်စန်း၊ ဦးကျော်မြင့်(အင်္ဂလိပ်စာ)-ဒေါ်စန်းစန်းလှိုင်(PPD)၊ဦးမင်းဆွေ(ရုံးအုပ်၊ကကဌေ၊ ငြိမ်း)-ဒေါ်နုနုလှိုင်(ရုံးအုပ်၊ ရကတဌေ)၊ ဦးအောင်လှိုင်(တပ်စာရင်းကိုင်)၊ (ဦးဟန်ဝင်းလှိုင်)-ဒေါ်ဝင်းရွှေ၊ ဦးဟန်ဝင်းနိုင်-ဒေါ်ပို၊ ဦးတင်မင်းထွန်း(ရွှေဧည့်သည်ဟိုတယ်)-ဒေါ်စုစုလှိုင်(PPD)၊ ဦးထင်ကျော်(နေပြည်တော် တိုင်းစစ်ဌာနချုပ်၊ စခန်းရုံး)တို့၏ချစ်လှစွာသောဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၃၁-၅-၂၀၁၆ရက် (အင်္ဂါနေ့)မွန်းလွဲ ၂း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီ မှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ကျော့မေ
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သီရိကန်သာအိမ်ရာ၊ တိုက် ၄၊ အခန်း ၃နေ(ဦးလှကျော်ထွန်း-ဒေါ်ညိုမေ)တို့၏သမီး၊ (ဦးစိန်လှအောင်)(မြန်မာ့လေကြောင်းဦးစီးဌာန၊ ငြိမ်း)၏ဇနီး၊ ဦးပြုံးကြည်-ဒေါ်ခင်စောအောင်၊ ဦးမြင့်စိုး-ဒေါ်ခင်အောင် (မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မော်လမြိုင်အိမ်ရာစခန်း) တို့၏မိခင်၊ မြေးလေးယောက်၊မြစ်တစ်ယောက်တို့၏အဘွားသည် ၃၀-၅-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
### မန်းဒီဘွားထွန်း
**Myanmar VES Chief Supervisor**
**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ ဦးစံထွန်းမောင် - ဂါကြင်ဌေတို့၏ သား၊ ကျောက်ကုန်း၊ မိုးကောင်းလမ်းနေ (ဦးကျင်ဌေ - ဒေါ်သန်းရီ)တို့၏ သားသမက်၊ နန့်ရှိဒါထွန်း၊ နန့်ရှိရာထွန်း တို့၏မောင်၊ ဦးသူလှိုင်ထွန်း၏ညီ၊ ဦးအဲလ်ဘတ်ထွန်း၊ စဘိုဘိုကြီး၊ နိုင်နိုင်ထွန်း၊ နန့်ဆန်းရူထွန်းတို့၏အစ်ကို၊ ဒေါ်ညွန့်ညွန့်စိန်(ခ)မမော် (MVES)၏ ချစ်လှစွာသောခင်ပွန်း၊ တူ/တူမ ၁၀ ယောက်တို့၏ဦးလေး၊ မြေးတစ်ယောက်၏အဘိုးသည် ၃၁-၅-၂၀၁၆ရက်နံနက် ၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၆-၂၀၁၆ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

### ဒေါ်ညိုညိုသိန်း
**ဒုဦးစီးမှူး(ငါးလုပ်ငန်းဦးစီးဌာန)**
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ဗညားဒလလမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တိုက် A-3၊ အခန်း ၁၀၇နေ ဦးစံရွှေဖြူ(စပရိန်လုပ်ငန်း)-ဒေါ်စောမေတို့၏ သမီး၊ ဒေါ်အဝမ်း၏တူမ၊ ကိုအေးထွန်းသိန်း(ATT Mobile)-မတင်တင်အေး၊ ကိုအေးထွန်းဖြူ၊ မမြသိန်းတို့၏အစ်မ၊ ဘေဘီတင်တင်အေး၏ အဒေါ်သည် ၃၁-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်မိုးမိုး
**အသက်(၇၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်း(မြောက်)ရပ်ကွက်၊ အမှတ် ၁၇၊ သုံးလွှာ-A၊ အင်္ဂပူလမ်းနေ (ဦးကျော်-ဒေါ်စိန်တင်)တို့၏သမီး၊(ဦးမောင်မောင်ကျော်၊ ဂုန်လျှော်ဌာနခွဲမှူး)၏ ဇနီး၊ (ဦးခင်မြင့်-ဒေါ်နှင်းရီ)၊ (ဦးကျော်မြင့်)-ဒေါ်နွဲ့နွဲ့အေး၊ (ဦးမြင့်သိန်း-ဒေါ်အမာကြည်)၊ [ဦးကျော်တင်(ခ)ဦးတိုး]၊ ဦးစိုး-ဒေါ်ချိုချိုဦးတို့၏ညီမ၊ ဦးအောင်ညွန့်-ဒေါ်မူမူစိန်တို့၏အစ်မ၊ မစန္ဒာဝင်း(မြန်မာလေညှင်းကုမ္ပဏီ)၊ ကိုဇော်မင်းနိုင်ဦး(Pristine Group)-မဥမ္မာသင်း(MK. Co., Ltd)၊ ကိုမိုးကျော်(ခ)ကိုစောဝင်း(အမေရိကန်ဗွီးရှင်း) - မစိုးမြတ်မွန်တို့၏မိခင်၊ မမေမြတ်နိုးခင်၊ မနွေ့ရတီဦးတို့၏ချစ်လှစွာသောအဘွားသည် ၃၀-၅-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၈း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၆-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးပွေဝမ်း(ခ)ဦးအော်ကွီး
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅၉လမ်း၊ အမှတ် ၁၅နေ (ဦးပြုံးချို-ဒေါ်ရှုခင်)တို့၏သား၊ (ဦးလျူစုရှောက်) - ဒေါ်ကျင်ဖွန်တို့၏ သားသမက်၊ ဒေါ်သိန်းရင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်စိုးမိုး၊ မောင်မိုးဇော်နိုင်-မစန်းစန်း၊ မောင်ကျော်အောင်ထွန်း-မအေးခိုင်ဇာဦး၊ မောင်ရဲနိုင်လင်း၊ မောင်ရဲလင်းထွဋ်တို့၏ဖခင်၊ မအိမ့်ချမ်းမြေ့၊ မောင်ဟိန်းထွဋ်အောင်၊ မောင်သန့်တေဇထွန်းတို့၏အဘိုးသည် ၃၀-၅-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၅း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃-၆-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေး ဖူကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးတက်တိုး(ခ)ဦးစံ
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၂၆နေ (ဦးသောင်းကြွယ်-ဒေါ်ဖွားကြွပ်)၊ကိုတင်းစိုးထွေး-မချိုချိုသိန်း၊ ကိုသက်ဆွေ-မနှင်းနှင်းဝေတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ ဘိုးဘိုးကြီး၊ ဒေါ်မြင့်ထွေး၏ ချစ်လှစွာသောခင်ပွန်းသည် ၃၁-၅-၂၀၁၆ ရက် (အင်္ဂါနေ့) ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
### ဦးစောမျိုးစံထွန်း
**(မြို့နယ်လျှပ်စစ်မှူး၊ ဇကာကြီး)**
**အသက်(၄၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ မီးစက်လမ်းနေ ဦးစောရွှေမွေလှ-(ဒေါ်နောင်းစိန်)တို့၏သား၊ ညောင်တုန်းမြို့၊ ၂၅လမ်းနေ ဦးကျော်သောင်း-ဒေါ်အေးမျှင်တို့၏သားသမက်၊ ဒေါ်ခင်ဌေးရီ၏ချစ်လှစွာသောခင်ပွန်း၊ နော်ဟန်နီမျိုးစံ၊ နော်ယုခိမျိုးစံတို့၏ဖခင်၊ နော်ကြူကြူလှ-စောအယ်စေး၊ နော်ဝါဝါလှ-(ဦးအောင်ဇော်ဌေး)၊နော်ကြည်ကြည်လှ-ဦးမြို့သစ်မောင်၊ နော်သန်းသန်းလှ-ဦးဝင်းနောင်၊နော်အေးအေးလှ-ဦးစိုးမြင့်၊ နော်ဖြူဖြူလှ-စောချားလ်ဒီခိုင်တို့၏မောင်သည် ၃၀-၅-၂၀၁၆ရက် ညနေ ၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၆-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ၂၅လမ်းနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး မွန်းတည့် ၁၂နာရီတွင် ညောင်တုန်းမြို့ ငြိမ်းချမ်းမြေခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးထိန်လင်း
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ စက်မှု(၁)**
**အသက်(၈၁)နှစ်**

ဒေါ်ခင်ဌေးလင်း(Director Yuzana Group of Companies)၏ ချစ်လှစွာသောဖခင်ကြီး ဦးထိန်လင်းသည် ၂၆-၅-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၉း၀၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်/နည်းပြအဖွဲ့၊ ကစားသမားများ**
**Southern Myanmar FC**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးထိန်လင်း(ခ) Tommy Lim
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ စက်မှု(၁)**
**Auditor & Financial Consultant, Khin Su Htay & Associates**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ပြည်လမ်း၊ မာလာလမ်းသွယ်၊ အမှတ် (၆၁၅/R)နေ ဒေါ်ခင်စုဌေး [ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှု(၁)]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဌေးလင်း၊ ဒေါက်တာသန့်စင်-ဒေါက်တာစုစုလင်း၊ ဒေါ်ခင်ဌေးလင်း(Director, Yuzana Group of Companies)တို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၆-၅-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၉း၀၃ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ Samitivej Sukhumvit Hospital၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကော့သောင်းယုဇနဆီအုန်းဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### သီရိသုဓမ္မမဏိဇောတဓရ ဦးရွှေမြ
**(တိုင်းရင်းဆေးသမားတော်ကြီး)**
**အသက်(၇၃)နှစ်**

ရခိုင်ပြည်နယ် ဓမ္မာရုံနာယကကြီး ဦးရွှေမြသည် ၂၇-၅-၂၀၁၆ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်)**

### ဗိုလ်မှူးတင်ထွဋ်
**ကြည်း-၁၁၂၅၆**
**စစ်တက္ကသိုလ်အမှတ်စဉ်(၉)**
**အသက်(၇၂)နှစ်**

မော်လမြိုင်ကျွန်းမြို့နေ (ဦးသောင်း-ဒေါ်ရီရီ)တို့၏သား၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ တိုက်အမှတ် ၂၆၄၊ အခန်း ၁၀၁နေ ဒေါ်ခင်မေသန်း၏ ခင်ပွန်း၊ ဦးမျိုးထွဋ်-ဒေါ်အေးအေးမာ၊ မနီနီမာတို့၏ဖခင်၊ မောင်ထက်ပိုင်ထူး၏ အဘိုးသည် ၃၀-၅-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၅း၀၅နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃၁-၅-၂၀၁၆ ရက်(အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးအေးမော် (ပေါက်ခေါင်းမြို့)
**အသက်(၅၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့၊(၄)ရပ်ကွက်၊ ရွာမလမ်းနေ (ဦးဝင်းရှိန်-ဒေါ်မြကျွေ)တို့၏သား၊ (ဦးလှအုန်း)-ဒေါ်သိန်းကြည်တို့၏သားသမက်၊ ဒေါ်စန်းစန်းနွယ်(မြို့နယ်သူနာပြုအဆင့်-၁၊ ပေါက်ခေါင်းမြို့ ပြည်သူ့ဆေးရုံ)၏ချစ်လှစွာသောခင်ပွန်း၊ မခင်ခင်ဆု(ဒု-ဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်)၊ မခင်ဦးချယ်(တက္ကသိုလ်ဝင်တန်း၊ အထက-ပေါက်ခေါင်း)တို့၏ချစ်လှစွာသောဖခင်သည် ၃၁-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ပေါက်ခေါင်းမြို့ သရက်တောသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးအေးမော် (ပေါက်ခေါင်းမြို့)
**အသက်(၅၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့၊(၄)ရပ်ကွက်၊ ရွာမလမ်းနေ (ဦးဝင်းရှိန်-ဒေါ်မြကျွေ)တို့၏သား၊ ဦးရဲမြင့်ဖေ(စံတော်ချိန်နေ့စဉ်)-ဒေါ်စန်းစန်းဝေ(ဒဂုံ-အလက-၂၊ ငြိမ်း)၊ ဦးခင်ဇော်-ဒေါ်နုနုဆွေ(ဒု-ညွှန်မှူး၊ ကချင်ပြည်နယ်လွှတ်တော်)၊ ဦးကျော်ဆန်း(နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးအဖွဲ့ဝင်) - ဒေါ်သင်းသင်းအေး (ဒု-ညွှန်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်)၊ ဒုတိယဗိုလ်မှူးကြီးကိုကိုဇော်(ငြိမ်း)-ဒေါ်စန္ဒာမြင့်တို့၏ညီ/မောင်၊ ဒေါ်ဖြူဖြူခိုင် [စာရေးဆရာမခြူးနွယ် (ပေါက်ခေါင်း)]၏ အစ်ကိုလေးသည် ၃၁-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ပေါက်ခေါင်းမြို့ သရက်တောသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### မောင်ရဲစည်သူ(ခ)မောင်ရဲဇင်သန့်
**အသက်(၂၆)နှစ်**

မောင်ရဲစည်သူ(ခ)မောင်ရဲဇင်သန့် Finance Dept: (FCGC Co., Ltd.) သည် ၂၈-၅-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**FCGC Co.,Ltd.**
**ဝန်ထမ်းမိသားစုများ**

# မြန်မာရေလုပ်သား ၁၂၉ ဦး အိန္ဒိယနိုင်ငံမှမြန်မာပြည်သို့ ပထမအသုတ်ပြန်လည်ရောက်ရှိ

**သတင်း၊ ဓာတ်ပုံ-ဇော်မင်းလတ်**

**ရန်ကုန် မေ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အိန္ဒိယသမ္မတနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိသွားသည့် မြန်မာရေလုပ်သားများအား ပြန်လည်ခေါ်ယူ၍ မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းနိုင်ရေးကို စီစဉ်ကြိုးစားဆောင်ရွက်ပေးလျက်ရှိသည်။

အိန္ဒိယနိုင်ငံရောက် မြန်မာရေလုပ်သားအများစုမှာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံရေပိုင်နက်အနီးတွင် ပင်လယ်မျှော့များ၊ ငါးများဖမ်းကြရာမှ လေမုန်တိုင်းမိခြင်း၊ ရေယာဉ်များ စက်ချွတ်ယွင်း၍ နစ်မြုပ်ခြင်း၊ ရေပိုင်နက် မှားယွင်းဝင်ရောက်မိခြင်းစသည်တို့ကြောင့် အိန္ဒိယရေတပ်၏ ထိန်းသိမ်းခြင်းခံကြရသူများ ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၃* ✻



ပထမအသုတ် ပြန်လည်ခေါ်ယူသော မြန်မာရေလုပ်သား ၁၂၉ ဦးတို့အား ပို့ဘလဲယားလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သယ်ဆောင်လာသည့် လေယာဉ်ပေါ်တွင် တွေ့ရစဉ်

# သစ်အခြေခံစက်ရုံမှ လမ်းလျှောက်ဆန္ဒပြခဲ့သည့် ထိန်းသိမ်းခံ အလုပ်သမား ၅၁ ဦးအနက် ၃၆ ဦးကို နေရပ်သို့ ပြန်လည်ပို့ဆောင်



ရမည်းသင်း ဗဟိုအကျဉ်းထောင်မှ လွှတ်မြောက်လာသည့် ဆန္ဒပြအလုပ်သမားများအား တွေ့ရစဉ်

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-လှိုင်သန်းတင့်(ရမည်းသင်း)**

**ရမည်းသင်း မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး စက်မှုဇုန်ရှိ Myanmar Veneer သစ်အခြေခံစက်ရုံမှ နေပြည်တော်သို့ လမ်းလျှောက်ဆန္ဒပြခဲ့သည့် အလုပ်သမားအဖွဲ့မှ ထိန်းသိမ်းခံခဲ့ရသော အဖွဲ့ဝင် ၅၁ ဦးအနက် ၃၆ ဦးကို မေ ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရမည်းသင်း ဗဟိုအကျဉ်းထောင်မှ လွှတ်ပေးလိုက်ပြီ ဖြစ်သည်။

စစ်ကိုင်းမြို့မှတစ်ဆင့် နေပြည်တော်သို့ လမ်းလျှောက်ချီတက်ဆန္ဒပြခဲ့ကြရာ မေ ၁၇ရက် ညနေပိုင်းက တပ်ကုန်းမြို့အဝင်တွင် ထိန်းသိမ်းခံခဲ့ရခြင်းဖြစ်သည်။ ယင်းထိန်းသိမ်းခံအလုပ်သမား ၅၁ ဦး အနက် ကိုအောင်ဖြိုး၊ ကိုနိုင်ဦး၊ ကိုဝင်းကိုကို အပါအဝင် ဆန္ဒပြအလုပ်သမား *စာမျက်နှာ ၁၄ ကော်လံ ၁* ❐

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

**ရွှေ့ပြောင်းအလုပ်သမားများအရေး အပါအဝင် ပြည်သူ့အကျိုးကို တိုက်ရိုက်ဖော်ဆောင်မည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရက် ၁၀၀**



သတင်းဆောင်းပါး-သီသီမင်း စာ-၁၆၊ ၁၇